# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## ခိုင်မာမြဲမြံစွာရပ်တည်နိုင်

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့လည်းကောင်း ခိုင်မာမြဲမြံစွာရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော်ပူဇော်ကန်တော့ရာ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၅)


၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက် | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၁၀၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြား

## ပြည်ထောင်စုနေ့ အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် ကျန်းမာရေး၊ လုံခြုံရေးကို အထူးဂရုစိုက်စိစစ်ပြီး သေသေချာချာ တိတိကျကျ စစ်ဆေးဆောင်ရွက်ရမည်

နေပြည်တော် ဇန်နဝါရီ ၈

(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၂၄ ခုနှစ် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ◆*

### ယနေ့ ဖတ်စရာ


မြန်မာ့စိုက်ပျိုးရေးထွက်ကုန် ထောပတ်သီးများ ထိုင်းနိုင်ငံသို့ ယခုထောပတ်သီးရာသီအတွင်း တန်ချိန် ၂၅၀၀ ခန့်အထိ တင်ပို့ထားပြီးဖြစ် — ပြည်တွင်းသတင်း စာ ၃

ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေး

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် အစားထိုးခန့်အပ် — ပြည်တွင်းသတင်း စာ ၄

အစဉ်အလာမရှိုင်း ခိုင်မြဲသည့်ယုံကြည်ချက် ခံယူချက်များနှင့်အတူ စည်းရုံးကြမည့် သူရဲကောင်းများ — ဆောင်းပါး စာ ၆

မြန်မာ့အလင်း

## မဖြစ်မနေ ပြုစုပျိုးထောင်ကြရမည့် နိုင်ငံ့အနာဂတ်အတွက် အညွန့်အဖူးများ

ဆင်းရဲနွမ်းပါးမှုသည် ကျောင်းနေအရွယ်ကလေးငယ်အား စာသင်ခန်းကို စွန့်ခွာစေကာ လုပ်ငန်းခွင်များဆီသို့ ရောက်ရှိသွားစေသည်။ ကမ္ဘာပေါ်တွင် အသက် ၅ နှစ်မှ ၁၇ နှစ်အကြား ကလေးအလုပ်သမား ၁၅၂ သန်းခန့်ရှိသည့်အနက်မှ ၇ ဒသမ ၄ ရာခိုင်နှုန်းသည် အာရှ-ပစိဖိတ်ဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စိုက်ပျိုးရေးကဏ္ဍများထဲတွင် အများဆုံးရှိနေကြသည်။ ၂၀၁၅ ခုနှစ် စစ်တမ်းတစ်ရပ်အရ မြန်မာနိုင်ငံတွင် ကလေးအလုပ်သမား ၁ ဒသမ ၁ သန်းကျော်ရှိနေပြီး ၎င်းတို့ထဲမှ ခြောက်သိန်းကျော်မှာ အန္တရာယ်ရှိသော အလုပ်များတွင် လုပ်ကိုင်နေကြရသည်ဟု ဆိုသည်။

၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်း အစီရင်ခံစာတွင် သူငယ်တန်းမှ ကျောင်းဝင်လာသူများအနက် ကျောင်းသားအများစုသည် မူလတန်းပြီးဆုံးချိန်တွင် ကျောင်းထွက်သွားကြပြီး အသက် ၁၂ နှစ်မှစ၍ ကျောင်းတက်နှုန်း စတင်ကျဆင်းလာကာ အသက် ၁၄ နှစ်နောက်ပိုင်း အလယ်တန်းပြီးမြောက်ချိန်တွင် သိသိသာသာ ကျဆင်းလာကြောင်း ဖော်ပြထားသည်။ ငွေကြေးမတတ်နိုင်ခြင်း၊ အိမ်အလုပ်တွင် ကူညီရခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွင် ဝင်ကူညီရခြင်းတို့သည် ကလေးများကျောင်းထွက်ရခြင်း၏ အဓိကအကြောင်းရင်းများတွင် ပါဝင်နေပြီး ကျောင်းထွက်သွားသူကလေးအများစုမှာ မိသားစု၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ၊ အခြားဝင်ငွေရလုပ်ငန်းခွင်များဆီသို့ ရောက်ရှိသွားကြခြင်းပင်ဖြစ်သည်။

အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်းရှိ ကလေးများ လုပ်ငန်းခွင်များသို့ ဝင်ရောက်အလုပ်လုပ်ခြင်းဖြစ်စေ၊ အခကြေးငွေမရဘဲ အန္တရာယ်ရှိသည့် အိမ်မှုကိစ္စလုပ်ကိုင်ရခြင်းဖြစ်စေ ကလေးအလုပ်သမားဟုပင် သတ်မှတ်ထားခြင်းဖြစ်သည်။ ဘေးအန္တရာယ်ရှိစေသော၊ ကျန်းမာရေးကို ထိခိုက်စေသော၊ ပညာသင်ကြားနိုင်သည့် အခွင့်အရေးကို အနှောင့်အယှက်ဖြစ်စေသော၊ စာရိတ္တနှင့် ဂုဏ်သိက္ခာကို ထိခိုက်စေသော နည်းလမ်းများဖြင့် လူငယ်များကို အလုပ်ခိုင်းစေခြင်းမပြုရန် ဥပဒေပြဋ္ဌာန်းချက်ရှိသကဲ့သို့ အသက် ၁၈ နှစ်မပြည့်သေးသည့် မည်သည့်အလုပ်သမားကိုမျှ အန္တရာယ်ရှိသည်ဟု သတ်မှတ်ထားသော လုပ်ငန်းခွင်များတွင် အလုပ်မလုပ်စေရန်လည်း ဥပဒေပြဋ္ဌာန်းချက်ရှိသည်။ သို့ရာတွင် လေထဲတွင် ပျံ့လွင့်နေသည့် ဖုန်မှုန့်၊ ကျောက်မှုန့်များ၊ အန္တရာယ်ရှိ အခိုးအငွေ့များ၊ အဆက်မပြတ်ထွက်ပေါ်နေသည့် ဆူညံသံများနှင့် တုန်ခါမှုများ၊ အပူဒဏ်များ၊ အဆင်မပြေသော ခန္ဓာကိုယ်အနေအထားနှင့် လုပ်ကိုင်ရသောအလုပ်များ၊ လည်ပတ်နေသော စက်ကြိုးများနှင့် ယန္တရားများ၊ ဓာတ်ကြိုးများနှင့် လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ စသည့် အန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် အလုပ်လုပ်နေကြသည့် အသက်မပြည့်သူကလေးများကို မကြာခဏတွေ့ရှိရသည်။

ကိုဗစ် - ၁၉ ကပ်ရောဂါ၏ သက်ရောက်မှု ကာလရှည်ကြာခဲ့ခြင်း၊ နိုင်ငံအတွင်း မတည်မငြိမ်မှုများ ဖြစ်ပေါ်လာခြင်းတို့၏ အကျိုးဆက်များက နိုင်ငံ၏စီးပွားရေးကို ထိခိုက်စေသည်ဖြစ်ရာ ကလေးအလုပ်သမားဦးရေ ပိုမိုများပြားလာအောင် တွန်းအားပေးနေသကဲ့သို့ပင် ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားဦးရေ၏ ၇၀ ဒသမ ၉ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်နေကြပြီး ၁၂ ရာခိုင်နှုန်းသည် စက်မှုကုန်ထုတ်လုပ်ငန်းများတွင် လည်းကောင်း၊ ၁၁ ရာခိုင်နှုန်းသည် လက်လီလက်ကား ရောင်းဝယ်ရေးနှင့် ယာဉ်၊ စက်ပြင်ဆင်ရေးလုပ်ငန်းများတွင်လည်းကောင်း ဝင်ရောက်လုပ်ကိုင်နေကြခြင်းဖြစ်ကြောင်း သုတေသနအစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။ ကလေးအလုပ်သမား အများစုကြီး ကျေးလက်ဒေသများရှိ စိုက်ပျိုးရေးလုပ်ငန်းခွင်များတွင် ရှိနေခြင်းက ကလေးအလုပ်သမားပပျောက်ရေး ဆောင်ရွက်ရာတွင် ကျေးလက်ဒေသများကို ဦးတည်၍ အသိပညာပေးမှုများ ထိထိရောက်ရောက်တိုးမြှင့်ပေးရန်လိုအပ်ချက်ကို ပြဆိုနေခြင်းပင်ဖြစ်သည်။ ယခုအခါ နိုင်ငံတော်တွင် အခြေခံပညာအလယ်တန်းအထိ အခမဲ့ပညာရေးအကောင်အထည်ဖော်ပေးထားပြီး အလယ်တန်းပညာရေး အောင်မြင်ပြီးမြောက်ပါက စက်မှု၊ စိုက်ပျိုး၊ မွေးမြူအသက်မွေးဝမ်းကျောင်းပညာရေးသို့ ဆက်လက်သင်ကြားနိုင်ရန် ပညာရေးလမ်းကြောင်းများ ရှိနေပြီဖြစ်သည့်အပြင် နိုင်ငံတစ်ဝန်း၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတွဲဖက်သင်ကြားသည့် အခြေခံပညာအထက်တန်းကျောင်းပေါင်း ၈၅ ကျောင်းအထိ ရှိလာပြီဖြစ်သည်။

ကလေးများသည် နိုင်ငံ၏ အနာဂတ်အင်အားများဖြစ်ရာ အရွယ်မတိုင်မီ လုပ်ငန်းခွင်၌ခိုင်းစေခြင်းသည် ကလေး၏ ပညာသင်ကြားမှု အခွင့်အရေးကို ဆုံးရှုံးစေခြင်း၊ ကလေး၏ အနာဂတ်ကို ချိုးနှိမ်ဖျက်ဆီးခြင်းဖြစ်သလို နိုင်ငံအတွက်လည်း လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးစေခြင်း ဖြစ်သည့်အလျောက် ကလေးအလုပ်သမားပပျောက်ရေး အားသွန်ခွန်စိုက် ကြိုးပမ်းကြရပါမည့်အကြောင်း။ ။

## တရားမအထူးအယူခံမှု (၅) မှု စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု (၅)မှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်၊ ဦးသိန်းကိုကို၊ ဒေါ်ပြုံးပြုံးအေးတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု အမှတ် ၂၆/၂၀၂၂ (မန္တလေး)၊ ၇/၂၀၂၃ (ပဲခူး)၊ ၁၈/၂၀၂၃ (ရန်ကုန်)၊ ၃၇/၂၀၂၃ (ရှမ်း) နှင့် ၃၈/၂၀၂၃(မကွေး)၊ စုစုပေါင်း တရားမအထူးအယူခံမှု (၅)မှု တို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၁၉/၂၀၂၂ (ဧရာဝတီ)၊ ၁၇/၂၀၂၃ (တနင်္သာရီ)၊ ၁၉/၂၀၂၃ (ဧရာဝတီ)၊ ၂၃/၂၀၂၃ (ရန်ကုန်)၊ ၃၉/၂၀၂၃ (ရန်ကုန်)၊ စုစုပေါင်း တရားမအထူးအယူခံမှု (၅)မှု တို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကျူအာရ်ကုတ်ဖြင့် ဝိုင်ဘီအက်စ် ယာဉ်စီးခပေးချေနိုင်မည့် အက်ပလီကေးရှင်း မိတ်ဆက်

**ရန်ကုန် ဇန်နဝါရီ ၈**

ရန်ကုန်မြို့တွင်း အများပြည်သူများ သယ်ယူပို့ဆောင်ရေးအတွက် ပြေးဆွဲလျက်ရှိသည့် ဝိုင်ဘီအက်စ်(YBS) ယာဉ်များတွင် ကျူအာရ်ကုတ်(QR Code) စနစ်ကို အသုံးပြုပြီး ယာဉ်စီးခပေးချေနိုင်မည့် MPyps + Application မိတ်ဆက်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ YRTC ရုံး၌ ကျင်းပသည်။

အဆိုပါ အက်ပလီကေးရှင်းဝန်ဆောင်မှုကို Asia Starmar Transport Intelligent ကုမ္ပဏီလီမိတက်နှင့် Myanma Platform တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ယင်းအက်ပလီကေးရှင်းကို Playstore မှ ဒေါင်းလုပ်ရယူနိုင်ကြောင်း သိရသည်။

YBS ကတ် အသုံးပြုသူများအနေဖြင့် ၎င်းအပလီကေးရှင်းမှတစ်ဆင့် ကတ်အတွင်းရှိ လက်ကျန်ငွေစစ်ဆေးခြင်း အပါအဝင် ငွေဖြည့်သွင်းခြင်း၊ ယာဉ်စီးခကျသင့်ငွေစစ်ဆေးခြင်းနှင့် ယာဉ်စီးနင်းခဲ့သည့်အချိန်များကိုပါ စစ်ဆေးနိုင်ကြောင်း၊ ငွေပေးချေမှုသီးသန့်သက်သက်မဟုတ်ဘဲ Life Style ပုံစံပြုလုပ်ထားခြင်းဖြစ်ပြီး အလုပ်အကိုင်၊ ကျန်းမာရေး စသည့်သတင်းအချက်အလက်များအပြင် တခြားဖျော်ဖြေရေးကဏ္ဍများလည်း ပါဝင်ကြောင်း၊ ဖုန်းရှိရုံဖြင့် ယာဉ်စီးခပေးချေနိုင်အောင် ရည်ရွယ်ပြီး လုပ်ဆောင်ထားကြောင်း Asia Starmar Transport Intelligent Co.,Ltd မှ Chief Operating Officer ကိုကျော်သိန်းက ဆိုသည်။

ယင်း YPS QR Code ဖြင့် ယာဉ်စီးခပေးချေနိုင်မည်ဆိုပါက ငွေအကြွေရှားပါးမှုအခက်အခဲကိုလည်း အထိုက်အလျောက် ပြေလည်သွားစေနိုင်ကာ ငွေဖြည့်သွင်းမှုများလည်း ပိုမိုအဆင်ပြေစေနိုင်မည်ဖြစ်သည်။ လက်ရှိတွင် YPS ကတ်ဖြင့် ယာဉ်စီးခပေးချေနိုင်သည့်စနစ်ကို ဝိုင်ဘီအက်စ်ယာဉ်လိုင်း ၁၈ လိုင်းရှိ ယာဉ်စီးရေ ၃၅၈၀ တွင် တပ်ဆင်ထားပြီး ဆက်လက်တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ကြောင်း၊ YPS ကတ်အရေအတွက် လေးသိန်းခန့် ဖြန့်ချိထားနိုင်ပြီး အဆိုပါအရေအတွက်၏ ၅၀ ရာခိုင်နှုန်းကျော်မှာ အသုံးပြုလျက်ရှိကြောင်း၊ ရန်ကုန်မြို့တွင်း၌ ဝိုင်ဘီအက်စ်ယာဉ်လိုင်း ၁၃၁ လိုင်းမှယာဉ်အစီးရေ ၃၆၀၀ ကျော်ဖြင့် ခရီးသွားပြည်သူဦးရေ ၁၅၀၀၀၀၀ ခန့်ကို နေ့စဉ်သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**အာကာလင်း**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၁-၂၀၂၄

ကျပ်/လီတာ

| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၁၄ | ၂၄၉၆ |
| 95 Ron | ၂၅၁၃ | ၂၅၉၇ |
| HSD (500 ppm) | ၂၂၀၇ | ၂၂၈၀ |
| HSD (50 ppm) | ၂၂၈၈ | ၂၃၆၃ |
| HSD (10 ppm) | ၂၂၉၆ | ၂၃၇၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

**ပြည်ထောင်စုသားများ စည်းလုံးညီ ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ**

◆ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့်အစည်းအဝေးသည် ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်(၅)ရပ်နှင့်အညီ ကျင်းပနိုင်ရန် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီ၏ ပထမအကြိမ်ပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း။

**ဦးတည်ချက်များနှင့်အညီကျင်းပသွားမည်**

၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို အမျိုးသားရေးဦး တည်ချက်(၅)ရပ်ဖြစ်သည့် ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ အတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊ တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး၊ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေးဆိုသည့် ဦးတည်ချက်များနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း။

**"ပြည်ထောင်စုနေ့အခမ်းအနားတွင် နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည့် MSME လုပ်ငန်းများနှင့် ပတ်သက်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် One Region One Product အစီအစဉ်ထုတ်ကုန်အပါအဝင် မိမိပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အခြားသော ထုတ်ကုန်အမည်အမျိုးမျိုးကို ပါဝင်ပူးပေါင်းခင်းကျင်းပြသခြင်းဖြင့် မိမိတို့ ထုတ်ကုန်များအား အချင်းချင်းပညာရပ်ဆိုင်ရာ ဖလှယ်နိုင်ခြင်း၊ ပြည်သူများ အသိပညာတိုးလျက် ပြည်တွင်းဖြစ်ကို ပိုမိုဝယ်ယူအားပေးလာနိုင်ခြင်း၊ ထုတ်ကုန်ပစ္စည်းများ၏ လုပ်ငန်းသဘောသဘာဝနှင့် ထပ်မံ၍ အနာဂတ်အတွက် ရည်ရွယ်ထားသော လုပ်ငန်းများအတွက် အကြံဉာဏ် အတွေးအခေါ်ကောင်းများ ရရှိစေခြင်း စသည့်ရည်ရွယ်ချက်များနှင့်အညီ MSME ပြခန်းများ ခင်းကျင်းပြသသင့်ပါကြောင်း"**

ပြည်ထောင်စုနေ့အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်ပြီး နှစ်စဉ်ကျင်းပလျက်ရှိသည့် အခမ်းအနားဖြစ်သောကြောင့် အတွေ့အကြုံများရှိကြပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာကော်မတီများနှင့် ဆပ်ကော်မတီများအနေဖြင့် ယခင်နှစ်များက အခမ်းအနား၏ အတွေ့အကြုံများကိုလေ့လာပြီး ချို့ယွင်းချက်၊ အားနည်းချက်နှင့် အခက်အခဲများ မဖြစ်ပေါ်စေရန်အတွက် ယခုနှစ်တွင် ပိုမိုကောင်းမွန်ပြည့်စုံစေရေး အချင်းချင်းပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

**အသေးစိတ်ရှင်းလင်းတင်ပြ**

ယနေ့ကျင်းပသည့် ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးမတိုင်မီကပင် ပြည်ထောင်စုနေ့ကျင်းပရေး ကော်မတီ(၇)ခုနှင့် ဆပ်ကော်မတီ (၈) ခုက ဆောင်ရွက်သင့်သည့် ကိစ္စများကို ကြိုတင်အတည်ပြုချက်၊ ညွှန်ကြားချက်များရယူပြီး ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ယခုညှိနှိုင်းအစည်းအဝေးတွင် ကော်မတီအသီးသီးနှင့် ဆပ်ကော်မတီအသီးသီးက မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို အသေးစိတ်ရှင်းလင်းတင်ပြသွားကြရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာလ ပြီးဆုံးသွားသော်လည်း ကိုဗစ်-၁၉ ရောဂါပိုးများသည် အနည်းနှင့်အများ ကူးစက်နိုင်သည့်အတွက် ယခုအခမ်းအနားသို့ လာရောက်ကြမည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ဧည့်သည်တော်များအားလုံး ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်(၅) ရပ်နှင့် ဒို့တာဝန်အရေး(၃)ပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဦးတည်ချက်များနှင့်အညီ တိုင်းရင်းသားများစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးအတွက် အဓိကထားပြီး ရည်ရွယ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားများအားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**တိတိကျကျစစ်ဆေးဆောင်ရွက်ရမည်**

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၅ရက်တွင်လည်း မိမိတို့နိုင်ငံ၏ နှစ်ပေါင်း ၇၀ ကျော်ကြာ လူမျိုးစုလက်နက်ကိုင် ပဋိပက္ခများ အဆုံးသတ်နိုင်ရန်အတွက် တွေ့ဆုံဆွေးနွေးညှိနှိုင်းရေးဟူသော နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ကို အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ သဘောတူထူထောင်ခဲ့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ခမ်းနားထည်ဝါစွာ ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုနေ့ အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် ကျန်းမာရေး၊ လုံခြုံရေးကို အထူးဂရုစိုက်စိစစ်ပြီး သေသေချာချာ တိတိကျကျ စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ ယခင်အခမ်းအနားများထက်ပို၍ တင်းတင်းကျပ်ကျပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

သက်ဆိုင်ရာကော်မတီများနှင့် ဆပ်ကော်မတီအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် အခမ်းအနား အစမ်းလေ့ကျင့်ခြင်းနှင့် အခမ်းအနားကျင်းပသည့်အခါတွင် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လုံခြုံရေး လျော့နည်းဖြစ်စဉ်များ မဖြစ်ပေါ်စေရေး ကြိုတင်ဇာတ်တိုက်လေ့ကျင့်ထားခြင်းများ ပြုလုပ်ရန်လိုအပ်ကြောင်း၊ ပြည်ထောင်စုနေ့ အခမ်းအနားတွင် နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည့် MSME လုပ်ငန်းများနှင့် ပတ်သက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် One Region One Product အစီအစဉ်ထုတ်ကုန်အပါအဝင် မိမိပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အခြားသော ထုတ်ကုန်အမည်အမျိုးမျိုးကို ပါဝင်ပူးပေါင်းခင်းကျင်းပြသခြင်းဖြင့် မိမိတို့ ထုတ်ကုန်များအား အချင်းချင်းပညာရပ်ဆိုင်ရာ ဖလှယ်နိုင်ခြင်း၊ ပြည်သူများ အသိပညာတိုးလျက် ပြည်တွင်းဖြစ်ကို ပိုမိုဝယ်ယူအားပေးလာနိုင်ခြင်း၊ ထုတ်ကုန်ပစ္စည်းများ၏ လုပ်ငန်းသဘောသဘာဝနှင့် ထပ်မံ၍ အနာဂတ်အတွက် ရည်ရွယ်ထားသော လုပ်ငန်းများအတွက် အကြံဉာဏ် အတွေးအခေါ်ကောင်းများ ရရှိစေခြင်း စသည့်ရည်ရွယ်ချက်များနှင့်အညီ MSME ပြခန်းများ ခင်းကျင်းပြသသင့်ပါကြောင်း၊ ပြခန်းများ လာရောက်၍ ထုတ်ကုန်ပစ္စည်းများ လေ့လာဝယ်ယူအားပေးစဉ် ပြခန်းများနှင့် တွဲလျက် ဒေသအစားအစာများ နှစ်သက်ရာစားသုံးနိုင်ရန်နှင့် ဖျော်ဖြေရေးကဏ္ဍများတွဲလျက် ဆောင်ရွက်ပါက ပို၍ကောင်းမွန်သောအစီအမံများ ဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ ပြပွဲမှတစ်ဆင့် နိုင်ငံ့အတွက် MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး မိမိထုတ်ကုန်ပစ္စည်းများကို ကောင်းသော ယှဉ်ပြိုင်ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းသုံးထုတ်ကုန်ပစ္စည်းများမှ ပြည်ပတင်ပို့နိုင်သည့် အမယ်သစ်အရည်အသွေးကောင်း ထုတ်ကုန်ပစ္စည်းများ ဖြစ်ပေါ်စေပြီး MSME လုပ်ငန်းများမှာလည်း ပြည်တွင်း၌ပင် ပိုမိုတိုးတက်ဖွံ့ဖြိုးလာနိုင်မည်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၄ သို့*

- **❖ ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေး ဦးတည်ချက်(၅)ရပ်နှင့် ဒို့တာဝန်အရေး (၃)ပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဦးတည်ချက်များနှင့်အညီ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးအတွက် အဓိကထားပြီး ရည်ရွယ်ဆောင်ရွက်သွားကြရမည်**
- **❖ တိုင်းရင်းသားများအားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားရမည်**

## မြန်မာ့စိုက်ပျိုးရေးထွက်ကုန် ထောပတ်သီးများ ထိုင်းနိုင်ငံသို့ ယခုထောပတ်သီးရာသီအတွင်း တန်ချိန် ၂၅၀၀ ခန့်အထိ တင်ပို့ထားပြီးဖြစ်

**ရန်ကုန် ဇန်နဝါရီ ၈**

ထောပတ်သီးရာသီ၌ မြန်မာ့စိုက်ပျိုးရေးထွက်ကုန်သီးနှံဖြစ်သော ထောပတ်သီးများကို ထိုင်းနိုင်ငံတစ်ခုတည်းကိုသာ တင်ပို့နေပြီး လက်ရှိအချိန်အထိ တန်ချိန် ၂၅၀၀ ခန့်အထိ တင်ပို့ထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးရောင်းချသူများအသင်းမှ တာဝန်ရှိသူက ပြောသည်။

"အခုလက်ရှိကတော့ ထိုင်းနိုင်ငံတစ်ခုတည်းကိုပဲ တင်ပို့နေတယ်။ ထောပတ်သီးရာသီအစကနေ လက်ရှိအချိန်ထိ ထောပတ်သီးအမျိုးအစားမျိုးစုံအကုန်လုံး တန် ၁၀၀၀ ကနေ ၂၅၀၀ လောက်အထိ တင်ပို့ဖြစ်ခဲ့တယ်။ ထောပတ်သီးရာသီကတော့ ၈ လပိုင်းကနေစပြီး အမျိုးအစားပေါ်မူတည်ပြီး အမျိုးမျိုးရှိတယ်"ဟု ပြောကြားသည်။

လက်ရှိထိုင်းနိုင်ငံသို့ တာချီလိတ်နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့်တင်ပို့နေပြီး ဈေးနှုန်းအနေဖြင့် တစ်ကီလိုလျှင် ငွေကျပ် ၃၀၀၀မှ ၄၀၀၀ ကြားသာရရှိ၍ ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းကျဆင်းနေကြောင်းလည်း ပြောကြားသည်။

"ထိုင်းတစ်နိုင်ငံတည်းကို တင်ပို့နေတဲ့အတွက် ဈေးကွက်ကျဆင်းနေတယ်။ မနှစ်က ဒီအချိန်ဆိုရင် တစ် ကီလိုကို ငွေကျပ် ၆၀၀၀ ကနေ ၈၀၀၀ ကြားရရှိနေတာ။ အခုထောပတ်သီးရာသီမှာက ၁ ကီလိုကို ငွေကျပ် ၃၀၀၀ ကနေ ၄၀၀၀ ကြားပဲရတယ်"ဟု ဆိုသည်။

ပြည်တွင်းဈေးကွက်၌ လက်ကားဈေးနှုန်းအနေဖြင့် ထောပတ်သီးတစ်ကီလိုလျှင် ငွေကျပ် ၄၀၀၀ မှ ၇၀၀၀ ကြားအထိရရှိပြီး ဝယ်လိုအားနည်းကြောင်းလည်း ပြောကြားသည်။

ယခုထောပတ်သီးရာသီတွင် အိန္ဒိယမှ တန်ချိန် ၁၀၀၀ ဝယ်ယူရန် ကမ်းလှမ်းထားမှုများရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တင်ပို့နိုင်ခြင်းမရှိခဲ့ကြောင်းလည်း အထက်ပါတာဝန်ရှိသူက ပြောကြားသည်။

"အိန္ဒိယကို ဒီရာသီမှာက ပို့လို့ မရနိုင်တော့ဘူး။ တင်ပို့ဖို့က နောက်လည်းကျသွားပြီ။ ပြီးတော့ တင်ပို့ဖို့မရတဲ့ အကြောင်းရင်းတွေက ရာသီဥတု အခြေအနေကြောင့်၊ ငွေကြေးလဲလှယ်နှုန်းကလည်း မတည်ငြိမ်တော့ တောင်သူတွေကို ဘယ်ဈေးပေးရမလဲဆိုတာ မသိဘူး။ တချို့ စည်းမျဉ်းစည်းကမ်းတွေကို မကျော်ဖြတ်နိုင်တာတွေကြောင့် အကြောင်းအမျိုးမျိုးကြောင့်ပါ"ဟု ၎င်းက ပြောကြားသည်။

**MT**

# ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၃ / ၂၀၂၄**

၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်

(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)

**ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါဝန်ကြီးဌာနများ၏ ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးကိုကိုလှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁)
(၂) ဦးအောင်နိုင်ဦး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂)
(၃) ဗိုလ်ချုပ်ကြီး မိုးအောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၄)

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် အစားထိုးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၄ / ၂၀၂၄**

၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်

(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)

**အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတို့အား အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဘက်ပေါင်းစုံမှ လေ့လာသုံးသပ်အကြံပြုနိုင်ရန်အတွက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်တာဝန်ပေးထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် **အစား** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၄)၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်အား အစားထိုးခန့်အပ် တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

*စာမျက်နှာ ၃ မှ*

ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို တိတိကျကျ ဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း အခမ်းအနား ကျင်းပနေစဉ်အတွင်း ထူးခြားဖြစ်စဉ်များဖြစ်ပေါ်လာပါကလည်း အချိန်နှင့်တစ်ပြေးညီ သိရှိပြီး ဖြေရှင်းနိုင်မည့် နည်းလမ်းများကို စီမံချက်ရေးဆွဲ၍ ကြိုတင်ဇာတ်တိုက် လေ့ကျင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ထောင်စုနေ့နှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရေဒီယို၊ သတင်းစာများ၊ ရုပ်မြင်သံကြားတို့တွင် ဆွေးနွေးပွဲ စကားဝိုင်းများနှင့် သိသင့်သိထိုက်သည့်များကို ကြိုတင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ယနေ့အစည်းအဝေးတွင် ကြိုတင်ခွင့်ပြုထားသည့် ကော်မတီများနှင့် ဆပ်ကော်မတီများက မိမိတို့လုပ်ငန်းများဆောင်ရွက်နေမှု၊ ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းဆွေးနွေးတင်ပြ**

ယင်းနောက် လုံခြုံရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ညစာစားပွဲဖျော်ဖြေရေး ဆပ်ကော်မတီ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဆပ်ကော်မတီ၊ သဝဏ်လွှာပြုစုရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် နေရာချထားရေးဆပ်ကော်မတီ၊ မြေစိုက်ပိုစတာများ စိုက်ထူရေးဆပ်ကော်မတီ၊ နိုင်ငံတော်အလံတင် အခမ်းအနားစီစဉ်ရေးဆပ်ကော်မတီ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ရေးဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီ၊ ညစာစားပွဲခင်းကျင်း ကျွေးမွေးရေးဆပ်ကော်မတီနှင့် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီတို့မှ ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားကြမည့် အစီအမံများကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

**ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် ၂၀၂၄ ခုနှစ် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နှစ်သစ်ကာလတွင် မန္တလေးဈေးကွက် ပြည်ပပို့ကုန်ပဲများနှင့်ဆီထွက်သီးနှံများ အရောင်းအဝယ်ကောင်း

**မန္တလေး ဇန်နဝါရီ ၈**

၂၀၂၄ ခုနှစ် နှစ်သစ်ကာလတွင် မန္တလေးဈေးကွက်အတွင်း၌ ပြည်ပပို့ကုန်ပဲများနှင့် ဆီထွက်သီးနှံများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

၂၀၂၃ ခုနှစ်အကုန် ကူးပြောင်းချိန်ကာလတွင် ပြည်ပဈေးကွက်ဝင် ပို့ကုန်များဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံနှင့် ဆီထွက်သီးနှံများသည် အရောင်းအဝယ်များ ပိုမိုကောင်းမွန်နေကြောင်း၊ ယခုနှစ်လက်ရှိအချိန်တွင် မတ်ပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀၊ ပဲစင်းငုံသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀ နှင့် မြေပဲလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၇၂၀၀ ကျော်၊ နှမ်းဖြူသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀၊ နှမ်းနက်သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀ ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ်များ ကောင်းမွန်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"ဈေးကွက်ထဲမှာတော့ ပြီးခဲ့တဲ့နှစ်ထက်စာရင် အိန္ဒိယပို့ကုန်ဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံတွေ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ တရုတ်ပြည်ပို့ကုန်ဖြစ်တဲ့ နှမ်းနဲ့ မြေပဲလုံးဆန်တွေလည်း အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ဒီနှစ်မှာရာသီဥတုက အသင့်အတင့် ကောင်းမွန်တာကြောင့် သီးနှံတွေလည်း ပုံမှန်အတိုင်း ထွက်ရှိလာပါတယ်။ အခုချိန်မှာ ပြည်ပပို့ကုန်ဖြစ်တဲ့ မတ်ပဲ၊ ပဲစင်းငုံ၊ နှမ်း၊ မြေပဲ၊ နှံစားသီးနှံဖြစ်တဲ့ ဂျုံ၊ ပြောင်းတွေ အားလုံးထွက်ရှိလာပါတယ်။ ၂၀၂၄ ခုနှစ်ဟာ ဖောက်သည်နိုင်ငံတွေကလည်း ဝယ်ယူမှုတွေ တိုးတက်များပြားပြီးတော့ စဉ်ဆက်မပြတ် တင်မကဘဲ ပိုမိုဝယ်ယူမှုတွေလည်း တွေ့ရှိရပါတယ်။ မန္တလေးဈေးကွက်ထဲမှာ ပြည်ပပို့ကုန်ပဲမျိုးစုံနဲ့ နှံစားသီးနှံတွေ အရောင်းအဝယ်တွေ ကောင်းနေတယ်။ ဒီနှစ်ဟာ တောင်သူတွေအတွက် မင်္ဂလာရှိတဲ့ နှစ်တစ်နှစ်ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။



လက်ရှိအချိန်တွင် ပြည်ပဈေးကွက်ဝင် ပို့ကုန်ပဲများနှင့် ဆီထွက်သီးနှံများ ဈေးကွက်သို့ ဝင်ရောက်လာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ ယင်းပဲသီးနှံများကို မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ရာသီမရွေးစိုက်ပျိုးကြပြီး ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆောင်းသီးနှံအဖြစ် တစ်ရာသီသာ စိုက်ပျိုးကြကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## ကရင်ရိုးရာ ပျားဖွပ်ပြိုင်ပွဲကို ငါးနှစ်ခန့် ကြာပြီးနောက် ရန်ကုန်မြို့ တိုင်းရင်းသားကျေးရွာ၌ ပြန်လည်ပြုလုပ်မည်

**ရန်ကုန် ဇန်နဝါရီ ၈**

ငါးနှစ်ခန့် ကြာပြီးနောက် ကရင်ရိုးရာ ပျားဖွပ်ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီးတွင် ပြန်လည်ပြုလုပ်မည်ဖြစ်ကြောင်း ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ မန်းသန်းဝင်းဦးက ပြောကြားသည်။

အဆိုပါ ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ တိုင်းရင်းသားကျေးရွာ၌ ဇန်နဝါရီ ၁၁ ရက်တွင် ပြုလုပ်မည့် ကရင်နှစ်သစ်ကူးပွဲတော်တွင် ထည့်သွင်းထားခြင်းသည်။

"ကရင်ပြည်နယ်မှာတော့ တော်တော်လေးကို ပြိုင်ပွဲတွေလုပ်တယ်။ ဒီဘက်မှာတော့ သိပ်မလုပ်ကြဘူး။ ပြီးခဲ့တဲ့ အာလိန် ၅ ဆင့် (စော်ဘွားကြီးကုန်း၊ အာလိန် ၅ ဆင့် ဘုရား) မှာတော့ ပြိုင်ပွဲ လုပ်ခဲ့တာ ရှိပါတယ်။ အခုနောက်ပိုင်းတော့ အာလိန် ၅ ဆင့်မှာလည်း မလုပ်ဖြစ်ဘူး။ အခုဒါကတော့ ပထမဆုံးအကြိမ် ပြန်လုပ်ဖြစ်တာပါ။ ကျွန်တော်ထင်တယ် မလုပ်ဖြစ်တာ ငါးနှစ်လောက်ရှိပြီ" ဟု မန်းသန်းဝင်းဦးက ဆိုသည်။

"ပြိုင်တာကတော့ ဝါးလုံးထမ်းထားတာ နှစ်ယောက်။ အဲဒီဝါးလုံးပေါ်တက်ပြီး ထမ်းထားတဲ့ နှစ်ယောက်ကို ပတ်ရတာ။ မြေကြီးနဲ့ ထိလို့ မရဘူး။ မြေကြီးနဲ့ ထိရင် ရှုံးတယ်။ ငါးမိနစ်မှာ အများဆုံး ပတ်နိုင်တဲ့သူက ပထမပေ့ါ။ ကရင်ရိုးရာ ပျားဖွပ်ပွဲလည်းဆိုတော့ ကရင်ဘိုးဘေးတွေက တောတောင်ထဲမှာ သွားလာနေရင်း ပျားစွဲတဲ့ သစ်ပင်ကို ခုတ်ရာပေးလိုက်ရင် ကျန်တဲ့သူတွေက ဝင်မဖွပ်တော့ဘူး။ အဲဒီလို စည်းကမ်းလေးတွေ ရှိတယ်။ ပျားအုံကလည်း အပင်အမြင့်ကြီးတွေဆိုတော့ သက်လုံကောင်းဖို့လည်းလိုတယ်။ နောက် Teamwork လည်း လိုတယ်။ (ပြိုင်ပွဲဝင်) ပတ်တဲ့သူက ဝါးလုံးကို အနိမ့်အမြင့်လည်း ကစားတာဆိုတော့ Balance လုပ်ဖို့လည်းလိုတယ်" ဟု ရှင်းပြသည်။ **ထက်ဦးမောင်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ဝင်များ၊ (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် မလိခပန်းခြံနှင့် ကတ္တရာလမ်းသစ်များ ဖွင့်ပွဲအခမ်းအနားများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ပထမ (၁)နှစ်ပြည့် မတည်ထောက်ပံ့ငွေ အရင်းနှင့်အတိုးပေးအပ်ပွဲသို့ တက်ရောက်

မြစ်ကြီးနား ဇန်နဝါရီ ၈

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်မည့် (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများသည် ယနေ့ နံနက် ၁၀ နာရီတွင် တပ်မတော်လေယာဉ်ဖြင့် မြစ်ကြီးနားလေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကချင်ပြည်နယ်အတွင်းရှိ ကချင်မျိုးနွယ်စု ၆ မျိုး၊ ရှမ်းမျိုးနွယ်စု ၅ မျိုးနှင့် ဗမာ တိုင်းရင်းသားရိုးရာ အဖွဲ့များက အကအလှများဖြင့် နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လေဆိပ်သွားလမ်း ပြည်ထောင်စုလမ်းမဘေး၌ မြစ်ကြီးနားမြို့အားပန်းမြို့တော်စီမံကိန်းအရ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် Welcome to Myitkyina (LED) ဆိုင်းဘုတ်နှင့် မေခပန်းဥယျာဉ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ မေခပန်းဥယျာဉ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မေခဥယျာဉ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** တက်ရောက်လာသူများနှင့်အတူ ဥယျာဉ်အတွင်း ပြည်သူများ အပန်းဖြေနိုင်ရေး ဆောင်ရွက် ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ဝင်များ ပရိယတ္တိစာသင်တိုက်သွားလမ်း ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးစဉ်။



ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ အဖွဲ့ရန်ပုံငွေဖြင့် လမ်းအရှည် ၁၀၁၃ ပေကို အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သည့် ဒူဝါဇော်ရစ်လမ်း အဆင့်မြှင့်နိုင်လွန်ကတ္တရာလမ်းဖွင့်ပွဲသို့ တက်ရောက်၍ ကတ္တရာလမ်းသစ်ကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမူထန်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ တိုင်းမှူးဗိုလ်ချုပ် စိုးလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး ရပ်ကွက်နေ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

အလားတူ အဆိုပါရပ်ကွက် စက်မှုဇုန်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ပရိယတ္တိစာသင်တိုက်သွားလမ်း အရှည်ပေ ၁၄၀၀ ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ကြကာ ကတ္တရာလမ်းသစ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းသစ်ကို ဖြတ်သန်းကြည့်ရှု စစ်ဆေးကြသည်။

**တက်ရောက်**

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပပြုလုပ်သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ပထမ(၁)နှစ်ပြည့် မတည်ထောက်ပံ့ငွေ အရင်းနှင့်အတိုး ပြန်လည်ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ယနေ့ လက်ရှိစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအားပေးကူညီခြင်း၊ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများကို အထွက်နှုန်းကောင်းပြီး စံချိန်မီအရည်အသွေးရှိသည့် ဈေးကွက်ဝင်ကုန်ပစ္စည်းများ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ကချင်ပြည်နယ်အတွင်း ဒေသထွက်ကုန် သီးနှံများအား တန်ဖိုးမြှင့် ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်ရေး အလေးထား ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယနေ့ အခမ်းအနားသည် ကချင်ပြည်နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်း (၁) နှစ်တာကာလ ပြည့်မြောက်ပြီးသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စီမံကိန်းရန်ပုံငွေ ပြန်လည်ပေးအပ်နိုင်သော အခမ်းအနား ဖြစ်သည့်အတွက် တာဝန်ကျေပွန်စွာ ပြန်လည်ပေးဆပ်ကြသည့် လုပ်ငန်းလုပ်ကိုင်သူ ပြည်သူများနှင့် ကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်ပေးသည့် ပြည်နယ်အစိုးရအဖွဲ့နှင့် ကော်မတီအဆင့်ဆင့်၏ လုပ်ဆောင်ချက်ကို အသိအမှတ်ပြုကြောင်း၊ စီမံကိန်းလုပ်ငန်းများကို အကျိုးရှိ ထိရောက်အောင်မြင်စေရန် စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းသည် အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်သည့်အလျောက် စီမံကိန်းလုပ်ငန်းတစ်လျှောက်လုံး စောင့်ကြည့်စစ်ဆေးအကဲဖြတ်ခြင်းကို အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

**ပေးအပ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွက် ရန်ပုံငွေ ခွဲဝေရရှိမှု၊ အတိုးရရှိမှုအခြေအနေများနှင့် စီမံကိန်းဒုတိယနှစ် စက်ဝန်းအတွက် ဆက်လက်ထုတ်ချေး ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်ဌာနလေးခုမှ လုပ်ငန်းအလိုက် ထုတ်ချေး ဆောင်ရွက်ခဲ့သည့် မတည်ထောက်ပံ့အရင်းနှင့် တစ်နှစ်စာရရှိသည့် အတိုးတို့ကို ပြည်ထောင်စုအဆင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှု ကော်မတီဝင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးထံ ပေးအပ်သည်။ **(အောက်ပုံ)**

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ရန်ပုံငွေများကို ရန်ပုံငွေဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ စနစ်တကျ သုံးစွဲခြင်းရှိ/မရှိနှင့် ရန်ပုံငွေများ သုံးစွဲမှုစာရင်းများနှင့် စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာပါ သုံးသပ်ချက်များအပေါ် လိုက်နာဆောင်ရွက်ခြင်း ရှိ / မရှိ ကိုလည်း တာဝန်ရှိသူအဆင့်ဆင့်က စိစစ်ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း နိဂုံးချုပ် အမှာစကား ပြောကြားသည်။



ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ရုံးဝင်းအတွင်း တည်ဆောက်ပြီးစီးသည့် ပြည်နယ်ကာကွယ်ဆေး သိုလှောင်အအေးခန်း (မြစ်ကြီးနား)ရှိ သုံးထပ်ဆောင် အဆောက်အအုံ (အသစ်) ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်သည်။

သုံးထပ်ဆောင် အဆောက်အအုံသစ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်

စာမျက်နှာ ၇ သို့

# အစဉ်အလာမရိုင်း ခိုင်မြဲသည့်ယုံကြည်ချက် ခံယူချက်များနှင့်အတူ စည်းရုံးကြမည့် သူရဲကောင်းများ

မိုးမြင့်

လွတ်လပ်ရေးနဲ့တပ်မတော်၊ တပ်မတော်နဲ့အချုပ်အခြာတွဲပြီးမြင်တတ်ရင် ယနေ့ နိုင်ငံရဲ့ ဘက်စုံပြဿနာအရပ်ရပ်အပေါ်မှာ ဘယ်လိုမှန်ကန်တဲ့အမြင်နဲ့ ချဉ်းကပ်ဖြေရှင်းသင့်သလဲ နားလည်နိုင်ပါလိမ့်မယ်။ တပ်မတော်ရဲ့ကံကြမ္မာဟာ တိုင်းပြည်ရဲ့ကံကြမ္မာနဲ့ တစ်ထပ်တည်းရှိတယ်ဆိုတာ မြင်နိုင်ရမယ်။ တပ်မတော်ရဲ့ဆုံးရှုံးမှုတိုင်းဟာ နိုင်ငံတော်ရဲ့ ဆုံးရှုံးမှုပဲဆိုတဲ့ဒဿန၊ တချို့မမြင်ချင်ယောင်ဆောင်နေတာလည်း ဖြစ်နိုင်တယ်။

ဟိုနယ်မြေကျတယ်၊ ဒီနယ်မြေပါသွားတယ်၊ ဟိုစခန်းလက်လွှတ်ရတယ်၊ ဒီစခန်းက ဆုတ်ခွာရတယ်တို့ဆိုတာဟာ ကျွန်တော်တို့ပြည်သူအားလုံးရဲ့ နယ်မြေတွေ ဆုံးရှုံးသွားတာပဲ၊ ဒီလိုမြင်တတ်ရမယ်။ သူပုန်အသိမ်းခံရတဲ့ မြို့ရွာမှန်သမျှဟာ တစ်ပါးနိုင်ငံ လက်ထဲပေးလိုက်ရတာနဲ့ အတူတူပဲဖြစ်တဲ့အတွက် ဘယ်မြို့၊ ဘယ်ရွာမှ သူပုန်လက်ထဲမရောက်အောင် အသည်းအသန် ကာကွယ်ကြရမယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတွေ ယနေ့နေထိုင်နေတဲ့နေရာတွေ၊ မြို့တွေ၊ ရွာတွေ ပြည်နယ်တွေ ရှိရှိသမျှ နယ်နိမိတ်အားလုံးဟာ ရှေးစဉ်ဘောင်ဆက် အဆက်ဆက် ပြည်ထောင်စုသားတွေနဲ့ ဖွဲ့စည်းထားတဲ့ တပ်မတော်ကြီးက မနည်းစုစည်း တိုက်ယူထားရတဲ့ နယ်မြေတွေဖြစ်တဲ့ အတွက်ကြောင့်ပါပဲ။

> ❖ ပြည်တွင်းလက်နက်ကိုင်တွေနဲ့မတူညီတဲ့ တပ်မတော်ရဲ့ယုံကြည်ချက်က အချုပ်အခြာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုကြီးမပြိုကွဲရေးနဲ့ ၁၃၅ မျိုးသော တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်ကြရေးပဲဖြစ်တယ်။ ထိုအရေး ၃ ပါးကို လုံးဝလက်လွှတ်ခံဖို့မရှိတဲ့ တပ်မတော်ဟာ အချုပ်အခြာပိုင် ဘယ်နယ်နိမိတ်တစ်လက်မမျှ ပေးမှာမဟုတ်ဘဲ နိုင်ငံနယ်နိမိတ်ကို အပြည့်အဝ ကာကွယ်ပေးနေတယ်လို့ ယုံကြည်ပါတယ်

**အားလုံးကိုပြန်တိုက်ပြီး ထိုးစစ်အပြုအမူနဲ့ အတိုးကောအရင်းပါပြန်ယူမယ်**

တပ်မတော်အနေနဲ့က ခံစစ်အသေမဟုတ် ခွာသင့်တဲ့အခါခွာမယ်၊ ဆုတ်သင့်တဲ့အခါ ဆုတ်မယ်၊ လိုအပ်ရင် ဟန့်သင့်ဟန့်တားမယ်၊ သေချာတာတစ်ခုကတော့ အားလုံးကို ပြန်တိုက်ပြီး ထိုးစစ်အပြုအမူနဲ့ အတိုးကော အရင်းပါ ပြန်ယူမယ်လို့ ကျွန်တော်တို့ ယုံကြည်ပြီးဖြစ်တယ်။ နိုင်ငံရေးအရ ယုတ်မာမှု၊ စစ်ရေးအရ စွက်ဖက်မှု၊ ပြည်တွင်းပြည်ပ ဘယ်လို သွေးတိုးစမ်းစမ်း ဩဇာခံဖို့ ဘယ်လို ကြိုးပမ်းသည်ဖြစ်ပါစေ အမျိုးသားရေးမာန်အပြည့်နဲ့ ချေမှုန်းသွားမယ့် တပ်မတော်အဖြစ် ယုံကြည်လျက်ပါ။

ယခု မြန်မာပြည်မြောက်ဖျားက စလိုက်တဲ့အရေးကိုပဲကြည့်ပါ။ proxy ခံကြိုးကိုင်သူနဲ့ ပွဲလန့်ဖျာခင်းသမားတွေရဲ့ အကြံအစည်တွေပါတယ်ဆိုတာ မြန်မာပြည်သူအားလုံးက သိပြီးဖြစ်ပါတယ်။ ယနေ့ကာလမှာ တပ်မတော်ပြိုကွဲအောင်၊ မြန်မာအချင်းချင်း ရန်ဖြစ်ပြီး နိုင်ငံပျက်စီးအောင် ဘက်ပေါင်းစုံက ထိုးနှက်တိုက်ခိုက်နေချိန်လည်း ဖြစ်တယ်၊ ခေတ်သစ်ကိုလိုနီနယ်ချဲ့တွေရဲ့ ခိုင်းစေမှုအောက်မှာ ပြည်တွင်းလက်နက်ကိုင် အချို့က ကိုယ့်အတ္တနဲ့ကိုယ် တချို့က အာဏာရဖို့၊ တချို့က နယ်မြေရဖို့၊ တချို့ကခွဲထွက်ဖို့ အပြင်းအထန် ကြိုးစားနေချိန်လည်း ဖြစ်တယ်။

**တပ်မတော်ဟာ ဘယ်နယ်နိမိတ် တစ်လက်မမျှပေးမှာမဟုတ်**

ပြည်တွင်း လက်နက်ကိုင်တွေနဲ့ မတူညီတဲ့ တပ်မတော်ရဲ့ယုံကြည်ချက်က အချုပ်အခြာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုကြီးမပြိုကွဲရေးနဲ့ ၁၃၅ မျိုးသော တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်ကြရေးပဲဖြစ်တယ်။ ထိုအရေး ၃ ပါးကို လုံးဝလက်လွှတ်ခံဖို့မရှိတဲ့ တပ်မတော်ဟာ အချုပ်အခြာပိုင် ဘယ်နယ်နိမိတ်တစ်လက်မမျှ ပေးမှာမဟုတ်ဘဲ နိုင်ငံနယ်နိမိတ်ကို အပြည့်အဝ ကာကွယ်ပေးနေတယ်လို့ ယုံကြည်ပါတယ်။

လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ပေးနေတယ်၊ ပြည်ထောင်စုစိတ်ဓာတ်နဲ့ သည်းညည်းခံဆက်ဆံနေတဲ့ တပ်မတော်အပေါ် လက်နက်ကိုင်တွေက နိုင်ငံရေးအရ အမြတ်ထုတ်နေခြင်းဟာ ဖက်ဒရယ်ကိုအလွဲသုံးစားလုပ်နေခြင်းပဲလို့ တပ်မတော်အနေနဲ့မြင်မှာပါ။ အမျိုးဘာသာသာသနာ မပျောက်ပျက်အောင် ထိန်းသိမ်းပေးထားတယ်။ လွတ်လပ်ရေးနဲ့အချုပ်အခြာကို ကာကွယ်စောင့်ရှောက်ပေးနေခြင်းဟာ ပြည်သူတွေရဲ့ အသက်တွေ၊ အိုးအိမ်စည်းစိမ်တွေကို ကာကွယ်စောင့်ရှောက်ပေးခြင်းနဲ့ ထပ်တူထပ်မျှပါပဲ။ ဒါကြောင့် တပ်မတော်နဲ့လက်နက်ကိုင်သောင်းကျန်းသူ ရည်ရွယ်ချက်ချင်း မတူသလို လုပ်နည်းလုပ်ဟန်လည်းတူမှာ မဟုတ်ပါဘူး။ တပ်မတော်က ငြိမ်းချမ်းရေးကိုလိုလားပြီး NCA ကိုကိုင်ဆွဲထားတဲ့ တည်ဆောက်ရေးသမားတွေဖြစ်တယ်။ သောင်းကျန်းသူဆိုတာက လူသတ်၊ အကြမ်းဖက်ဖျက်ဆီး၊ လူသစ်စု၊ မူးယစ် လူမှောင်ခို၊ ဖျက်နိုင်သမျှဖျက် အဖျက်သက်သက်၊ ဖျက်ဆီးရေးဝါဒီသက်သက်ပါပဲ။

**လက်နက်ကိုင်တွေရဲ့ အကြမ်းဖက်ပုံရိပ်ဟာ ထင်ရှားသည်ထက်ထင်ရှားလာ**

လူမျိုးရေးဗန်းပြပြီး နယ်မြေလု၊ စစ်ဘုရင်ဆန်ဆန် ခေါင်းဆောင်အကျိုးနဲ့ မိသားစု အကျိုးစီးပွားသက်သက် လက်နက်ကိုင်တွေနဲ့ တပ်မတော်ဟာ ယှဉ်ပြိုင်တိုက်ပွဲဝင်နေရတာ ဖြစ်တယ်။ လက်နက်ကိုင်ဌာနချုပ်တွေကို မတိုက်ဘဲနေခြင်းဟာ ငြိမ်းချမ်းရေးလိုလားဆဲဖြစ်တယ်ဆိုတာ ပြသနေခြင်းပဲဖြစ်တယ်။ ဒါပေမယ့် အပျော့နဲ့အမာ soft and hard power ကြားမှာ အကန့်အသတ်တော့ ရှိနေပါလိမ့်မယ်။ ဒီမိုကရေစီ နဲ့ ဖက်ဒရယ် အပေါ်မှာ တည်ဆောက်သူလား၊ ဖျက်ဆီးနေသူလား ရုပ်လုံးပေါ်လာတဲ့နဲ့ အမျှ လက်နက်ကိုင်တွေရဲ့ အလုံးစုံပျက်သုဉ်းရေး အကြမ်းဖက်ပုံရိပ်ဟာ နိုင်ငံတကာမျက်နှာစာမှာ ထင်ရှားသည်ထက် ထင်ရှားလာမှာဖြစ်ပါတယ်။

တစ်ချိန်တည်းမှာ လက်နက်ကိုင်အဖွဲ့တွေဟာ မြန်မာပြည်မြောက်ပိုင်းနဲ့ တောင်ပိုင်းကို ဆက်စပ်ပြီး တိုက်ကွက်ဖော်နေကြပြီဟု သုံးသပ်နိုင်ပါတယ်။ တပ်မတော်က တိုင်းပြည်ကို ပြည်တွင်း၊ ပြည်ပအသုံးချခံဘဝ မရောက်အောင်၊ အင်အားကြီးတွေကြား ကြားခံဇုန်မဖြစ်အောင် ရဲရဲဝံ့ဝံ့ ရုန်းကန်တိုက်ပွဲဝင်နေရပါတယ်။ ဒါပေမယ့် အဖျက်သမားတွေကတော့ ပြောင်းပြန်၊ သူတို့ကိုယ်သူတို့ ကြားခံဇုန်မဖြစ်ဖြစ်အောင် ဖန်တီးယူပြီး တိုင်းရင်းသားပြည်သူတွေကို မြေစာပင်ဘဝရောက်အောင် လုပ်သလိုဖြစ်နေတယ်။

တိုင်းရင်းသား လက်နက်ကိုင်တွေ အကြားမှာ အချင်းချင်းသစ္စာမရှိ၊ လူမျိုးရေးအရ ကြီးနိုင်ငယ်ညှဉ်း အချင်းချင်း နယ်မြေလု တိုက်ပွဲအစဉ်အလာတွေရှိခဲ့ဖူးတဲ့အတွက် ဒီလိုဖြစ်စဉ်တွေတိုင်းမှာ မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များနဲ့အညီ ကူညီထိန်းညှိပေးခဲ့ဖူးတဲ့ သမိုင်းအစဉ်အလာတွေ ရှိခဲ့ဖူးပါတယ်။ ဒီအချက်ဟာ နိုင်ငံနဲ့တိုင်းရင်းသားတွေအပေါ်မှာ တပ်မတော်ရဲ့ သစ္စာရှိမှုကို ပြသခြင်းပဲဖြစ်ပြီး ပြည်ထောင်စုအရေး အရှည်မြော်တွေးပြီး ဆောင်ရွက်တတ်တဲ့ ပြည်ထောင်စုတပ်မတော်တစ်ခုအဖြစ် မြင်နိုင်ရန်ဖြစ်ပါတယ်။

**နိုင်ငံတစ်ဝန်းက တိုင်းရင်းသားအားလုံးနဲ့ဆိုင်**

ယခုလက်ရှိမှာ မြေရိယာ မရမက ချဲ့ယူပြီး နိုင်ငံရေးရည်မှန်းချက် တောင်းဆိုဖို့ ကြိုးစားနေတဲ့ လက်နက်ကိုင်သောင်းကျန်းသူတွေရဲ့ရန်ကို တပ်မတော်ဟာ ခုခံဖြေရှင်းနေပါတယ်။ ပြည်ထောင်စုနိုင်ငံတစ်ခုမှာ လက်နက်ကိုင်တိုက်ခိုက်ပြီးမှ နယ်မြေချဲ့ထွင်တဲ့ ယဉ်ကျေးမှုတစ်ရပ် ထွန်းကားလာမှာကို ဘယ်လိုမှ ခွင့်ပြုလို့မရပါဘူး။ မြို့တွေ၊ ကျေးရွာတွေ ပျက်စီးနေတဲ့အနေအထားကို ယခုထက်ပိုပြီး ခွင့်မပြုသင့်တော့ပါဘူး။ သီးခြားခွဲထွက်ခွင့်ကို အိပ်မက်ပင်မက်ခွင့်မပြုသလို မြန်မာပြည်မြေပုံထဲက ဘယ်အစိတ်အပိုင်းကိုမှလည်း ဖဲ့ယူခွင့်ပြုနိုင်မှာ မဟုတ်ပါဘူး။ နယ်စွန်နယ်ဖျားမကျန် အစိတ်အပိုင်းအားလုံးဟာ မြန်မာတွေအတွက်သာ ဖြစ်ရမယ်ဆိုတဲ့ ခံယူချက်ဟာ နိုင်ငံတစ်ဝန်းက တိုင်းရင်းသားအားလုံးနဲ့ဆိုင်ပါတယ်။

> ❂ ယနေ့စစ်ပွဲများကနေ အဆုံးအရှုံးကနေ ရလိုက်တဲ့အမြတ်တချို့နဲ့အတူ အားနည်းချက်၊ အားသာချက်များကိုလည်း မြင်အောင်ကြည့်ရမှာပါ။ စစ်ကိုစစ်နဲ့တူအောင် တိုက်ခိုက်တတ်ကြတဲ့ စစ်ခေါင်းဆောင်တွေ၊ စစ်သည်တွေ၊ တိုက်ခိုက်ရေးစစ်သည်အလား စစ်တိုက်နိုင်ကြတဲ့ ရဲမေမိသားစုတွေကို မြင်တွေ့ခွင့်ရခဲ့တာ အင်မတန်အဖိုးတန်လှပါတယ်။ ခေါင်းဆောင်မှုအရည်အချင်းနဲ့ စစ်သားစိတ်၊ ရဲဘော်ရဲဘက်စိတ်နဲ့ တပ်ဖွဲ့စိတ်ရှိသူတွေ အမြောက်အမြားရှိနေကြောင်း အကဲဖြတ်ခွင့်ရခဲ့ပါပြီ။ နောင်လာနောက်သားတို့ နမူနာယူပြီး ဆက်လက်သယ်ဆောင်သွားရမယ့် သူရဲကောင်းစိတ်ဓာတ်အချို့ကိုလည်း ယနေ့စစ်ပွဲများကနေ ကောင်းစွာ ရှာဖွေနိုင်ခဲ့ပါပြီ

လူမျိုးစွဲ၊ အတ္တစွဲဟာ ပြည်ထောင်စုစိတ်ဓာတ်နဲ့ဆန့်ကျင်ဘက်ဖြစ်ပြီး ဖွဲ့စည်းပုံကိုကျော်လွှန်ပြီး တောင်းဆိုချက်မှန်သမျှကိုလည်း ခွင့်ပြုလို့မရပါဘူး။ အစွန်အဖျားက မည်သည့်တိုင်းရင်းသားကိုမှ နိုင်ငံခြားလက်ဝေခံသစ္စာခံအဖြစ် ခွင့်ပြုလို့မရသလို ကိုယ့်နိုင်ငံသားအချင်းချင်း ဘယ်ဒေသကို ဘယ်တိုင်းရင်းသားတော့ မလာရ စသဖြင့် ပုံမမှန်တဲ့အချက်တွေ တောင်းဆိုလာခဲ့ရင် သို့မဟုတ် လက်နက်ကိုင် အကျပ်ကိုင်လာရင်လည်း အသက်ပေးပြီး ရင်ဆိုင်တုံ့ပြန်သွားဖို့အသင့်ရှိမယ့် တပ်မတော်အဖြစ် အခိုင်အမာခံယူပြီး ဖြစ်တယ်ဆိုတာ နားလည်ပါတယ်။

တပ်မတော်ဟာ နိုင်ငံနဲ့ပြည်သူအပေါ် သူတို့ရဲ့သစ္စာရှိမှုအပေါ် အသက်ပေးပြီး အစဉ်အဆက်ပြသနေဆဲပဲဆိုတာ ယခုတစ်ကြိမ် ရှမ်းမြောက်၊ ကရင်၊ ကယား၊ ရခိုင်၊ စစ်ကိုင်းတစ်ခွင်တိုက်ပွဲများမှာလည်း ထင်ရှားပေါ်လွင်လျက်ပါ။ အထက်မှာတင်ပြခဲ့သလို မကြုံစဖူး အပြင်းထန်ဆုံးသော တိုက်ပွဲတွေဟာ မြန်မာပြည်ကြီး အလုံးစုံပျက်သုဉ်းရေး ထိုးနှက်မှုများအဖြစ် မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ပန်းနဲ့ပေါက်ကြတာမှမဟုတ်ဘဲ၊ လူအင်အားအဆမတန်နဲ့ နည်းပညာမြင့်လက်နက်တွေ၊ ကျည်ဆန်တွေကြားမှာ မြေခခဲ့ရတဲ့ တပ်မတော်သားတွေရဲ့ အသက်တွေဟာ မနည်းပါဘူး။ တန်ဖိုးရှိတဲ့အရာရှိ၊ စစ်သည်၊ မိသားစု လူ့အသက်တွေရဲ့တန်ဖိုးနဲ့ သက်မဲ့မြေကို နည်းဗျူဟာအရ အလဲအထပ်လုပ်လိုက်ရတဲ့ သဘောတွေလည်း ပါပါတယ်။

**သူရဲကောင်းစိတ်ဓာတ်ကိုလည်း ယနေ့စစ်ပွဲများကနေရှာဖွေနိုင်ခဲ့**

**သို့ပေမယ့် ယနေ့စစ်ပွဲများကနေ အဆုံးအရှုံးကနေ ရလိုက်တဲ့အမြတ်တချို့နဲ့ အတူ အားနည်းချက်၊ အားသာချက်များကိုလည်း မြင်အောင်ကြည့်ရမှာပါ။ စစ်ကိုစစ်နဲ့တူအောင် တိုက်ခိုက်တတ်ကြတဲ့ စစ်ခေါင်းဆောင်တွေ၊ စစ်သည်တွေ၊ တိုက်ခိုက်ရေးစစ်သည်အလား စစ်တိုက်နိုင်ကြတဲ့ ရဲမေမိသားစုတွေကို မြင်တွေ့ခွင့်ရခဲ့တာ အင်မတန် အဖိုးတန်လှပါတယ်။ ခေါင်းဆောင်မှုအရည်အချင်းနဲ့ စစ်သားစိတ်၊ ရဲဘော်ရဲဘက်စိတ်နဲ့ တပ်ဖွဲ့စိတ်ရှိသူတွေ အမြောက်အမြားရှိနေကြောင်း အကဲဖြတ်ခွင့်ရခဲ့ပါပြီ။ နောင်လာနောက်သားတို့ နမူနာယူပြီး ဆက်လက်သယ်ဆောင်သွားရမယ့် သူရဲကောင်းစိတ်ဓာတ် အချို့ကိုလည်း ယနေ့စစ်ပွဲများကနေ ကောင်းစွာ ရှာဖွေနိုင်ခဲ့ပါပြီ။**

တကယ်တော့ စစ်ဆိုတာ မကောင်းပါဘူး။ စစ်ကိုလည်းမမျှော်၊ ကိုယ့်ဒေသထံ စစ်ပွဲတွေ ရောက်မလာအောင်နဲ့ ကိုယ့်မြို့၊ ကိုယ့်ရွာမှာ အကြမ်းဖက်တွေမခိုအောင်းနိုင်အောင် ပါတီအဖွဲ့အစည်းအားလုံး၊ မျိုးချစ်အားလုံးက ဝိုင်းဝန်းကူညီကြဖို့ လိုပါမယ်။ စစ်ကြောင့် ယခုပစ္စုပ္ပန်မှာ လူ့အသက်အိုးအိမ်စည်းစိမ်တွေ

*စာမျက်နှာ ၇ သို့*




# ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## ပြည်ထောင်စုသားများ စည်းလုံးညီ ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ။

စာမျက်နှာ ၅ မှ

ဒေါ်ဒွဲဘူ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ပြည်နယ်ကာကွယ်ဆေးသိုလှောင်အအေးခန်း ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် အဆောက်အအုံသစ် မော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး အဆောက်အအုံသစ်အတွင်း သိုလှောင်ခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ အဆိုပါ ပြည်နယ်ကာကွယ်ဆေး သိုလှောင်အအေးခန်း (မြစ်ကြီးနား) သုံးထပ်ဆောင် အဆောက်အအုံသစ် ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် လိုအပ်သော ပုံမှန်ကာကွယ်ဆေးများ၊ ကိုဗစ်-၁၉ ကာကွယ်ဆေးများနှင့် ဆက်စပ်ပစ္စည်းများကို သက်ဆိုင်ရာကာကွယ်ဆေးအမျိုးအစားအလိုက် မတူညီသော သတ်မှတ်အပူချိန်အတွင်း စနစ်တကျသိုလှောင်ထိန်းသိမ်းထားရှိနိုင်မည် ဖြစ်ပြီး ကချင်ပြည်နယ် တစ်ဝန်းလုံးရှိ မြို့နယ်များသို့ စနစ်တကျ ဆက်လက် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် လိုအပ်သော ကာကွယ်ဆေးများကို တစ်ပြည်နယ်လုံး လိုအပ်ချက်၏ သုံးလခွဲစာ သိုလှောင်ထားရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းနှင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်နေကြသော တပ်မတော်သားများအတွက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက ဂုဏ်ပြုအလှူငွေပေးအပ်

နေပြည်တော် ဇန်နဝါရီ ၈

ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ မြို့နယ်စစ်မှုထမ်းဟောင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းနှင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး တာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်နေကြသော တပ်မတော်သားများအတွက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက ဂုဏ်ပြုအလှူငွေပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ရောဝတီခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ၂၆ မြို့နယ်မှ မြို့နယ်စစ်မှုထမ်းဟောင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များ စားသောက်ရေး အဆင်ပြေစေရန်အတွက် စားသောက်ဖွယ်ရာများနှင့် ခြံထွက်ကြက်ဥများကို ထောက်ပံ့ပေးအပ်ရာ တက်ရောက်လာကြသူများကိုယ်စား တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသော တပ်မတော်သားများအတွက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက စုပေါင်းလှူဒါန်းသည့် ဂုဏ်ပြုအလှူငွေများ ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များကိုယ်စား တာဝန်ရှိတစ်ဦးက ဂုဏ်ပြုအလှူငွေများ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ တိုင်းမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ယင်းနောက် နယ်မြေခံဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအား လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသမှုများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စာမျက်နှာ ၆ မှ

❑ ပြိုင်ပွဲဟာ အချိန်လည်းမစေ့သေးပါဘူး၊ အဆုံးသတ်လည်းမဟုတ်ပါဘူး။ အောင်မြင်မှုများစွာနဲ့ အစမ်းသပ်ခံရမယ့်ပွဲတွေရှိပါသေးတယ်၊ ဒီအချိန်မှာ မြန်မာပြည်မြေပုံ ပျက်ယွင်းမသွားဖို့ စည်းလုံးညီညွတ်မှုသာ မပြိုကွဲပါစေနှင့်၊ မိမိအင်အားအစစ်အမှန်ကိုသိဖို့နဲ့ ပြည်တွင်းအင်အားကို တိုးချဲ့တည်ဆောက်ပြီး ကျစ်လျစ်ခိုင်မာတဲ့အင်အားနဲ့အားမွေးကြဖို့ပါ၊ အရာအားလုံးမှာ အရေးကြီးဆုံးကတော့ ခံယူထားရမယ့် စစ်သားကောင်းစိတ်ဓာတ်နဲ့ စုစည်းညီညွတ်ခြင်းပါပဲ

သေကျေပျက်စီးကြရသလို နောင်မျိုးဆက်သစ်တွေရဲ့ဘဝတွေကို သတ်လိုက်သလို ဖြစ်စေမှာကို မြော်တွေးရပါမယ်။ ဒါကြောင့် စစ်တွေမဖြစ်ဖို့၊ ဖြစ်နေတဲ့ စစ်တွေရပ်စဲအောင်လုပ်ဖို့နဲ့ စစ်တွေချုပ်ငြိမ်းမှသာ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးမှု ဆက်စပ်ဖြစ်ထွန်းမှုကို ဆောင်ရွက်နိုင်မယ် လို့ ယုံကြည်ပါတယ်။

**တစ်ခါတစ်ရံမှာ စစ်ကိုစစ်နဲ့သာ ချုပ်ငြိမ်းစေလိုတဲ့ အခြေအနေရောက်အောင် တွန်းပို့သလိုဖြစ်လာရင်လည်း မလွဲမရှောင်သာ လက်ခံရတော့မယ့် အနေအထားနဲ့ ဆက်လက်ဆောင်ရွက်ဖို့ဖြစ်လာနိုင်ပါတယ်။ စစ်ရဲ့ခါးသီးမှုကို အသိဆုံးဖြစ်ပြီး ငြိမ်းချမ်းရေးကို အလိုချင်ဆုံးဖြစ်တဲ့ တပ်မတော်ကသာ ပြည်သူတွေလိုချင်နေတဲ့ ငြိမ်းချမ်းမှုကို ရှာဖွေပေးနိုင်မှာဖြစ်တဲ့အတွက် ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် စစ်ကိုရပ်စဲနိုင်သည့် တစ်ခုတည်းသော အဖွဲ့အစည်းသည်လည်း တပ်မတော်ဆိုတဲ့ Institution သာလျှင် ဖြစ်ပါလိမ့်မယ်။**

ထို့ကြောင့် ယခုအချိန်မှာ အရာအားလုံးကို သင်ခန်းစာယူပြီး အယူအဆတွေ မကွဲပါနဲ့တော့၊ မြန်မာအချင်းချင်းလည်း မဖျက်ဆီး၊ မပျက်စီးကြပါနဲ့တော့။ အရေးကြီးဆုံးက အားလုံးသည် တစ်စိတ်တစ်ဝမ်းတည်းဖြစ်ဖို့သာ၊ ခြောက်ပြတိုင်းလည်း မကြောက်ဖို့၊ ချော့တိုင်းလည်း ပျော့မသွားဖို့ပါ။ အဝေးကနေစိတ်ပျက်အားလျော့နေခြင်းက ရင်မြေကတုတ်လုပ်ပြီး အလံတိုင်စိုက်မယ့်အဖွဲ့တွေအတွက် အားမဖြစ်ပါဘူး။ ဘက်စုံမှုသား သွေးခွဲစကားတွေ သတိထား သွေးမကွဲဘဲ တို့အရေးသုံးပါးသာ အာရုံစိုက်ရပါမယ်။ ယနေ့လိုအခြေအနေမျိုးမှာ နိုင်ငံသားအားလုံး မျိုးချစ်စိတ်ဓာတ် ထက်သန်စေချင်ပါတယ်။ တပ်မတော်ကို မျိုးချစ်စိတ်ဓာတ် ထက်သန်စွာနဲ့ အခိုင်အမာ အားပေးရပ်တည်ကြရပါမယ်။

**နိုင်ငံရဲ့တစ်ခုတည်းသော တပ်မတော်ကြီး တစ်စုံတစ်ရာသော အကြောင်းကြောင်းကြောင့် အားနည်းသွားခဲ့ရင် နိုင်ငံတွင်းက သက်ရှိသက်မဲ့အားလုံး အနိုင်ဆိုတာမရှိ၊ အားလုံးဆုံးရှုံးခြင်းသာ အဖတ်တင် ကျန်ရစ်မှာဖြစ်ပါတယ်၊** အကောင်းဆုံးတွေ ရှင်သန်နေမှ အောင်မြင်မှုကအမြဲရှိနေမှာပါ၊ အသက်အပိုမပါတဲ့စစ်သည်တွေ သူတို့အသက်တွေပေးနေသရွေ့ တိုင်းပြည်အချုပ်အခြာ၊ ဘာသာသာသနာအတွက် စိတ်ချပြီးသားပါ။ ဒါကို အလေးအနက်ထားဖို့ သတိပြုကြဖို့လိုပါတယ်။ တပ်မတော်နဲ့ နိုင်ငံတော်ကို ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ဒေသစွဲနဲ့မမြင်ဘဲ ငါတို့နိုင်ငံ၊ ငါတို့လူမျိုးအားလုံးအတွက် ငါတို့အားလုံးနဲ့ ဆိုင်တယ်၊ တပ်မတော်ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတွေကို ကာကွယ်စောင့်ရှောက်ပေးနေသော တစ်ခုတည်းသောအဖွဲ့အစည်းကြီးဖြစ်တယ်ဆိုတဲ့အမြင်နဲ့ မမှိတ်မသုန် ထောက်ခံအားပေးကြရပါမယ်။

ပြိုင်ပွဲဟာ အချိန်လည်း မစေ့သေးပါဘူး၊ အဆုံးသတ်လည်းမဟုတ်ပါဘူး။ အောင်မြင်မှုများစွာနဲ့ အစမ်းသပ်ခံရမယ့် ပွဲတွေရှိပါသေးတယ်၊ ဒီအချိန်မှာ မြန်မာပြည်မြေပုံ ပျက်ယွင်းမသွားဖို့ စည်းလုံးညီညွတ်မှုသာ မပြိုကွဲပါစေနှင့်၊ မိမိအင်အား အစစ်အမှန်ကို သိဖို့နဲ့ ပြည်တွင်းအင်အားကို တိုးချဲ့တည်ဆောက်ပြီး ကျစ်လျစ်ခိုင်မာတဲ့ အင်အားနဲ့ အားမွေးကြဖို့ပါ၊ အရာအားလုံးမှာ အရေးကြီးဆုံးကတော့ ခံယူထားရမယ့် စစ်သားကောင်းစိတ်ဓာတ်နဲ့ စုစည်းညီညွတ်ခြင်းပါပဲ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဇန်နဝါရီ ၈**

မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အစည်းအဝေးသို့ မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားအဆင့် လုပ်ငန်းကော်မတီ(၈)ခု၏ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အတွင်းရေးမှူးအဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်းနှင့် လူမှုအဖွဲ့အစည်းများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**စဉ်ဆက်မပြတ်ဆောင်ရွက်**

ဦးစွာ မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်ကာလအတွင်း မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၂၃ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၁၈၀/၂၀၂၃)ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် ၃၆ ဦးဖြင့် နောက်ဆုံးအကြိမ် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို လုပ်ငန်းကော်မတီ အသီးသီးမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပဉ္စမအကြိမ် အမျိုးသားကော်မတီ အစည်းအဝေးတွင် ဆုံးဖြတ်ချက် ၁၇ ချက် ချမှတ်ဆောင်ရွက်နိုင်ခဲ့ပြီး ဆုံးဖြတ်ချက်များအနက် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် ဆုံးဖြတ်ချက် ခြောက်ချက်မှအပ ကျန်အချက်များ ဆောင်ရွက်ပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း။

**စွမ်းဆောင်ရည်မြှင့်တင်ပေး**

ကလေးအလုပ်သမား ပပျောက်ရေးနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပြန်ကြည့်မည်ဆိုပါက မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားဆိုင်ရာ အခြေခံဗဟုသုတများ ပြန့်ပွားစေရေးအတွက် အသိပညာနှင့် ဗဟုသုတတိုးမြှင့်စေခြင်း၊ နိုင်ငံတကာ စံချိန်၊ စံညွှန်းများနှင့်အညီ ဥပဒေပြင်ဆင်ရေးဆွဲခြင်း၊ ကလေးအလုပ်သမားပြဿနာအပေါ် ဖြေရှင်းနိုင်ရန် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ တာဝန်ဝတ္တရားများ သတ်မှတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းချမှတ်၍ တိုးတက်မှုကို အကဲဖြတ်ခြင်းဖြင့် ရေရှည်တွင် ကလေးအလုပ်သမား လျော့နည်းပပျောက်စေရန် ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ကာလတိုငါးနှစ် လုပ်ငန်းစီမံချက် သုံးကြိမ်ဖြင့် ကာလရှည် ၁၅ နှစ် လုပ်ငန်းစီမံချက်သတ်မှတ် ဆောင်ရွက်သွားရန် လျာထားပြီး ပထမကာလတို ငါးနှစ် လုပ်ငန်းစီမံချက်အား ခိုင်မာတိကျသော အခြေခံအချက်အလက်များ ကောက်ယူခြင်း၊ အသိပညာပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာအခွင့်အလမ်းများ ဖန်တီးခြင်း၊ ဥပဒေပိုင်းဆိုင်ရာ ပြင်ဆင်ရေးဆွဲမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု ပိုမိုအားကောင်းလာစေခြင်း၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခံရသော ကလေးအလုပ်သမားများအား ဖယ်ရှားခြင်းနှင့် ပြန်လည်ကုစားခြင်း၊ မိသားစုများအတွက် ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများရှိစေခြင်း စသည့် ရည်မှန်းချက် (၆)ရပ်ဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီမှ စတင်ဆောင်ရွက်သွားရန် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို မူအားဖြင့် အတည်ပြုခဲ့ကြောင်း။

မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ပထမကာလတို ငါးနှစ်စီမံချက်ပါ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုအနက် ကနဦး စီမံချက်နယ်မြေများဖြစ်သော ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဦးစားပေးနယ်ပယ် နှစ်ခုဖြစ်သော စက်မှုကုန်ထုတ်ကဏ္ဍနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍတို့ရှိ ကလေးအလုပ်သမားများ လျော့နည်းပပျောက်စေရန် ပထမကာလတို ငါးနှစ်လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၃) ခုနှစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

**အလေးထားဆောင်ရွက်လျက်ရှိ**

အာဆီယံတွင်လည်း ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများအားလုံးကို ဆန့်ကျင်ခြင်း၊ ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းဆိုင်ရာ မူဝါဒများကို အရေးကြီးဦးစားပေးအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်သည့်နေရာတွင် "no child left behind" မည်သည့်ကလေးမျှနောက်ချန်မထားရေး လုပ်ငန်းစဉ်အောင်မြင်စေရန် အတွက် လူမှုအဖွဲ့အစည်းများက အလေးထား ဆောင်ရွက်လျက်ရှိနေသည်ကိုလည်း လေ့လာသိရှိရကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကလေးအလုပ်သမားပပျောက်ရေး လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာဗဟုသုတများကို ကလေးအလုပ်သမားကိုယ်တိုင်မှစ၍ မိဘများထံ ထိရောက်စွာရောက်ရှိနိုင်ရေး အသိပညာမြှင့်တင်ရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်သွားရမည်ဖြစ်ပြီး ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ဖြစ်သော နှစ်စဉ် ဇွန် ၁၂ ရက် ကျရောက်တိုင်း အမျိုးသားအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပပြုလုပ်ခြင်း၊ ပိုစတာများစိုက်ထူခြင်း၊ မီဒီယာများတွင်ဖော်ပြခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း စသည့် အများပြည်သူထံ ကလေးအလုပ်သမားဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန် အသိအမြင်များ တိုက်ရိုက်ရောက်ရှိနိုင်ရေး ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

ကလေးသူငယ်များ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုသာ နိုင်ငံတော်၏အနာဂတ်ကို ကောင်းမွန်စွာ ဖန်တီးပေးနိုင်မည်ဖြစ်သကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုဘဝမြင့်မားမှု၊ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့် တိုက်ရိုက်သက်ဆိုင်နေခြင်းကြောင့် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်၏ရည်မှန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရေရှည်စီမံကိန်းချမှတ်ဆောင်ရွက်သွားရမည့်အပြင် လုပ်ငန်းစီမံချက် ကာလတို ငါးနှစ်တာပြီးဆုံးမည့် ၂၀၂၃ ခုနှစ် နောက်ပိုင်းတွင်လည်း အလားတူ စီမံချက်ပါ လုပ်ငန်းစဉ်များအတိုင်း အားနည်းချက်၊ အားသာချက်များကို သုံးသပ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အမျိုးသားကော်မတီ အဖွဲ့ဝင်များအနေဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြရန်နှင့် ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အမျိုးသားကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ပဉ္စမအကြိမ် အမျိုးသားကော်မတီ အစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် လုပ်ငန်းကော်မတီရှစ်ခု၏ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကော်မတီတွဲဖက်အတွင်းရေးမှူး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆဋ္ဌမအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ယင်းနောက်မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရမည်းသင်းမြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ



**ရမည်းသင်း ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့တွင် ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက်က ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည်။ **(ယာပုံ)**

သင်တန်းဖွင့်ပွဲတွင် ရမည်းသင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းက မီးသတ်ဦးစီးဌာန ခရိုင်အဆင့် သန္နေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် စိတ်ဓာတ်ကြံ့ခိုင်မှုသည် အလွန်အရေးကြီးကြောင်း၊ ယခုမျက်မှောက်ခေတ်ကာလတွင် ကမ္ဘာတစ်ဝန်း သဘာဝဘေးအန္တရာယ်များ နေရာအနှံ့ဖြစ်ပေါ်လျက်ရှိရာ ဘေးအန္တရာယ်မဖြစ်ပေါ်မီ ကာလကတည်းက ကြိုတင်လေ့ကျင့်ခြင်းများ ဆောင်ရွက်ထားကြရမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်း အမှတ်စဉ်(၁/၂၀၂၄)သို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်မီးသတ်ဦးစီးမှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းသား/သူ ၅၀ စုစုပေါင်း ၈၀ တက်ရောက်ကြပြီး ဇန်နဝါရီ ၈ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ - ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲတက်ရောက်





**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့်မြန်မာ့ ဂျူဒိုအားကစား အဆင့်အတန်း တိုးတက် မြင့်မားလာစေရန် ရည်ရွယ်၍ “၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ” ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (A) ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ပိုးရယ်အောင်သိန်း၊ ဒေါက်တာဘရှေ့၊ ခွန်စံလွင်နှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခုပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမား မောင်/မယ်များသည် မိမိတို့ ကိုယ်စားပြုယှဉ်ပြိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသင်း အောင်မြင်မှုရရှိရေးအတွက် မိမိတို့၏ အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန် ဖော်ထုတ်ပြသပြီး ကြိုးစားယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ ယှဉ်ပြိုင်ခြင်းသည် အဓိကဖြစ်သလို အနိုင်ရခြင်းသည်လည်း ပဓာနကျသည်ဆိုသော ခံယူချက်နှင့် မိမိတို့ ကိုယ်စားပြု ယှဉ်ပြိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသင်း၏ ဂုဏ်ကိုမြှင့်တင်နိုင်ရန် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားကြရန်နှင့် အားကစားသမား အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ အားကစားသမားကောင်း စိတ်ဓာတ်အပြည့်အဝဖြင့် သတ်မှတ်ထားသော ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းများကိုလေးစားလိုက်နာပြီး နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြ စေလိုကြောင်း ပြောကြားပြီး “၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ” ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင် အားကစားအသင်းများမှ အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ပထမနေ့ဂျူဒိုပြိုင်ပွဲ (၄၅) ကီလိုတန်းအောက် တစ်ဦးချင်း အမျိုးသား/အမျိုးသမီး ဂျူဒိုပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ “၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ”ကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှအမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၄ သင်း စုစုပေါင်း ပြိုင်ပွဲဝင်အသင်း ၂၈ သင်းမှ အသင်းအုပ်ချုပ်သူ/ နည်းပြ၊ အားကစားသမား အင်အား စုစုပေါင်း ၂၆၆ ဦးဖြင့် ပြိုင်ပွဲကာလ ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ကျင်းပမည်ဖြစ်ရာ ဂျူဒိုအားကစားနည်းကို စိတ်ပါဝင်စားသည့်မည်သူမဆိုအခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အာဆီယံဒေသတွင်းနိုင်ငံများတွင် ကူညီထောက်ပံ့ရေးလုပ်ငန်းများ မြန်ဆန်စွာဆောင်ရွက်ပေးနိုင်ရေး “အာဆီယံ အရေးပေါ်ထောက်ပံ့ပို့ဆောင်ရေးစနစ်” ဆောင်ရွက်လျက်ရှိ





**နေပြည်တော် ဇန်နဝါရီ ၈**

သိုလှောင်ရုံ ထိန်းသိမ်းခြင်း သင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အာဆီယံ ဒေသတွင်းနိုင်ငံများတွင် ဘေးအန္တရာယ်ဖြစ်ပွားပါက ကူညီထောက်ပံ့ရေး လုပ်ငန်းများကို ထိရောက်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရေး “အာဆီယံအရေးပေါ် ထောက်ပံ့ ပို့ဆောင်ရေးစနစ်” “Disaster Emergency Logistics System for ASEAN (DELSA)” ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ကာလအပိုင်း အခြားအလိုက် လုပ်ငန်းစီမံကိန်းများ သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဗဟိုသိုလှောင်ရုံ နှစ်ခု၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် သိုလှောင်ရုံ ၁၅ ခု၊ ခရိုင်အဆင့် သိုလှောင်ရုံ ၅၆ ခု၊ မြို့နယ်အဆင့် သိုလှောင်ရုံ ၇၃ ခု စုစုပေါင်း သိုလှောင်ရုံ ၁၄၆ ခု ဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနေဖြင့် အဆိုပါ သိုလှောင်ရုံများကို စနစ်တကျစီမံခန့်ခွဲနိုင်ရေး ရည်ရွယ်၍ ယခု သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းသား/သင်တန်းသူများအနေဖြင့် သင်တန်းမှရရှိသည့် အသိပညာဗဟုသုတများကို လက်တွေ့လုပ်ငန်းခွင်တွင် စနစ်တကျ ထိထိရောက်ရောက် အသုံးပြုကြရန် မှာကြားလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ နည်းပြများနှင့် သင်တန်းသား / သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းသို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန (ရုံးချုပ်) နှင့် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/မြို့နယ် ဦးစီးမှူးရုံးများမှ သင်တန်းသား/ သင်တန်းသူ စုစုပေါင်း ၃၀ တက်ရောက်ခဲ့ကြပြီး အဆိုပါသင်တန်းကို ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

၃။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေအတွက် ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **ချေးငွေပမာဏ**

(၁) **လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ (Working Capital) အတွက် ချေးငွေ** - အနည်းဆုံး ကျပ်သိန်း ၁၀၀ မှ အများဆုံး ကျပ်သိန်း ၃၀၀၀ အထိ

(၂) **မတည်ရင်းနှီးငွေ (Fixed Capital) အတွက် ချေးငွေ** - အနည်းဆုံး ကျပ်သိန်း ၂၀၀ မှ အများဆုံး ကျပ်သိန်း ၃၀၀၀ အထိ

(ခ) **ချေးငွေသက်တမ်းနှင့် ပြန်ဆပ်ကာလ**

(၁) လုပ်ငန်းသုံး လှည့်ပတ်ရင်းနှီးငွေ - **ချေးငွေသက်တမ်း (၁)နှစ်**

(၂) မတည်ရင်းနှီးငွေ - **ချေးငွေသက်တမ်း (၃) နှစ် ၃ ရစ်ဆပ်**

(ဂ) **ချေးငွေအတိုးနှုန်း - ၁ နှစ်လျှင် (၅%)**

၄။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ လျှောက်ထားရယူလိုသော ဆီစက်လုပ်ငန်းရှင်များသည် အောက်ပါ ရုံး၊ ဌာန၊ ဘဏ်ခွဲများတွင် ချေးငွေအဆိုပြုလွှာများရယူ၍ လျှောက်ထားနိုင်ပါသည် -

(က) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ဆီစက်ပိုင်ရှင်များ အသင်းရုံးများအားလုံး၊

(ခ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ရုံးများအားလုံး၊

(ဂ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ရုံးခွဲများအားလုံး၊

(ဃ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ **တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်နှင့် မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲများ အားလုံး၊**

(င) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ **တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်နှင့် မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲများအားလုံး၊**

၅။ ဆီစက်ချေးငွေ အဆိုပြုလွှာပုံစံများကို စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန website www. mopf.gov.mm ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန website https://msmewebportal. gov.mm/ ၊ မြန်မာဆီစက်ပိုင်ရှင်များအသင်း website http://www.meoma.org ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များ အသင်း website http://meoda.myanmarwebtraining.com ၊ MEB website www.meb.gov.mm ၊ MADB website www.madb.gov.mm တို့တွင် download ရယူနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့**

# အာဆီယံကို အသုံးချဖို့ ကြိုးစားနေတဲ့ အင်ဒိုနီးရှား

✻ *ပြည်သာကျော်* ✻

**စွက်ဖက်မှု**

ပြီးခဲ့တဲ့ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့က အင်ဒိုနီးရှားပါလီမန်များ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (BKSAP) လက်ထောက်ဥက္ကဋ္ဌဖြစ်သူ အာမတ် ဟာဖစ် တိုဟီ (Achmad Hafisz Thohir) က မြန်မာနိုင်ငံရှိ ဘင်္ဂါလီတွေနဲ့ (ရိုဟင်ဂျာ လူမျိုးစုဆိုတဲ့ စကားရပ်ကို သုံးထားပါတယ်) ပတ်သက်လို့ ကမ္ဘာက အထူးသဖြင့် အာဆီယံနိုင်ငံတွေက ခိုင်ခိုင်မာမာအရေးယူဖို့ တောင်းဆိုခဲ့တာ တွေ့ရပါတယ်။ မြန်မာနိုင်ငံအပေါ် သာမန်ရှုတ်ချတာလောက်နဲ့ မလုံလောက်ဘဲ လက်တွေ့ကျတဲ့အဆင့်တွေကို ကမ္ဘာနဲ့အာဆီယံက အရေးယူဆောင်ရွက်ရမယ်လို့ ဆိုပါတယ်။

သူ့ရဲ့အကြံပြုချက်တွေထဲမှာဆိုရင် နိုင်ငံတကာဖိုရမ်တွေကနေ မြန်မာနိုင်ငံကို သီးခြားဖယ်ထုတ်ထားရေး၊ လက်နက်နဲ့ စီးပွားရေးပိတ်ဆို့ရေး နိုင်ငံကူးလက်မှတ်နဲ့ ဗီဇာတွေ ရပ်ဆိုင်းရေးနဲ့ လူမျိုးတုံးသတ်ဖြတ်မှုနဲ့ပတ်သက်လို့ အပြည်ပြည်ဆိုင်ရာ တရားရုံးမှာ ရုံးတင်စစ်ဆေးရေးတွေ ပါဝင်ပါတယ်။ နောက်ပြီးဘင်္ဂါလီတွေအပေါ် မြန်မာအစိုးရက ဆက်လက်လုပ်ဆောင်နေတဲ့ အကြမ်းဖက်မှုနဲ့ လူမျိုးတုံးသတ်ဖြတ်တာတွေကို ရပ်ဆိုင်းဖို့ အာဆီယံနိုင်ငံတွေက စုပေါင်းအရေးယူဖို့ လိုအပ်ကြောင်း ပြောထားပါတယ်။

**အာဆီယံပဋိညာဉ်**

အာဆီယံအဖွဲ့မှာ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၀ နိုင်ငံ ပါဝင်ပါတယ်။ အာဆီယံအဖွဲ့ဝင် နိုင်ငံတွေဟာ ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုရဲ့ အခြေခံကျတဲ့ အရေးပါမှုနဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှု၊ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်မှု၊ တူညီသောဆန္ဒဖြင့်သာ ဆုံးဖြတ်မှုနှင့် ပုံစံကွဲပြားသော်လည်း ညီညွတ်မှုရှိခြင်းဟူသည့် အခြေခံမှုများကို လေးစား၍လည်းကောင်း အာဆီယံအဖွဲ့ကြီးကို ထူထောင်ခဲ့တာဖြစ်ပါတယ်။ အာဆီယံပဋိညာဉ်စာတမ်းရဲ့ ရည်ရွယ်ချက်မှာဆိုရင်လည်း အချက်ပေါင်း ၁၅ ချက်နဲ့ အပြည့်အစုံဖော်ပြထားပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေ ဆောင်ရွက်ရာမှာ လိုက်နာရမယ့် အခြေခံမှုအနေနဲ့ ၁၄ ချက် ပါဝင်ပါတယ်။

အခြေခံမှု ၁၄ ချက်ထဲက အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်းလိုက်နာရမယ့် အခြေခံမှုတွေထဲ အချို့ကိုဖော်ပြလိုပါတယ်။

(က) အာဆီယံအဖွဲ့ဝင် နိုင်ငံအားလုံး၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားရေးလက္ခဏာများကို လေးစားလိုက်နာခြင်း၊

(ဂ) ကျူးကျော်ခြင်း၊ အင်အားသုံးခြင်းသို့မဟုတ် အင်အားသုံးရန် ခြိမ်းခြောက်ခြင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် ကိုက်ညီမှုမရှိသည့် အခြားလုပ်ဆောင်မှုမှန်သမျှကို စွန့်လွှတ်ခြင်း၊

(ဃ) အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ အဖြေရှာသည့် နည်းလမ်းအပေါ် အားထားခြင်း၊

(င) အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှုမရှိခြင်း၊

(စ) ပြင်ပမှ ဝင်ရောက်စွက်ဖက်မှု၊ ဖျက်လိုဖျက်ဆီးပြုမှုနှင့် ဖိအားပေးမှုများကင်းရှင်းစွာဖြင့် အမျိုးသားရေး တည်ရှိမှုဆိုင်ရာ အဖွဲ့ဝင်နိုင်ငံတိုင်း၏ အခွင့်အရေးကို လေးစားခြင်းလို့ ဖော်ပြပါရှိပါတယ်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်းက လိုက်နာဖို့ ရေးဆွဲထားတဲ့ နိုင်ငံတကာ သဘောတူညီချက်ဖြစ်ပါတယ်။ အဲဒီပဋိညာဉ်မှာ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရဘူး။ နိုင်ငံကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ တန်းတူညီမျှဆက်ဆံရမယ်လို့ပါပါတယ်။ ဒီပြဋ္ဌာန်းချက်တွေကို ကုလသမဂ္ဂအဖွဲ့ဝင်တိုင်းက သဘောတူပြီးလည်းဖြစ်ပါတယ်။ ဒီလိုပြဋ္ဌာန်းထားတာဟာ ကမ္ဘာ့သမိုင်း အစဉ်အဆက်ကြုံတွေ့လာခဲ့ရတဲ့ နိုင်ထက်စီးနင်းပြုတာတွေ၊ ဝင်ရောက်စွက်ဖက်တာ၊ ကျူးကျော်သိမ်းပိုက်မှုတွေနဲ့ ကိုလိုနီကျွန်ပြုတာတွေနဲ့ ကမ္ဘာစစ်ကြီးတွေကို တားဆီးကာကွယ်ဖို့ပဲဖြစ်ပါတယ်။

ဒါပေမယ့် အချို့နိုင်ငံတွေဟာ နိုင်ငံတကာသဘောတူညီချက်တွေကို ချိုးဖောက်ပြီး အမြတ်ထုတ်နေကြပါတယ်။ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်နှင့် အခြေခံမူတွေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေကြပါတယ်။ အခြားနိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနဲ့ တန်းတူရည်တူရှိမှုဆိုတာတွေကို ထိပါးပြီး အခြားနိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်ပြောကြားတတ်တဲ့ အမေရိကန်နိုင်ငံတောင်မှ သူ့နိုင်ငံထဲ တရားမဝင် ခိုးဝင်လာတဲ့သူတွေကို မောင်းထုတ်နေတာ တွေ့ရပါတယ်။ ဒါဟာ အမေရိကန်နိုင်ငံရဲ့ ပြည်တွင်းရေးဖြစ်လို့ ဘယ်နိုင်ငံကမှ ဝင်ရောက်စွက်ဖက် မပြောကြားကြပါဘူး။

ဘင်္ဂါလီအရေးကိစ္စဟာလည်း အဲဒီလိုပါပဲ။ မြန်မာနိုင်ငံထဲကို အထောက်အထားမဲ့ ခိုးဝင်လာသူတွေကို လက်ခံ၊ လက်မခံဆိုတာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးဖြစ်လို့ မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေတွေနဲ့အညီ ဆုံးဖြတ်ရမှာပါ။ ဘင်္ဂါလီတွေဟာ မြန်မာနိုင်ငံတစ်နိုင်ငံထဲကိုပဲ ခိုးဝင်နေတာ မဟုတ်ပါဘူး။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကနေ ရေလမ်းကြောင်းကတစ်ဆင့် အခြားနိုင်ငံတွေဆီ ခိုးဝင်သွားရောက်နေကြပါတယ်။ ဒါပေမယ့် နယ်နိမိတ်ချင်းနီးစပ်နေတဲ့ မြန်မာနိုင်ငံဟာ အခြားနိုင်ငံတွေထက် တစ်ဖက်နိုင်ငံက ခိုးဝင်လာတဲ့သူတွေရဲ့ဒဏ်ကို ပိုခံရပါတယ်။ တကယ်တော့ ဘင်္ဂါလီကိစ္စဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စဖြစ်ပေမယ့် နိုင်ငံတကာအဖွဲ့အစည်းအချို့နဲ့ နိုင်ငံအချို့ဟာ အဲဒီကိစ္စအပေါ် အမြတ်ထုတ်ဖို့အတွက် နိုင်ငံတကာအရေးကိစ္စအနေနဲ့ ပုံဖော်ဖို့ ကြိုးစားနေကြပါတယ်။

> ✻ **မြန်မာနိုင်ငံထဲကို အထောက်အထားမဲ့ ခိုးဝင်လာသူတွေကို လက်ခံ၊ လက်မခံဆိုတာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးဖြစ်လို့ မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေတွေနဲ့အညီ ဆုံးဖြတ်ရမှာပါ။ ဘင်္ဂါလီတွေဟာ မြန်မာနိုင်ငံတစ်နိုင်ငံထဲကိုပဲ ခိုးဝင်နေတာ မဟုတ်ပါဘူး။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကနေ ရေလမ်းကြောင်းကတစ်ဆင့် အခြားနိုင်ငံတွေဆီ ခိုးဝင်သွားရောက်နေကြပါတယ်။ ဒါပေမယ့် နယ်နိမိတ်ချင်းနီးစပ်နေတဲ့ မြန်မာနိုင်ငံဟာ အခြားနိုင်ငံတွေထက် တစ်ဖက်နိုင်ငံက ခိုးဝင်လာတဲ့သူတွေရဲ့ဒဏ်ကို ပိုခံရပါတယ်။ တကယ်တော့ ဘင်္ဂါလီကိစ္စဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စဖြစ်ပေမယ့် နိုင်ငံတကာ အဖွဲ့အစည်းအချို့နှင့် နိုင်ငံအချို့ဟာ အဲဒီကိစ္စအပေါ် အမြတ်ထုတ်ဖို့အတွက် နိုင်ငံတကာအရေးကိစ္စအနေနဲ့ ပုံဖော်ဖို့ ကြိုးစားနေကြပါတယ်**

အထက်က ဖော်ပြခဲ့တဲ့အချက်တွေဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံတိုင်းက လိုက်နာရမယ့် အခြေခံမူတွေထဲက အချက်အချို့ကို ထုတ်နုတ်ဖော်ပြထားခြင်းဖြစ်ပါတယ်။

**ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်**

ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကို ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့မှာ အတည်ပြုခဲ့ပြီး

> **ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကို ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့မှာ အတည်ပြုခဲ့ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်းက လိုက်နာဖို့ ရေးဆွဲထားတဲ့ နိုင်ငံတကာ သဘောတူညီချက်ဖြစ်ပါတယ်။ အဲဒီပဋိညာဉ်မှာ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရဘူး။ နိုင်ငံကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ တန်းတူညီမျှဆက်ဆံရမယ်လို့ ပါပါတယ်။ ဒီပြဋ္ဌာန်းချက်တွေကို ကုလသမဂ္ဂအဖွဲ့ဝင်တိုင်းက သဘောတူပြီး လည်းဖြစ်ပါတယ်။ ဒီလိုပြဋ္ဌာန်းထားတာဟာ ကမ္ဘာ့သမိုင်းအစဉ်အဆက် ကြုံတွေ့လာခဲ့ရတဲ့ နိုင်ထက်စီးနင်းပြုတာတွေ၊ ဝင်ရောက်စွက်ဖက်တာ၊ ကျူးကျော်သိမ်းပိုက်မှုတွေနဲ့ ကိုလိုနီကျွန်ပြုတာတွေနဲ့ ကမ္ဘာစစ်ကြီးတွေကို တားဆီးကာကွယ်ဖို့ပဲဖြစ်ပါတယ်**

စွက်ဖက်နေကြပါတယ်။

အခု အင်ဒိုနီးရှားပါလီမန်များ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (BKSAP) လက်ထောက်ဥက္ကဋ္ဌဖြစ်သူရဲ့ ပြောကြားချက်ကိုပဲ ကြည့်ပါ။ သူ့ပြောကြားချက်ရဲ့ နောက်ကွယ်က ရည်ရွယ်ချက်နဲ့ သူပြောကြားမှုဟာ အာဆီယံပဋိညာဉ်နဲ့ ကိုက်ညီမှု ရှိ၊ မရှိ စဉ်းစားစရာကောင်းပါတယ်။ မြန်မာနိုင်ငံအတွင်းမှာဖြစ်တဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ဖို့အတွက် အာဆီယံအဖွဲ့ကြီးကို ဖိအားပေးပြောလာခြင်းဟာ ရိုးသားတဲ့စိတ်နဲ့ မဟုတ်တာ သေချာပါတယ်။ သူ့ရဲ့ပြောကြားချက်တွေဟာ အာဆီယံပဋိညာဉ်၊ ကုလသမဂ္ဂပဋိညာဉ်တို့နဲ့လည်း ဆန့်ကျင်နေပါတယ်။

**မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေး**

ဘင်္ဂါလီအရေးကိစ္စဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးဖြစ်ပါတယ်။ ဘင်္ဂါလီတွေဟာ တစ်ဖက်နိုင်ငံကနေ မြန်မာနိုင်ငံထဲကို ခိုးဝင်ရောက်ရှိလာသူတွေဖြစ်ပါတယ်။ ဘင်္ဂါလီတွေလို ရွှေ့ပြောင်းနေထိုင်သူတွေဟာ မြန်မာနိုင်ငံတစ်နိုင်ငံထဲမှာ ဖြစ်နေတာ မဟုတ်ပါဘူး။ အမေရိကန်နိုင်ငံမှာတောင် တရားမဝင်ရွှေ့ပြောင်းအခြေချ နေထိုင်သူတွေ အရေးကိစ္စဟာ အမေရိကန်နိုင်ငံရဲ့ အဓိက ပြည်တွင်းရေးပြဿနာအဖြစ် ရှိနေပါတယ်။ တစ်လောကပဲ အမေရိကန်နိုင်ငံထဲကို ဝင်ရောက်ဖို့ ကြိုးပမ်းကြတဲ့ အထောက်အထားမဲ့ ခိုးဝင်သူတွေအနေနဲ့ နယ်စပ်အနားကို မကပ်ဖို့ အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က သတိပေးခဲ့ပါသေးတယ်။ လူ့အခွင့်အရေးကို ကျယ်ကျယ်လောင်လောင်

**နောက်ကွယ်မှ ဖန်တီးနေသူများ**

ဘင်္ဂါလီကိစ္စနဲ့ပတ်သက်ရင် နောက်ကွယ်က ပံ့ပိုးကူညီနေသူတွေရဲ့ကဏ္ဍဟာ အရေးပါပါတယ်။ ဘင်္ဂါလီတွေကို မြန်မာတိုင်းရင်းသားအဖြစ် ဖန်တီးရေး၊ နယ်မြေရရှိရေး စတာတွေဟာ ဘင်္ဂါလီကိစ္စရဲ့ နောက်ကွယ်က ရည်ရွယ်ချက်တွေပါ။ ဒီရည်ရွယ်ချက် အောင်မြင်ဖို့အတွက် မြန်မာနိုင်ငံကို နိုင်ငံတကာအနေနဲ့ အဘက်ဘက်ကနေ ဖိအားပေးဖို့ ကြိုးစားနေကြပါတယ်။ ၂၀၁၂ ခုနှစ်က စပြီးဖြစ်ခဲ့တဲ့ ပြဿနာတွေဟာ နောက်ကွယ်က ကြိုးကိုင်သူတွေရဲ့အလိုကျ ဖန်တီးချက်တွေပဲ ဖြစ်ပါတယ်။ သာမန်ဖြစ်စဉ်ကို ပုံကြီးချဲ့ပြီး နိုင်ငံတကာအရေးဖြစ်အောင် ရည်ရွယ်ခဲ့ကြတာပါ။ တဖြည်းဖြည်းကြီးမားလာတဲ့ပြဿနာကို အကြောင်းပြုပြီး မြန်မာနိုင်ငံကို ဖိအားပေးခဲ့ကြပါတယ်။ အထူးသဖြင့် အိုအိုင်စီအဖွဲ့ဟာ နောက်ကွယ်က အဓိကပံ့ပိုးပေးနေသူဖြစ်ပါတယ်။

အိုအိုင်စီ (Organisation of Islamic Cooper-ation) အဖွဲ့အစည်းဟာ ၁၉၆၉ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံပေါင်း ၅၇ နိုင်ငံအနက် ၄၈ နိုင်ငံက မွတ်စလင်နိုင်ငံတွေ ဖြစ်ကြပါတယ်။ အဲဒီနိုင်ငံတွေထဲမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ အင်ဒိုနီးရှားနိုင်ငံတို့ ပါဝင်ပါတယ်။ အိုအိုင်စီက ဘင်္ဂါလီကိစ္စမှာ ဝင်ရောက်စွက်ဖက်နေတာကြာပါပြီ။ မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာ တရားရုံးမှာ တရားစွဲဆိုဖို့ကြိုးပမ်းရာမှာ အိုအိုင်စီက အဓိကထောက်ပံ့ပေးသူဖြစ်ပါတယ်။ အဲဒီလိုပဲ ဘင်္ဂါလီကိစ္စကို

*စာမျက်နှာ ၁၁ သို့*

# သမိုင်းသက်သေ ကချင်မြေ

❖ မေခမလိခ ပေါင်းစုံပြသည့်
စတည်ရော မြစ်မင်းသာကား
ယာလယ်ကောက်ပဲ ဘူးခဲကို
ကြဲသမျှပေါက် ခရီးရောက်သို့
သွေးသောက်ရင်းပင် တိုင်းကချင်လည်း
ယှဉ်လျက်ပြည်ကျိုး သယ်ယူပိုး၏။
❖ ပြည်မတောင်တန်း မေတ္တာစမ်းကို
ခန်းဖို့နတ္ထိ သစ္စာသိဖြင့်
မိရဖောက်သွယ် ချစ်ကြိုးလွယ်၍
နွယ်သို့ဆွဲငင် ပေါင်းစပ်ဝင်ပြီး
ထင်ရှားအလုပ် “ပင်လုံစာချုပ်”
ဆုပ်ကိုင်ပြနေ သမိုင်းသက်သေ။
❖ သဘာဝမွေ တောတောင်ထွေကို
ဆွေစဉ်မျိုးဆက် တန်ဖိုးတက်ဖို့
သက်သို့စောင့်ရှောက် မကွယ်ပျောက်အောင်
လောက်လဲ့လ အစွမ်းစနှင့်
ကချင်ပြည်လုံး ညီစုရုန်းကာ
ဆုံးအထိတိုင် ဖွဲ့ကိုနိုင်လေ့။
❖ သမိုင်းဂုဏ်ရောင် ထွန်းလင်းပြောင်လျက်
နောင်နှစ်ထောင်ချီ ကချင်ပြည်သည်
စည်ပင်သာမော ဘက်စုံပေါ်၍
သောကပူပင် ဒုက္ခစင်ကာ
ရင်မှာပြည့်ကျပ် တိုင်းချစ်ဓာတ်ဖြင့်
ရပ်တည်ကျေပွန် စိန်ရတုလွန်။ ။

ညိုဝင်း (ချစ်မြေ)

၁၀-၁-၂၀၂၄ ရက်နေ့တွင် ကျရောက်သည့် (၇၆) နှစ်မြောက် ကချင်ပြည်နယ်နေ့ကို ဂုဏ်ပြုလျက်

စာမျက်နှာ ၁၀ မှ

နိုင်ငံတကာအရေးဖြစ်အောင် ကြိုးပမ်းရာမှာလည်း အိုအိုင်စီက အဓိကပါဝင်နေပါတယ်။ အိုအိုင်စီရဲ့အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံဟာလည်း အလားတူပါပဲ။ ဘင်္ဂါလီကိစ္စကို ပြန်လည်အစဖော်ပြီး အမြတ်ထုတ်ဖို့ကြိုးစားနေတာ အရင်ကထဲကပါ။ အဲဒီလိုအမြတ်ထုတ်ဖို့အတွက် ဘင်္ဂါလီပြဿနာကို နိုင်ငံတကာပြဿနာတစ်ရပ်လို ပုံဖော်ပြီး နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းတွေကို အသုံးချဖို့ကြိုးပမ်းနေပါတယ်။

**ဒေသတွင်း မတည်ငြိမ်အောင်လုပ်နေ**

ကျွန်ုပ်တို့တွင် ထာဝရမဟာမိတ်ဆွေများ မရှိသလို ကျွန်ုပ်တို့တွင် ထာဝရရန်သူလည်း မရှိပါ။ ကျွန်ုပ်တို့၏အကျိုးစီးပွားများသည် ထာဝရတည်မြဲနေပြီး ထိုအကျိုးစီးပွားများကို လိုက်နာရန်မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်သည် “We have no eternal allies, and we have no perpetual enemies. Our interests are eternal and perpetual, and those interests it is our duty to follow.” ဆိုတဲ့ ဗြိတိန်ဝန်ကြီးချုပ် Lord Palmerston (၁၇၈၄-၁၈၆၅) ပြောခဲ့တဲ့စကား ဒီကနေ့အထိ သွေးထွက်အောင် မှန်နေပါတယ်။ မြန်မာလိုဆိုရင်တော့ လိုရင်တစ်မျိုး မလိုရင်တစ်မျိုးလို့ ဆိုရမယ်ထင်ပါတယ်။ ဒီအယူအဆကို ကမ္ဘာ့နိုင်ငံတွေမှာ ကျင့်သုံးနေတာကို မျက်မြင်ကိုယ်တွေ့ တွေ့ရပါတယ်။

ဒီအယူအဆဟာ မှန်တယ်လို့ ပြောလို့မရသလို မှားတယ်လို့လဲ မဆိုနိုင်ပါဘူး။ ပြောင်းလဲနေတဲ့အခြေအနေပေါ်မူတည်ပြီး ကိုယ့်ရဲ့အကျိုးစီးပွားကိုပဲ ကြည့်တဲ့အတွက် ကြည့်သူအတွက်တော့ မှန်ကောင်းမှန်မှာပါ။ ဒါပေမယ့် တစ်ဖက်ကကြည့်ရင်တော့ မမှန်နိုင်ပါဘူး။ နိုင်ငံတိုင်းက ကိုယ်ကျိုးစီးပွားကိုပဲ ကြည့်နေကြရင် ကမ္ဘာ့ငြိမ်းချမ်းရေးဆိုတာ မရှိနိုင်တော့ပါဘူး။ ကိုယ်ကျိုးစီးပွားအတွက် ထိပ်တိုက်ရင်ဆိုင်နေကြရတော့မှာပါ။ ဥပဒေစံနှုန်း၊ ကိုယ်ကျင့်တရားတန်ဖိုးတွေကို ဂရုစိုက်ကြတော့မှာမဟုတ်ပါဘူး။ နိုင်ငံတကာဆက်ဆံရေးမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာ၊ လွတ်လပ်ရေး၊ တန်းတူညီမျှမှု ဆိုတာတွေကို ကုလသမဂ္ဂပဋိညာဉ်မှာ ဖော်ပြထားပါတယ်။ ဒါပေမယ့် ကိုယ်ကျိုးစီးပွားဦးထိပ်ထားနေတဲ့ နိုင်ငံတွေကတော့ ဘယ်သူသေသေ ငတေမာပြီးရော ဆိုပြီး နိုင်ငံတကာ ဥပဒေ၊ စံနှုန်းနဲ့ အခြေခံမူတွေကို ချိုးဖောက်နေကြပါတယ်။

*** ဘင်္ဂါလီကိစ္စနဲ့ပတ်သက်ရင် နောက်ကွယ်က ပံ့ပိုးကူညီနေသူတွေရဲ့ ကဏ္ဍဟာ အရေးပါပါတယ်။ ဘင်္ဂါလီတွေကို မြန်မာတိုင်းရင်းသားအဖြစ် ဖန်တီးရေး၊ နယ်မြေရရှိရေး စတာတွေဟာ ဘင်္ဂါလီကိစ္စရဲ့ နောက်ကွယ်က ရည်ရွယ်ချက်တွေပါ။ ဒီရည်ရွယ်ချက် အောင်မြင်ဖို့အတွက် မြန်မာနိုင်ငံကို နိုင်ငံတကာအနေနဲ့ အဘက်ဘက်ကနေ ဖိအားပေးဖို့ ကြိုးစားနေကြပါတယ်။**

*** ၂၀၁၂ ခုနှစ်က စပြီးဖြစ်ခဲ့တဲ့ ပြဿနာတွေဟာ နောက်ကွယ်က ကြိုးကိုင်သူတွေရဲ့အလိုကျ ဖန်တီးချက်တွေပဲ ဖြစ်ပါတယ်။ သာမန်ဖြစ်စဉ်ကို ပုံကြီးချဲ့ပြီး နိုင်ငံတကာအရေးဖြစ်အောင် ရည်ရွယ်ခဲ့ကြတာပါ။ တဖြည်းဖြည်းကြီးမားလာတဲ့ ပြဿနာကို အကြောင်းပြုပြီး မြန်မာနိုင်ငံကို ဖိအားပေးခဲ့ကြပါတယ်။ အထူးသဖြင့် အိုအိုင်စီအဖွဲ့ဟာ နောက်ကွယ်က အဓိကပံ့ပိုးပေးနေသူဖြစ်ပါတယ်**

အင်ဒိုနီးရှားနိုင်ငံဟာလည်း နိုင်ငံတကာ ဥပဒေ၊ စံနှုန်းနဲ့ အခြေခံမူတွေကို ချိုးဖောက်ပြီး မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေပါတယ်။ ဝင်ရောက်စွက်ဖက်ရတာကလည်း သူတို့ရဲ့ ကိုယ်ကျိုးစီးပွားအတွက်ပါ။ အဲဒီလို ကိုယ်ကျိုးစီးပွားရှာရာမှာ အာဆီယံအဖွဲ့ကြီးနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအကြား စိတ်ဝမ်းကွဲအောင် တွန်းပို့နေတာတွေ့ရပါတယ်။ အင်ဒိုနီးရှားနိုင်ငံရဲ့ ပြောကြားချက်နဲ့ လုပ်ရပ်ဟာ အာဆီယံရဲ့ ရည်မှန်းချက်နဲ့ ဆန့်ကျင်နေပြီး ဒေသတွင်း မတည်ငြိမ်မှုနဲ့ စိတ်ဝမ်းကွဲမှုတွေကို ဖြစ်စေပါတယ်။

**အသုံးချဖို့ ကြိုးစားနေ**

ယခု အာမတ် ဟာဖစ် တိုဟီရဲ့ ပြောကြားချက်တွေကိုကြည့်ရင် နိုင်ငံတကာ အခြေခံမူတွေနဲ့ အာဆီယံအခြေခံမူတွေကို ချိုးဖောက်ပြီး မြန်မာနိုင်ငံရဲ့ပြည်တွင်းရေးကို ပြောင်ကျကျချိုးဖောက်နေတာဟာ အာဆီယံအဖွဲ့ကြီးနဲ့ အခြားအဖွဲ့ဝင်နိုင်ငံတွေကို မလေးစား၊ ဂရုမစိုက်တဲ့လုပ်ရပ်ပဲ ဖြစ်ပါတယ်။ တကယ်တော့ အင်ဒိုနီးရှားနိုင်ငံ ကိုယ်တိုင်က လူ့အခွင့်အရေးချိုးဖောက်မှုတွေ လုပ်ခဲ့ပါတယ်။ ဒါကြောင့်မို့ အင်ဒိုနီးရှားနိုင်ငံသမိုင်းမှာ လူ့အခွင့်အရေးချိုးဖောက်တာတွေ ရှိခဲ့တယ်လို့ အင်ဒိုနီးရှားသမ္မတ ဂျိုကို ဝီဒိုဒိုက ပြောကြားခဲ့ပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်လို့ အက်ဘ်ဒူရာဟ်မန် ဝါဟစ်ဒ်ကလည်း ၂၀၀၀ ပြည့်နှစ်တုန်းက လူသိရှင်ကြားဝန်ချတောင်းပန်ခဲ့ဖူးပါတယ်။ စစ်အေးခေတ်တုန်းက အင်ဒိုနီးရှားနိုင်ငံမှာ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့လို့ လူပေါင်း ငါးသိန်းလောက် အသေအပျောက်ရှိခဲ့တယ်လို့ သုတေသီတွေက ဆိုပါတယ်။

အဲဒီလို ကိုယ်တိုင်လက်မှာ သွေးစွန်းနေတဲ့သူက မြန်မာနိုင်ငံအပေါ် စွပ်စွဲချက်တွေနဲ့ ဖိအားပေးဖို့ ပြောလာတာဟာ ရိုးသားတဲ့စိတ်နဲ့ မဟုတ်ပါဘူး။ အာဆီယံအဖွဲ့ကြီးနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကို တစ်ဖက်လှည့်နဲ့ အသုံးချဖို့ ကြိုးစားနေခြင်းသာဖြစ်ပါတယ်။ ဒီကနေ့ ကမ္ဘာကြီးမှာ နိုင်ငံတကာအဖွဲ့အစည်းတွေကို အသုံးချပြီး ကိုယ်ကျိုးစီးပွားရှာတဲ့ နိုင်ငံတွေကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ ဒေသတွင်းငြိမ်းချမ်းရေးဟာ ခြိမ်းခြောက်ခံနေရပါတယ်။ လက်ရှိမှာလည်း ကမ္ဘာကြီးမှာ မတည်ငြိမ်မှုတွေ၊ ပဋိပက္ခတွေ၊ တင်းမာမှုတွေနဲ့ စစ်ပွဲတွေ ဖြစ်နေပါတယ်။ အာမတ် ဟာဖစ် တိုဟီရဲ့ ပြောကြားချက်ဟာ ဒေသတွင်း ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးအတွက် အန္တရာယ်ဖြစ်ပါတယ်။ ဒါကြောင့် အင်ဒိုနီးရှားနိုင်ငံရဲ့ ပြောကြားချက်နဲ့လုပ်ရပ်တွေဟာ အာဆီယံဒေသတွင်းငြိမ်းချမ်းရေးကို ထိခိုက်လာစေနိုင်တဲ့အတွက် အာဆီယံအဖွဲ့ကြီးနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ အင်ဒိုနီးရှားနိုင်ငံအပေါ် ပြန်လည်သုံးသပ်ဖို့ လိုအပ်နေပါပြီ။ ။

## ကာလိမြို့၌ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြော

**ကာလိ ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကာလိမြို့ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ဦးစီးမှူး ဒေါ်ထင်ထင်ကျော်က ကျောင်းသား ကျောင်းသူများ ကလေးသူငယ်အခွင့်အရေးနှင့် ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် အချက်များ သိရှိစေရန်ရည်ရွယ်၍ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး ကလေးသူငယ်အခွင့်အရေးလေးရပ် စသည့်အကြောင်းအရာများ အသိပညာပေးဟောပြောခဲ့ပြီး အခြေခံပညာမူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်မီမီကိုလင်းက ကျောင်းသား ကျောင်းသူများ ကလေးသူငယ်ဆိုင်ရာ အကြမ်းဖက်ခြင်းမခံရစေရန် အသိပညာဗဟုသုတများရရှိစေမည့် စာအုပ်စာစောင်များ ဖတ်ရှုစေလိုကြောင်း အသိပညာပေး ဟောပြောသည်။

ထင်ထင် (ပြန်/ဆက်)

## ငွမြို့နယ်မှ ပြည်သူများ သံတွဲခရိုင် ပြည်သူ့ဆေးရုံကြီး၌ အခမဲ့ဆေးကုသမှု ခံယူနိုင်မည်

**ငွ ဇန်နဝါရီ ၈**

ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် သံတွဲခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ဇန်နဝါရီ ၁၃ ရက်နှင့် ၁၄ ရက်များ၌ အထွေထွေရောဂါကုပါမောက္ခ အထူးကုဆရာဝန်ကြီးများ အခမဲ့ဆေးကုသမှု ပေးသွားမည်ဖြစ်ရာ ငွမြို့နယ်မှ ပြည်သူများ ဆေးကုသမှုခံယူလိုပါက ဇန်နဝါရီ ၈ ရက် (တနင်္လာနေ့) နံနက် ၉ နာရီမှစ၍ ခရိုင်ပြည်သူ့ဆေးရုံကြီး (ဧည့်ကြိုဌာန) ၌ လည်းကောင်း၊ ငွမြို့မှပြည်သူများ လာရောက်ပြသလိုပါက သက်ဆိုင်ရာ မြို့နယ်ဆေးရုံများနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံတွင် ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ရွှေရည်ဝင်းကျော်

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ရန်ကုန်တိုင်းဒေသကြီးတွင် စက်မှုကုန်ကြမ်းသုံး စားသုံးဆီများ သိုလှောင်ဖြန့်ဖြူးနေမှုနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သကြားစက်များအား ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၈

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အလုံဆိပ်ကမ်းသို့ရောက်ရှိပြီး MV. Yong Sheng 151 သင်္ဘောပေါ်သို့ Tun Myat Thu ကုမ္ပဏီလီမိတက်၊ Hey Day Energy ကုမ္ပဏီလီမိတက်၊ Asia Empower ကုမ္ပဏီလီမိတက်၊ Myanmar Pulses Zone Co., Ltd. တို့က ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့မည့် ပြောင်းစေ့ တန် ၁၁၅၀၀ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။**

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာအထိ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် စင်ကာပူနိုင်ငံသို့ ပြောင်းစေ့တန်ချိန် ၉၃၄၈၈၂ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၇၉ သန်း ရရှိခဲ့ကြောင်း၊ ထို့ကြောင့် ပြောင်းစေ့များကို ပြည်ပသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရန်အတွက် မှန်ကန်သည့် ကုန်သွယ်မှုဖြစ်ပေါ်စေရန်နှင့် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရန် ဘက်စုံကြိုးပမ်း ဆောင်ရွက်ရန် မှာကြားသည်။

**စားအုန်းဆီများ သိုလှောင်ထားမှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ်ရှိ Kyimyindaing International Port (KMP) တွင် တင်သွင်းရောက်ရှိပြီးသော စားအုန်းဆီများကို မြန်မာ့ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်မှ စစ်ဆေးထားရှိမှု၊ စစ်ဆေးပြီး စားအုန်းဆီများကို သိုလှောင်ကန်များတွင် သိုလှောင်ထားရှိမှုနှင့် သိုလှောင်ကန်မှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ရည်ညွှန်းဈေးဖြင့် ဖြန့်ခွဲရောင်းချရန် စားအုန်းဆီများကို တိုင်ကီနှင့် Boxer ထဲသို့ ဖြည့်ထည့်မှု၊ အလေးချိန် ပြည့်ဝမှန်ကန်ရန် စစ်ဆေးမှု၊ ဆီဖြည့်ပြီးတိုင်ကီနှင့် Boxer များ အဖုံးပိတ်လုံခြုံမှုစနစ် ဆောင်ရွက်မှုတို့ကို စစ်ဆေးပြီး သတ်မှတ်အလေးချိန် ပြည့်မီစေရန်၊ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေရန်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ သယ်ယူရာလမ်းတစ်လျှောက်တွင် ဆီလျော့နည်းမှုမရှိစေရန် စနစ်တကျ ဆောင်ရွက်ရန် မှာကြားသည်။

**သကြားများ ဖြန့်ဖြူးရောင်းချမှုတင်ပြ**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ အမှတ်(၅) သကြားစက် မြို့လှသို့ရောက်ရှိရာ တာဝန်ရှိသူများက သကြားကြိတ်ခွဲ ထုတ်လုပ်ရန် ကြံဝယ်ယူရရှိမှု၊ ကြိတ်ခွဲမှု အဆင့်ဆင့်နှင့် ကုန်ချောသကြားများ ပြည်တွင်းသို့ ဖြန့်ဖြူးရောင်းချနေမှု အခြေအနေကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းစားသုံးရန်အတွက် လုံလောက်စွာဖြန့်ဖြူးရန်နှင့် လိုအပ်သောဒေသများသို့ အချိန်မီရောက်ရှိရေး ဆောင်ရွက်ရန်၊ စားသုံးသူများကို သင့်တင့်မျှတသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချရန်နှင့် ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်ရန် မှာကြားသည်။

**သကြားဖြူ ၂၁၆ တန် ထွက်ရှိ**

အဆိုပါ သကြားစက်သည် တစ်ရက်လျှင် ကြံတန် ၂၂၀၀ ကြိတ်နိုင်ပြီး တစ်ရက်လျှင် သကြားဖြူ ၂၁၆ တန် ထွက်ရှိကာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း သကြားဖြူ ၁၃၀၅၇ တန် ထုတ်လုပ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်မြို့ပြည်သူ့ဆေးရုံကြီး (၅)ထပ်ကုသဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ ဒုတိယအကြိမ် ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၈**



ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ပြည်သူ့ဆေးရုံကြီး (၅) ထပ်ကုသဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့်မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတို့မှ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ ဒုတိယအကြိမ်အဖြစ် သွားရောက်၍ ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ အထူးကု ဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများကို ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

အဆိုပါ ခရီးစဉ်အတွင်း အထွေထွေရောဂါ ဆေးပညာဆိုင်ရာလူနာ ၁၁၇ ဦး၊ ဆီးနှင့်ကျောက်ကပ်ဆေးကုသမှုဆိုင်ရာလူနာ ၃၈ ဦး၊ ဆီးချိုနှင့်ဟော်မုန်းရောဂါဆိုင်ရာလူနာ ၇၅ ဦး၊ မျက်စိရောဂါဆိုင်ရာလူနာ ၁၁၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဆိုင်ရာလူနာ ၆၄ ဦး၊ နှလုံးဆေးကုသမှုဆိုင်ရာလူနာ ၆၀၊ အစာအိမ် အူလမ်းကြောင်းဆိုင်ရာလူနာ ၁၆ ဦး၊ ရင်ခေါင်းဆေးကုသမှုဆိုင်ရာလူနာ ၂၆ ဦး၊ ဦးနှောက်နှင့် အာရုံကြော ဆေးကုသမှုဆိုင်ရာလူနာ ၆၉ ဦး၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာလူနာ နှစ်ဦး၊ ကင်ဆာရောဂါဆိုင်ရာလူနာ ၁၄ ဦး၊ အသည်းဆေးကုသမှုဆိုင်ရာလူနာ ၁၀ ဦး၊ အရိုးရောဂါလူနာ ၁၅၈ ဦး၊ အထွေထွေ ခွဲစိတ်ကုသဆိုင်ရာလူနာ ၅၀၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ စိတ်ကျန်းမာရေးနှင့် သွားနှင့်ခံတွင်း အပါအဝင် အခြားလူနာ ၃၅ ဦး စုစုပေါင်း ဒေသခံပြည်သူ ၈၅၀ ကို ကြည့်ရှုကုသမှုပေးနိုင်ခဲ့သည်။

လာရောက်ပြသသော လူနာများတွင် ပြည်မြို့သာမက ပဲခူးတိုင်းဒေသကြီးအတွင်းရှိရွှေတောင်၊ ပေါက်ခေါင်း၊ သဲကုန်း၊ နတ်တလင်း၊ ပေါင်းတည်၊ ဇီးကုန်း၊ ပန်းတောင်းမြို့များမှ လည်းကောင်း၊ မကွေးတိုင်းဒေသကြီးရှိ အောင်လံမြို့တို့မှ လည်းကောင်း မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများပါဝင်ပြီး ရောဂါရှာဖွေစမ်းသပ်မှုများအနေဖြင့် နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း (Echocardiography) ၅၀၊ အစာအိမ်နှင့် အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုခြင်း (OGDS) ခုနစ်ဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့် စစ်ဆေးခြင်း (CT scan) လေးဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၁၀၄ ဦး၊ ဓာတ်ခွဲ စမ်းသပ်စစ်ဆေးခြင်း ၃၈၀၊ Ultrasound ရိုက်ကူးခြင်း ၅၄ ဦးနှင့် နှလုံးစက်ဖြင့် စစ်ဆေးခြင်း (ECG) ၁၇၇ ဦးတို့ကို စမ်းသပ်စစ်ဆေးပေးနိုင်ခဲ့သည်။ ထို့ပြင် ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာ လူနာတစ်ဦးကို ရန်ကုန် ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အထူးကု ဆေးကုသရေးအဖွဲ့မှ ပါမောက္ခ/ဌာနမှူး (ဆီးနှင့်ကျောက်ကပ်ဆေးကု) ပါမောက္ခ ဒေါက်တာသူဇာသင်းသည် ဆီးနှင့်ကျောက်ကပ်ရောဂါ ဆိုင်ရာ ကျန်းမာရေး အသိပညာပေးခြင်းအား လာရောက်ပြသသူလူနာများအတွက် ဆောင်ရွက်ခဲ့ပြီး တွဲဖက်ပါမောက္ခ (ဆီးချိုနှင့်ဟော်မုန်း) ဒေါက်တာမောင်မောင်သန့်သည် သူနာပြုများနှင့် သူနာပြုသင်တန်းသူ/သင်တန်းသားများအား ဆီးချိုရောဂါကုသမှုဆိုင်ရာ သင်ခန်းစာများ သင်ကြားပေးခဲ့ကာ လာရောက်ပြသသော လူနာများအား နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါဆိုင်ရာ အသိပညာပေးစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် လာရောက်ပြသကုသမှုခံယူကြသော လူနာများကို ကြည့်ရှုအားပေးပြီး ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများအား တွေ့ဆုံနှုတ်ဆက်၍ ကျေးဇူးတင်စကားပြောကြားပြီး နေ့လယ်စာအတူ သုံးဆောင်ကာ ဒေသထွက်လက်ဆောင်များ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ လာရောက်ပြသသော လူနာများကို ပြည်ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များက နေ့လယ်စာ အာဟာရဒါန ထမင်းဘူးများ ဝေငှပေးခဲ့သည်။

ရန်ကုန်/ မန္တလေး/ နေပြည်တော်မှ အထူးကုသမှုဆိုင်ရာ (Super specialty) ပါမောက္ခ/ အထူးကု ဆရာဝန်ကြီးများ၏ အထူးကုကွင်းဆင်းကုသရေးခရီးစဉ်များကို ၂၀၂၃ ခုနှစ်အတွင်း (၁၅)ကြိမ် ဆောင်ရွက်ထားရှိပြီး ၂၀၂၄ ခုနှစ်အတွင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

*ကျောဖုံးမှ*

MMA ပွဲ စုစုပေါင်း ပွဲ ၂၀ နီးပါး ထိုးသတ်ထားသူဖြစ်ပြီး ၁၃ ပွဲနိုင်၊ ခြောက်ပွဲ ရှုံးနိမ့်ထားသည်။ ဂျိုရှုအာဗန်သည် UFC နှင့် လက်တွဲအပြီး နှစ်ပွဲစလုံး အနိုင်ရထားသူဖြစ်ကာ ၂၀၂၂ ခုနှစ်တွင် ပရော်ဖက်ရှင်နယ် ကစားသမားအဖြစ် ရပ်တည်လာသည့် ၎င်းအနေဖြင့် ၁၀ ပွဲ ထိုးသတ်ရာတွင် ကိုးပွဲအထိ အနိုင်ရထားသည်။ ဂျိုရှုအာဗန်သည် ၂၀၂၃ ခုနှစ်မှစတင်ကာ UFC နှင့် လက်တွဲခဲ့ပြီး ပထမဆုံးနှစ်တွင် နှစ်ပွဲထိုးသတ်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ပထမဆုံးပွဲအဖြစ် ထိုးသတ်ရမည်ဖြစ်သည်။

ဂျိုရှုအာဗန်သည် UFC နှင့် လက်တွဲပြီး ပထမဆုံးပွဲအဖြစ် ကာဇက်စတန်နိုင်ငံသား ရှုမာဂူလော့ဗ်နှင့် ထိုးသတ်ရာ အမှတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲအဖြစ် ပီရူးနိုင်ငံသား ကီဗင်ဘိုးဟိုစ့်နှင့် ယှဉ်ပြိုင်ထိုးသတ်ရာ အမှတ်ဖြင့်လည်းကောင်း အနိုင်ရခဲ့သည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ - ဂျိုရှုအာဗန် Facebook**

*ကျောဖုံးမှ*

တန်ပြန် ထိုးဖောက်တိုက်စစ်ဆင်မှုပြုလုပ်နိုင်ခဲ့သည်။

အာဆင်နယ်အသင်းသည် လီဗာပူးအသင်းထက် ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေး ပိုမိုပြုလုပ်နိုင်ခဲ့သော်လည်း အသင်းကစားသမားများ ဖြုန်းတီးပစ်ခဲ့သည့်အတွက် နိုင်ပွဲနှင့် ဝေးကွာကာ အက်ဖ်အေဖလားပြိုင်ပွဲမှ ဆောလျင်စွာ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။ လီဗာပူးအသင်းက အခွင့်အရေးဖန်တီးမှုပိုင်း နည်းပါးသော်လည်း ရရှိလာသည့် အခွင့်အရေးကို အမိအရ အသုံးချနိုင်ခဲ့သည့်အတွက် ဂိုးပြတ်နိုင်ပွဲဖော်ဆောင်ကာ နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် နောက်ဆုံး ယှဉ်ပြိုင်ကစားသည့် သုံးပွဲတွင် သုံးပွဲစလုံး ရှုံးနိမ့်မှုအပြင် နောက်ဆုံး ခုနစ်ပွဲတွင်လည်း တစ်ပွဲသာ နိုင်ပွဲရရှိပြီး နှစ်ပွဲသရေနှင့် ရှုံးပွဲလေးပွဲအထိ ရှိလာပြီဖြစ်သည်။ လာမည့်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းက ခရစ္စတယ်ပဲလေ့စ် အသင်းနှင့် ဇန်နဝါရီ ၂၀ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပြိုင်ဘက် လီဗာပူးအသင်းက ဖူလ်ဟမ်အသင်းနှင့် ဇန်နဝါရီ ၁၁ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **အောင်ဇော်**

# ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ငါးကြိမ်မြောက်အနိုင်ရ၊ အတိုက်အခံပါတီ ရွေးကောက်ပွဲကို သပိတ်မှောက်



ဒါကာ ဇန်နဝါရီ ၈

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာသည် ဇန်နဝါရီ ၇ ရက်က အငြင်းပွားဖွယ်အထွေထွေရွေးကောက်ပွဲ၌ ပဉ္စမအကြိမ်မြောက် အနိုင်ရရှိခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

မဲရုံတစ်ရုံချင်းစီတိုင်းတွင် တပ်မတော်နှင့်ရဲတပ်ဖွဲ့ဝင်များ တင်းကျပ်စွာချထားပြီး တင်းမာသော အခြေအနေတွင် ဆန္ဒမဲပေးခဲ့ကြရကြောင်း၊ ဂျပန်ရွေးကောက်ပွဲလေ့လာသူများက ဆန္ဒမဲပေးမှုရာတွင် လွတ်လပ်ပြီး တရားမျှတမှု ရှိ မရှိ စောင့်ကြည့်ခဲ့ကြကြောင်း သိရသည်။

ရွေးကောက်ပွဲရလဒ်များအရ အာဏာရ Awami League (အဝါမီလိဂ်) ပါတီက အပြတ်အသတ်အနိုင်ရခဲ့သောကြောင့် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်မှု ၁၅ နှစ်နီးပါးရှိသည့် ဟာဆီနာသည် နောက်ထပ် ငါးနှစ်သက်တမ်းတာဝန်ထမ်းဆောင်ရန် သေချာသွားခဲ့ခြင်းဖြစ်သည်။

အဓိကအတိုက်အခံပါတီဖြစ်သည့် ဘင်္ဂလားဒေ့ရှ်အမျိုးသားရေးပါတီသည် ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့သည်။ ယင်းပါတီအနေဖြင့် အောက်တိုဘာလကတည်းက ဆန္ဒပြပွဲများ ဆက်တိုက်ပြုလုပ်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နှိမ်နင်းခဲ့သည်။ ခေါင်းဆောင်အများအပြားနှင့် တက်ကြွလှုပ်ရှားသူများလည်း ဖမ်းဆီးထိန်းသိမ်းခံထားရကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## တိုကျို ဟာနီဒါလေဆိပ်၌ လေကြောင်းခရီးစဉ်များ ပုံမှန်အတိုင်းနီးပါး ပြန်လည်ရောက်ရှိ

တိုကျို ဇန်နဝါရီ ၈

ခရီးသည်တင် လေယာဉ်နှင့် ကမ်းခြေစောင့်တပ်ဖွဲ့ လေယာဉ်တို့ လေယာဉ်ပြေးလမ်းတွင် တိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် ခြောက်ရက်အကြာတွင် တိုကျိုဟာနီဒါလေဆိပ်၌ လေကြောင်းခရီးစဉ်များ ပုံမှန်အတိုင်းနီးပါး ပြန်လည် ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သည့် အင်္ဂါနေ့က လူသေဆုံးမှုဖြစ်ပွားခဲ့သော အဆိုပါလေဆိပ်၏ လေယာဉ်ပြေးလမ်း C ကို ဇန်နဝါရီ ၈ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ဇန်နဝါရီ ၈ ရက်မှစတင်က အီရှီကာဝါစီရင်စုရှိ ငလျင်ဒဏ်သင့် နိုတိုလေဆိပ်မှလွဲ၍ အောနစ်ပွန်လေကြောင်းလိုင်းအားလုံးကို ပျံသန်းပြေးဆွဲရန် စီစဉ်ထားသည်။

ဂျပန် လေကြောင်းလိုင်းသည် ဇန်နဝါရီ ၈ ရက်အတွက် ဟာနီဒါလေဆိပ်ကိုအသုံးပြုသော လေကြောင်းခရီးစဉ် ၁၄ ခုနှင့် ဇန်နဝါရီ ၉ ရက်အတွက် ကိုးခုကို ဖျက်သိမ်းထားသည်။ သို့သော်လည်း ဇန်နဝါရီ ၁၀ ရက်တွင် ဂျပန်လေကြောင်းလိုင်းအနေဖြင့် အလုံးစုံပျံသန်းပြေးဆွဲမှု ပြန်လည်စတင်သွားဖွယ်ရှိသည်။

အင်န်အိတ်ချ်ကေ



## ဂျပန်နိုင်ငံ တိုကျိုရှိ ဂျပန်ဝန်ကြီးချုပ်ဟောင်းနေအိမ် မီးလောင်

တိုကျို ဇန်နဝါရီ ၈

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဂျပန်ဝန်ကြီးချုပ်ဟောင်း ကာကူအီတာ နာကာနေအိမ်သည် ဇန်နဝါရီ ၈ ရက် မွန်းလွဲပိုင်းက မီးလောင်ခဲ့ကြောင်း ဒေသမီဒီယာတွင် ဖော်ပြခဲ့သည်။

တိုကျို မီးသတ်ဌာနသည် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင် မီးလောင်မှုသတင်းပေးပို့ချက်ကို လက်ခံရရှိခဲ့ကြောင်း အများပြည်သူရုပ်သံဖြစ်သော အင်န်အိတ်ချ်ကေက ဖော်ပြခဲ့သည်။

အဆောက်အဦကြီး မီးအကြီးအကျယ်လောင်နေပြီး မီးခိုးလုံးများ ကောင်းကင်သို့ တက်နေသည်ကို တွေ့မြင်နိုင်သည်။ မီးသတ်ကား ၂၀ ကျော်ကို မီးငြိမ်းသတ်ရန် မီးလောင်မှုဖြစ်ပွားရာနေရာတွင် ဖြန့်ကြက်ထားသည်။ မီးသည် ၈၀၀ စတုရန်းမီတာခန့် လောင်ခဲ့ပြီး နှစ်ထပ်အိမ်နှင့် တစ်ထပ်လူနေအိမ်တို့ မီးလောင်ခဲ့သည်။

မီးသတ်သမားများသည် မီးလောင်မှုကို ငြိမ်းသတ်ရန် ကြိုးစားဆောင်ရွက်နေပုံကို အင်န်အိတ်ချ်ကေ ရုပ်သံဖိုင်တွင် တွေ့မြင်နိုင်သည်။ မီးလောင်မှုဖြစ်ချိန်တွင် ဂျပန်ဝန်ကြီးချုပ်ဟောင်း၏ သမီး၊ တစ်ချိန်က နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ တာနာကာမာကီကိုနှင့် ခင်ပွန်းဖြစ်သူ ကာကွယ်ရေးဝန်ကြီးဟောင်း တာနာကာနာအိုကီတို့သည် တခြားလူနှစ်ဦးနှင့်အတူ ရှိနေခဲ့ကြောင်း သိရသည်။

မည်သူမျှ ဒဏ်ရာရရှိခဲ့ခြင်း မရှိပေ။ မာကီကိုသည် မီးလောင်မှုမဖြစ်မီ အစောပိုင်းရက်က အမွှေးတိုင်မီးထွန်းခဲ့ဟု မီးလောင်ခဲ့ကြောင်း ပြောခဲ့သည်။ ရဲများက မီးလောင်မှုဖြစ်ပွားရသည့်အကြောင်း ရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ



## ဇမ်ဘီယာနိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားမှု သေဆုံးသူ ၂၂၂ ဦးအထိ တိုးလာ

လူဆာကာ ဇန်နဝါရီ ၈

ဇမ်ဘီယာနိုင်ငံ၌ ကာလဝမ်းရောဂါကြောင့် သေဆုံးသူအရေအတွက်မှာ ၂၂၂ ဦးအထိ တိုးလာကြောင်း၊ ယမန်နှစ် အောက်တိုဘာလက ရောဂါစတင်ဖြစ်ပွားမှုနောက်ပိုင်း ရောဂါဖြစ်ပွားသူပေါင်း ၅၄၆၂ ဦး အထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်ချက်အရ သိရသည်။

ဇမ်ဘီယာနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကာလဝမ်းရောဂါကြောင့် သေဆုံးသူ ၂၇ ဦးနှင့် ရောဂါထပ်မံဖြစ်ပွားသူ ၅၆၇ ဦးရှိကြောင်း ဇန်နဝါရီ ၇ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနကဖော်ပြသော အချက်အလက်များအရ သိရသည်။

ထို့ပြင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဆေးရုံမှဆင်းခွင့်ရရှိသူ ၃၄၀ ရှိသည့်အတွက် ဆေးရုံမှဆင်းခွင့်ရရှိသူပေါင်း ၄၁၇၂ ဦးအထိ ရှိလာပြီဖြစ်သည်။ ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေရသူ ၁၀၅၈ ဦး ကျန်ရှိနေသေးသည်။ နိုင်ငံ၏ ပြည်နယ် ၁၀ ခုအနက် ပြည်နယ် ခုနစ်ခုတွင် ကာလဝမ်းရောဂါဖြစ်ပွားသည့် ခရိုင် ၃၁ ခုအထိ ရှိလာပြီဖြစ်သည်။

ဇမ်ဘီယာနိုင်ငံ၏မြို့တော် လူဆာကာမှာ ရောဂါကူးစက်ဖြစ်ပွားမှု အဆိုးရွားဆုံးဖြစ်သည်။ ဇမ်ဘီယာကျန်းမာရေးဝန်ကြီးဌာနက တရုတ်နိုင်ငံမှ ဆောက်လုပ်ထားသော အမျိုးသားဟီးရိုးအားကစားကွင်းကို ကာလဝမ်းရောဂါကုသရေးစင်တာအဖြစ် သတ်မှတ်ထားသည်။

ဆင်ဟွာ

## ဂျပန်ငလျင်ကြောင့် သေဆုံးသူ ၁၆၈ ဦးအထိ ရောက်ရှိ

တိုကျို ဇန်နဝါရီ ၈

ဂျပန်နိုင်ငံအလယ်ပိုင်းခရိုင်နှင့် အနီးဝန်းကျင်ဒေသတွင် လွန်ခဲ့သော သီတင်းပတ်က ပြင်းအား ၇ ဒသမ ၆ အဆင့်ထိရှိသော ငလျင်များ ဆက်တိုက်လှုပ်ခဲ့ပြီးနောက် ဇန်နဝါရီ ၈ ရက် ယနေ့အချိန်အထိ ငလျင်ကြောင့် သေဆုံးသူပေါင်းမှာ ၁၆၈ ဦးအထိ ရှိလာပြီဖြစ်သည်။ နှင်းများထူထပ်စွာကျဆင်းခြင်းနှင့် မိုးရွာသွန်းမှုများက ကယ်ဆယ်ရေးလုပ်ဆောင်ချက်များကို နှောင့်နှေးကြန့်ကြာစေသည်။

ငလျင်လှုပ်ခတ်မှုဒဏ် အများဆုံးခံစားခဲ့ရသော ခရိုင်တွင် ပျောက်ဆုံးသူဦးရေမှာ ၃၂၃ ဦးအထိ ရှိလာပြီဖြစ်သည်။ ငလျင်ကြောင့် ၅၆၅ ဦးမှာ ဒဏ်ရာများရရှိခဲ့ကြကြောင်း ဒေသအာဏာပိုင်များက ပြောသည်။

ငလျင်လှုပ်ခတ်မှုဖြစ်ပွားရာ ဒေသများတွင် ပြင်းအား ရစ်ချ်စကေး ၅ သို့မဟုတ် ယင်းထက်ပိုသည့် ငလျင်ဒဏ်ကို လာမည့်လတွင် ကြုံတွေ့ခံစားရနိုင်ကြောင်း ဂျပန်မိုးလေဝသဌာနက ဇန်နဝါရီ ၈ ရက်တွင် သတိပေးခဲ့သည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေချိန်တွင် အန္တရာယ်ရှိသော နေရာများကို ဝင်ရောက်ခြင်းမပြုရန် ပြည်သူများကို ဂျပန်မိုးလေဝသဌာနက တိုက်တွန်းပြောကြားထားသည်။

ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါက ဇန်နဝါရီ ၈ ရက်က လူပေါင်း ၅၀၀ ခန့်မှာ ကာနာဇဝါဒေသ အားကစားစင်တာရှိ ယာယီစခန်းများတွင် နေထိုင်လျက်ရှိနိုင်ကြောင်း ပြောသည်။ သို့သော်လည်း နောက်ထပ် ကယ်ဆယ်ရေးစခန်းများ ထပ်မံလိုအပ်လျက်ရှိကြောင်း ပြောသည်။ အစိုးရသည် ကယ်ဆယ်ရေးစခန်းများအတွက် ဟိုတယ်ခန်းများကို ရှာဖွေလျက်ရှိသည်။

၂၀၁၆ ခုနှစ် ကူမာမိုတို ငလျင်ပြီးနောက် ယခု ၂၀၂၄ နိုတိုကျွန်းဆွယ် ငလျင်သည် ဂျပန်နိုင်ငံတွင် လူပေါင်း ၁၀၀ ကျော်သေဆုံးခဲ့သည့် ငလျင်ဖြစ်သည်။

ဆင်ဟွာ

## မလေးရှားနိုင်ငံတွင် ရေဘေးကြောင့် လူပေါင်း ၈၅၆၃ ဦး ဘေးလွတ်ရာသို့ ပြောင်းရွှေ့

ကွာလာလမ်ပူ ဇန်နဝါရီ ၈

မလေးရှားနိုင်ငံ ဂျိုဟောပြည်နယ်တွင် ဇန်နဝါရီ ၈ ရက် ညနေ ၆ နာရီအချိန်အထိ လူပေါင်း ၈၅၆၃ ဦး ရေဘေးကြောင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရသည်။

မလေးရှားနိုင်ငံ လူမှုဖူလုံရေးဌာန၏ ထုတ်ပြန်ချက်အရ ရေဘေးကြောင့် ဂျိုဟောပြည်နယ်တွင် လူပေါင်း ၇၁၅၃ ဦးအထိ ရွှေ့ပြောင်းခဲ့ရပြီး ပါဟန်ပြည်နယ်တွင် နောက်ထပ် လူပေါင်း ၁၄၁၀ ခန့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရသည်။

မိုးလေဝသဌာနက အရှေ့မြောက်ပိုင်း မုတ်သုံကြောင့် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့သည်။

ဆင်ဟွာ

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၈**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင် အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆို လက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်း သူများထံသို့ လွှဲပြောင်းပေးအပ် လျက်ရှိပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြန်လည် ကြိုဆိုလက်ခံခြင်း အခမ်းအနား ကို ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသ ကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြ သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ်က အမှာစကား ပြောကြား သည်။ **(ယာပုံ)** ထို့နောက် ဥပဒေ ဘောင်အတွင်း ပြန်လည် ဝင် ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ထန်းတပင်မြို့နယ်၊ ခရမ်းမြို့နယ်၊ ကျောက်တံတား မြို့နယ်၊ ဒေါပုံမြို့နယ်နှင့် ဒလ မြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုး သား ခြောက်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့အား တာဝန်ရှိသူများက ဝန်ခံကတိ လက်မှတ်ရေးထိုးစေ ကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူ များထံသို့ လွှဲပြောင်းအပ်နှံ



ပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ် သည်။

ဆက်လက်၍ ဥပဒေဘောင် အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှု ကျူးလွန်ခဲ့ခြင်းမရှိသော PDF သင်တန်းဆင်း အလင်းဝင်ရောက် လာသော လူငယ်များ၏ မိသားစု ဝင်များကိုယ်စား မိခင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော် ၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင် ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့် အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝ သို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွား မည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရ က ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှု ကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီး နှင့် ပြည်နယ်အသီးသီး၌ ဥပဒေ ဘောင်အတွင်း ပြန်လည်ဝင်ရောက် လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘ အုပ်ထိန်းသူများထံသို့ လွှဲပြောင်း အပ်နှံပေးလျက်ရှိကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

---

# တပ်မတော်မှပစ်ခတ်သော လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် နတ်သံကွင်းဈေးမီးလောင်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် တပ်မတော်က ပစ်ခတ်သော လက်နက်ကြီးကျရောက် ပေါက်ကွဲမှုကြောင့် ဇန်နဝါရီ ၇ ရက်တွင် နတ်သံကွင်း




ဈေး မီးလောင်ခဲ့ကြောင်း သတင်းတု၊ သတင်းမှား များကို တရားမဝင်ပြည်ဖျက်မီဒီယာ Mizzima က လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဇန်နဝါရီ ၇ ရက်က နတ်သံကွင်း မြို့တွင် ဒေသခံပြည်သူများ၏ လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်လျက် ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက် သောင်းကျန်းသူများက လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်ခြင်းကြောင့် နတ်သံကွင်းဈေး အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် ပြည်သူ လူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် လူမှုစီးပွား ဘဝကို ပျက်စီးစေရန် လုပ်ဆောင်လျက်ရှိရာ ယခုဖြစ်စဉ်တွင်လည်း ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ် များကို ဖုံးကွယ်ရန်နှင့် တပ်မတော်အပေါ် ဒေသခံ ပြည်သူများမှ အထင်အမြင် လွဲမှားစေရန်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများမှတစ်ဆင့် လူမှု ကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်း မှားများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်း သာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# စစ်တွေတွင် အရပ်သား ၆၀ ခန့်ကို တပ်မတော်က အင်အားသုံးဖမ်းဆီးဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၈**

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် အရပ်သားပြည်သူ ၆၀ ခန့်ကို တပ်မတော်က ဇန်နဝါရီ ၇ ရက်တွင် အင်အားအလုံးအရင်းဖြင့် ဖမ်းဆီးသွားခဲ့သည်ဟု ရခိုင်မီဒီယာတစ်ခုဖြစ်သည့် Development Media Group မှ ကောလာဟလသတင်းများကို လူမှု ကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ မှန်ကန်မှုမရှိ ကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေ လုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် ပုံမှန်စစ်ဆေး ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ ဝင်များက အပြစ်မဲ့အရပ်သား ပြည်သူများကို အကြောင်းမဲ့ဖမ်းဆီးမှုများ လုပ်ဆောင်ခြင်းမရှိ ကြောင်း သက်ဆိုင်ရာနယ်မြေလုံခြုံရေး တာဝန် ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် နယ်မြေဒေသများ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေရန် တိကျခိုင်မာမှုမရှိသော အကြောင်းအရာများကို ကောလာဟလ သတင်းများအဖြစ် ဖန်တီးရေးသား ကာ တိုင်းရင်းသားပြည်သူများမှ လုံခြုံရေးတပ်ဖွဲ့ဝင် များအပေါ် အထင်အမြင်လွဲမှားစေရန် ဝါဒဖြန့် လှုံ့ဆော်ရေးသားခြင်းသာဖြစ်ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

---

# ကလေးအကျဉ်းထောင်တွင် နိုင်ကျဉ်း ၂၈ ဦး နှစ်ချီ သံခြေချင်းခတ် တိုက်ပိတ်ခံခဲ့ရဟု ကောလာဟလသတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၈**

ကလေးအကျဉ်းထောင်တွင် နိုင်ငံရေးပုဒ်မများနှင့် နှစ်ရှည်ထောင်ဒဏ်ချမှတ်ခံထားရသည့် နိုင်ငံရေး အကျဉ်းသား ၂၈ ဦးအား နှစ်နှစ်နီးပါးကြာ ခြေချင်း ခတ်ကာ တိုက်ပိတ်ထားကြောင်းကို မြန်မာနိုင်ငံလုံး ဆိုင်ရာ နိုင်ငံရေးအကျဉ်းသားများကွန်ရက်ထံမှ ထုတ်ပြန်ပြောဆိုချက်အရ သိရသည်ဟု သတင်း အမှားများကို ကိုးကားဖြန့်ဝေလျက်ရှိကြောင်း သိရှိ



ရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြ ချက်အရ “အကျဉ်းသား ၂၈ ဦးသည် ထောင်အရာရှိ များကို ဓားစာခံအဖြစ်ဖမ်းဆီး၍ အကြမ်းဖက် ဆူပူအုံကြွထွက်ပြေးရန် ကြိုးစားခဲ့ခြင်းကြောင့် အကျဉ်းထောင်အက်ဥပဒေနှင့်အညီ တိုက်ပိတ်ခြင်း၊ ခြေချင်းခတ်ခြင်း၊ တရားစွဲဆိုခြင်းတို့ကို ဆောင်ရွက် ရခြင်းဖြစ်ပြီး ယခုတွင် အမှုကိစ္စများပြီးပြတ်၍ ၁-၁- ၂၀၂၄ ရက်နေ့တွင် ခြေချင်းဖြုတ်ပေးပြီးဖြစ်ပါ ကြောင်းနှင့် ဥပဒေနှင့်အညီသာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း” သိရှိရသည်။

အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများ အနေဖြင့် အကျဉ်းဦးစီးဌာန အကျဉ်းထောင်များ တွင် အကျဉ်းထောင်အက်ဥပဒေနှင့်အညီ တာဝန် ထမ်းဆောင်နေမှုအပေါ် အများပြည်သူမှ အထင် အမြင်လွဲမှားစေရန် ကောလာဟလသတင်းများ ရေးသားဖြန့်ဝေကာ ဝါဒဖြန့်ထိုးနှက်ခြင်းသာဖြစ် ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများ အား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့ စကား” အစီအစဉ်မှ **“ပညာဖြင့် တည်ဆောက်ကြ ရာဝယ်”** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးမည်ဖြစ် သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“စုပေါင်းကာကွယ် ကောလာဟလအန္တရာယ်”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သော ကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေ ဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉- ၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ် အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ် တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေး ထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဇမ္ဗူသီရိမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ သင်တန်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပညာရေးမှူးရုံး၏ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံ ဆွေးနွေးပွဲဖွင့်ပွဲကို ဇန်နဝါရီ ၆ ရက်



နံနက်ပိုင်းက အ.ထ.က (၁၄) ဇမ္ဗူသီရိမြို့နယ်၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းက အမှာစကား ပြောကြားသည်။ ယခုဖွင့်လှစ်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် Naypyitaw State Academy နှင့် မိတ္ထီလာတက္ကသိုလ်မှ ဘာသာရပ်အလိုက် ပါမောက္ခများက မြန်မာနိုင်ငံစာစစ်ဌာနက ဖြန့်ဝေထားသည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ Grade-12 နမူနာမေးခွန်းလွှာများကို ဆွေးနွေးရှင်းလင်းပြီး အခြေခံပညာကျောင်းများမှ Grade-12 ဘာသာရပ်သင် ၄၉၇ ဦးနှင့် ကိုယ်ပိုင်ကျောင်းများမှ ၁၆၉ ဦး စုစုပေါင်း ၆၆၆ ဦးတို့ ပါဝင်တက်ရောက်ဆွေးနွေးကြကြောင်းသိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## ကြက်မောက်တောင်ဆည် ရေဝင်ရောက်မှုနှင့် စိုက်ပျိုးရေးပေးဝေနေမှုအခြေအနေ ကြည့်ရှုစစ်ဆေး

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်က မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည် ရေလှောင်တမံ ရေသိုလှောင် ထိန်းသိမ်းထားရှိမှုအခြေအနေ၊ ဆည်အတွင်းရေသိုလှောင် ထိန်းသိမ်းထားရှိနိုင်မှုအပေါ်မူတည်၍ နွေစပါး၊ မိုးစပါးများ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးရေ လုံလောက်စွာ စနစ်တကျပေးဝေနိုင်ရေး ဆောင်ရွက်သွားရန်၊ ရေပေးမြောင်းများ ကြံ့ခိုင်မှုတို့အတွက် သွားရောက်



စစ်ဆေးသည်။

ကြက်မောက်တောင် ဆည်ရေလှောင်တမံ ရှင်းလင်းဆောင်တွင် ရေသိုလှောင်ထားရှိမှုနှင့် အသုံးပြုမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ရေကိုစနစ်တကျ ချွေတာသုံးစွဲ၍ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရန်နှင့် ၂၀၂၃ - ၂၀၂၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းပြောကြားသည်။

ယင်းနောက် လက်ဝဲမြောင်း တစ်လျှောက် မြောင်းပြုပြင်ထိန်းသိမ်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေကို အကျိုးရှိစွာ အသုံးပြု၍ သီးနှံအထွက်တိုးအောင် စိုက်ပျိုးရေး ဆွေးနွေးသည်။

ကြက်မောက်တောင် ရေလှောင်တမံတွင် ၂၀၂၃ ခုနှစ်က ရေဝင်ဧက ၃၈၇၁၇ ဧက ရှိခဲ့ပြီး စိုက်ပျိုးရေ အသုံးပြုမှုအနေဖြင့် ၁၈၂၀၄ ဧက အသုံးပြုခဲ့ကြောင်းနှင့် လက်ရှိတွင် ဆည်ရေလက်ကျန်မှာ ၆၂၇၆၀ ဧကဖြစ်ကြောင်းသိရပြီး ၂၀၂၃ - ၂၀၂၄ ခုနှစ် မိုးစပါး ၂၉၄၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် နွေစပါး ၇၉၀ ဧကနှင့် နွေသီးနှံ ၂၄၃၅ ဧက စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

## သန်လျင်မြို့နယ် ကျေးလက်ရေပေးရေး ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၈**

သန်လျင်ခရိုင် သန်လျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ကဒပ်ဖြာ



ကျေးရွာတွင် ကျေးလက်ရေပေးဝေရေးလုပ်ငန်းများဖြစ်သော စက်ရေတွင်း၊ ရေစက်ရုံ၊ အမြင့်တင်ရေစင်၊ ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းများအား ယနေ့နံနက်တွင် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မြတ်မြတ်မော်၊ တာဝန်ခံအင်ဂျင်နီယာနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီမှ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

သန်လျင်မြို့နယ် ကဒပ်ဖြာ ကျေးရွာသည် ရေရှားပါးသော ကျေးရွာတစ်ရွာဖြစ်ပြီး ယခုကဲ့သို့ ဆောင်ရွက် ပေးခြင်းကြောင့် ကျေးရွာနေပြည်သူများ၏ နေအိမ်အရောက် ရေတိုင်စနစ်ဖြင့် သန့်ရှင်းစွာ အသုံးပြုနိုင်တော့မည်ဖြစ်၍ အထူးဝမ်းမြောက်မိကြောင်း ကျေးရွာပြည်သူ တစ်ဦးက ပြောသည်။

**သန်းဝင်း(သန်လျင်)**

## အ ထ က (၄) ပုဇွန်တောင် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၈**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အ.ထ.က (၄) ပုဇွန်တောင် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၈ ရက် က ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အ.ထ.က (၄) ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့ခင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ခင်စန်း၊ ခရိုင်ပညာရေးမှူး ဒေါ်ခင်သူဇာစိန်တို့က အမှာစကားပြောကြားပြီး ပညာရေးစုံညီပွဲတော်အတွက် အလှူငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်သည်။

ဆက်လက်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ဘာသာရပ်သင်ကြားရေး ထူးချွန်ဆုများနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက်ကျောင်းတက်မှန်ဆု၊ အတန်းလိုက်ပညာရည်ထူးချွန်ဆုများနှင့် Grade-5 ၊ Grade-9 တွင် A အဆင့်ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများအား မြို့နယ်အဆင့်လူရည်ချွန်ဆုရရှိသော ကျောင်းသားကျောင်းသူများ၊ အင်္ဂလိပ်စာစွမ်းရည်နှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများ၊ စာပေဘာသာရပ် (စာစီစာကုံး၊ ပန်းချီ၊ဆောင်းပါး၊ ကဗျာ) တို့တွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဆုချီးမြှင့်သည်။

ယင်းနောက် အတန်းလိုက် ကျောင်းသား ကျောင်းသူများက အကအလှများဖြင့်လည်းကောင်း၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက မြနန္ဒာသီချင်းဖြင့်လည်းကောင်း သီဆိုဖြေဖျော်ကြောင်း သိရသည်။ **ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၈ ဦး တွေ့ရှိ

**(၈-၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၃၁-၁၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇-၁-၂၀၂၄) ရက် နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၄,၃၆၃) ခုအား စစ်ဆေး ပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၃) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "May Zin Htun" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်နေ မေဇင်ထွန်းအား ညနေ ၅ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Direw X Kelly" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ချမ်းမြဝတီရပ်ကွက်နေ အောင်ခန့်မိုး(ခ) ဝမ်းစွေ့အား ည ၇ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ စက်မှုလက်မှုသမိုင်းကို ဝိမုတ္တိအမြင်ဖြင့် လေ့လာခြင်း

---- မောင်စိန်ဝင်း (ညောင်ခါးရှည်) ----

**ဝိမုတ္တိဟူသည်မှာ လွတ်မြောက်ခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ သံသရာမှ လွတ်မြောက်ခြင်း၊ ဆင်းရဲခြင်းမှလွတ်မြောက်ခြင်း၊ လောဘ၊ ဒေါသ၊ မောဟတို့မှ လွတ်မြောက်ခြင်း စသည်ဖြင့် အမျိုးမျိုး ဖွင့်ဆိုနိုင်ပါသည်။ မသိမှု အဝိဇ္ဇာကို အခြေခံ၍ အသိအမြင်လွဲမှားခြင်း၊ အနှောင်အဖွဲ့ကြောင့် ဘက်လိုက်ခြင်း၊ မိမိ၏ ထင်မြင်ယူဆချက်ဖြင့် လိုရာဆွဲရေးသားခြင်းများသည် အမှန်တရားနှင့် ကင်းကွာသွားနိုင်ပါသည်။ ထိုသို့သော မှားယွင်းမှုများကို ရှောင်ရှားလျက် အမှန်ကိုအမှန်အတိုင်း ရှုမြင်ခြင်းကို ဝိမုတ္တိအမြင်ဟု ဆိုရပါလျှင် စာရေးသူ၏ ဆောင်းပါးသည် ထိုအမြင်အပေါ်အခြေခံလျက် ရေးသားခြင်းဖြစ်ပါသည်။**

စက်မှုဝန်ကြီးဌာနဟူသည်မှာ ဝန်ကြီးဌာနငါးခု ဖြစ်သည့် သတ္တုတွင်းဝန်ကြီးဌာန (၁၉၅၂ ခုနှစ်တွင် စက်မှုလက်မှုနှင့် သတ္တုတွင်းဝန်ကြီးဌာနကို ခွဲထုတ်ဖွဲ့စည်းရာမှ သတ္တုတွင်းဝန်ကြီးဌာန၊ စက်မှုလက်မှု ဝန်ကြီးဌာနများဖြစ်လာပြီး စက်မှုလက်မှုဝန်ကြီးဌာနသည် ထိုအချိန်မှစ၍ အခြားဌာနများနှင့် ပေါင်းစပ်ဖွဲ့စည်းခြင်းမရှိဘဲ သီးခြားရပ်တည်လာနိုင်ခြင်း)၊ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန (၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်တွင် အိမ်တွင်းစက်မှုလက်မှုကော်ပိုရေးရှင်းအား လွှဲပြောင်းဖွဲ့စည်းခြင်း)၊ စွမ်းအင်ဝန်ကြီးဌာန (၁၉၈၅ ခုနှစ်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများကို လွှဲပြောင်း၍ ဝန်ကြီးဌာန အသစ်အနေဖြင့် ဖွဲ့စည်းခြင်း)၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန (ဗဟိုသုတေသနလုပ်ငန်းအဖွဲ့အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရာမှ ၁၉၉၆ ခုနှစ်တွင် နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ ထည့်သွင်း၍ ဝန်ကြီးဌာနအသစ်အနေဖြင့် ဖွဲ့စည်းခြင်း)၊ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန (၂၀၁၂ ခုနှစ် စက်တင်ဘာ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၁၂)အရ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနအား ပယ်ဖျက်၍ လုပ်ငန်းစီမံကိန်းများအမှတ်(၂) စက်မှုဝန်ကြီးဌာနသို့ သွတ်သွင်းဖွဲ့စည်းခဲ့ခြင်း) စသည်ဖြင့် ဆက်စပ်ဝန်ကြီးဌာနများ၏ မှီခိုပေါင်းစည်းရာ မိခင်ဝန်ကြီးဌာနကြီးသဖွယ် ဖြစ်ခြင်းတို့ကြောင့် စက်မှုသမိုင်းကို ဖော်ပြရာတွင် ပြီးပြည့်စုံရန် မလွယ်ကူပါကြောင်း စကားဦးသန်းချင်ပါသည်။

### ကိုလိုနီခေတ် စက်မှုလက်မှုအခြေအနေ

ကိုလိုနီနယ်ချဲ့ခြင်း၏ သဘောတရားမှာ ကိုလိုနီနယ်များမှ ကုန်ကြမ်းများကို ဈေးပေါပေါနှင့် ရယူပြီး စက်ရုံ၊ အလုပ်ရုံများတွင် ကုန်ချောအဖြစ် ထုတ်လုပ်ကာ ထိုနိုင်ငံများသို့ တင်ပို့လျက် အမြတ်များများဖြင့် ရောင်းချနိုင်ရေးဖြစ်ပါသည်။ ထို့ကြောင့် ကိုလိုနီနိုင်ငံများတွင် စက်ရုံ၊ အလုပ်ရုံများကို ၎င်းတို့အကျိုးအတွက် အနည်းငယ်သာ ထူထောင်ပေးပြီး စီးပွားရေးလုပ်ငန်း အများစုကို နယ်ချဲ့ကုမ္ပဏီများကသာ လွှမ်းမိုးနေရာယူခဲ့ပါသည်။

မြန်မာနိုင်ငံကို ကျွန်ပြုသိမ်းပိုက်ပြီးချိန်တွင် စီးပွားရေးလုပ်ငန်း အများစုဖြစ်သည့် ဆန်စပါးလုပ်ငန်း၊ ကျောက်မျက်၊ ရေနံနှင့် ကျွန်းသစ်ထုတ်လုပ်မှုလုပ်ငန်း၊ ကုန်သွယ်မှုနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းအများစုကို နယ်ချဲ့ကုမ္ပဏီများဖြစ်သည့် စတီးဘရားသား၊ ဘီအိုစီ၊ ဘူလင်ဂျာပူးလ် စသည့် အရင်းရှင်ကုမ္ပဏီများက ချုပ်ကိုင်လွှမ်းမိုးခဲ့ပါသည်။ ကိုလိုနီခေတ် အစပိုင်းကာလများတွင် ဆန်စပါး စိုက်ပျိုးရေးလုပ်ငန်းအတွက် လုပ်အားခ ဈေးသက်သာသည့် အိန္ဒိယတိုင်းရင်းသားများကို ခေါ်ယူ၍ စိုက်ပျိုးမြေများ တိုးချဲ့လုပ်ကိုင်ခဲ့သည်။ ထွက်ရှိလာသည့် စပါးများကို အင်္ဂလန်အထိ တင်ပို့ကြိတ်ခွဲပြီး ပြည်တွင်းစစ်ဖြစ်ပွားနေသည့် အမေရိကန်နိုင်ငံအထိ တင်ပို့ရောင်းချခဲ့ပါသည်။

ဆူးအက်တူးမြောင်း ဖွင့်လှစ်ပြီးနောက်ပိုင်းတွင် ဆန်စပါးတင်ပို့မှု မြင့်တက်လာမှုကြောင့် မြန်မာသည် ကမ္ဘာ့ထိပ်တန်း ဆန်တင်ပို့သည့် နိုင်ငံဖြစ်လာသည်။ ၁၈၈၀ ပြည့်နှစ်နောက်ပိုင်းတွင် ဆန်စက်များကို ပြည်တွင်း၌ တည်ဆောက်၍ ကြိတ်ခွဲလာနိုင်ကြောင်း တွေ့ရပါသည်။ ဆန်စက်များအပြင် ၁၈၈၅ မတိုင်မီ တည်ဆောက်ခဲ့သည့် ကျိုက္ခမီသကြားစက်၊ ၁၉၂၅-၁၉၂၆ ခုနှစ်တွင် ဆားမှော်သကြားစက်၊ ၁၉၃၄ ခုနှစ်တွင် နှင်းပုလဲသကြားစက်နှင့် ဇေယျဝတီသကြားစက်များကို တည်ဆောက်ခဲ့ကြောင်း တွေ့ရပါသည်။



ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဇေယျဝတီ(ဆင်ဖြူတော်) သကြားစက်ရုံကြီး။

> **ဆူးအက်တူးမြောင်း ဖွင့်လှစ်ပြီးနောက်ပိုင်းတွင် ဆန်စပါးတင်ပို့မှု မြင့်တက်လာမှုကြောင့် မြန်မာသည် ကမ္ဘာ့ထိပ်တန်း ဆန်တင်ပို့သည့်နိုင်ငံဖြစ်လာသည်။ ၁၈၈၀ ပြည့်နှစ်နောက်ပိုင်းတွင် ဆန်စက်များကို ပြည်တွင်း၌ တည်ဆောက်၍ ကြိတ်ခွဲလာနိုင်ကြောင်း တွေ့ရပါသည်။ ဆန်စက်များအပြင် ၁၈၈၅ မတိုင်မီ တည်ဆောက်ခဲ့သည့် ကျိုက္ခမီ သကြားစက်၊ ၁၉၂၅-၁၉၂၆ ခုနှစ်တွင် ဆားမှော်သကြားစက်၊ ၁၉၃၄ ခုနှစ်တွင် နှင်းပုလဲသကြားစက်နှင့် ဇေယျဝတီသကြားစက်များကို တည်ဆောက်ခဲ့ကြောင်း တွေ့ရပါသည်**

ထို့အပြင် ရေနံချောင်း ရေနံမြေ(၁၈၈၇)၊ ချောက်-လမ်းရွာ ရေနံမြေ (၁၉၀၁)၊ ထန်းကိုင်း ရေနံမြေ(၁၉၀၉)၊ ဒဟတ်ပင်ရေနံမြေ(၁၉၁၀)၊ ရေနံမရေနံမြေ(၁၉၂၂)တို့မှ ထွက်ရှိလာသည့် ရေနံစိမ်းကို ပထမပိုင်းတွင် အိန္ဒိယအထိ တင်ပို့ချက်လုပ်ရာမှ နောက်ပိုင်းတွင် သန့်လျင်ရေနံချက်စက်ရုံ တည်ဆောက်၍ ပိုက်လိုင်းများ သွယ်တန်းလျက် ချက်လုပ်လာနိုင်ကြောင်း တွေ့ရပါသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကျွန်းသစ်ကို ပြည်တွင်း၌ သစ်စက်များ တည်ထောင်လျက် ခွဲသားများပြုလုပ်၍ ခရီးသည်နှင့် ကုန်သင်္ဘောများ တည်ဆောက်ခဲ့ရာ ဒလသင်္ဘောကျင်း (၁၈၅၂)၊ ရတနာပုံသင်္ဘောကျင်း(၁၈၆၄)၊ စစ်တွေသင်္ဘောကျင်း(၁၉၀၈)၊ မော်လမြိုင် သင်္ဘောကျင်း(၁၉၁၄) တို့အနက် မော်လမြိုင်သင်္ဘောကျင်းမှာ တစ်ချိန်က နာမည်ကြီးခဲ့သည်။ ထို့အပြင် နယ်ချဲ့အစိုးရသည် ပြည်တွင်းမှထွက်ရှိသည့် ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ရေးအတွက် ရန်ကုန်-ပြည် မီးရထားလမ်းကို ၁၈၇၇ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး မန္တလေး-လားရှိုး မီးရထားလမ်းကို ၁၉၀၃ ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရပါသည်။

ထိုသို့ စက်ရုံ၊ အလုပ်ရုံများ ပြည်တွင်း၌ တည်ဆောက်မှုများ ရှိသော်လည်း ထူးခြားချက်တစ်ရပ်အနေဖြင့် လွတ်လပ်ရေးမရမီ ကာလအထိ ချည်ထည်စက်ရုံများ ပြည်တွင်း၌ တည်ဆောက်ခဲ့သည်ကို မတွေ့ရခြင်း ဖြစ်ပါသည်။ အုပ်ချုပ်သူလူတန်းစားနှင့် အထက်တန်းလွှာများအတွက် ပြည်ပမှ တင်သွင်းသည့် အဝတ်အထည်များက နေရာယူခဲ့ကြပြီး မြန်မာတိုင်းရင်းသားအများစုမှာ ပြည်တွင်း ရိုးရာရက်ကန်းလုပ်ငန်းများမှ ထွက်ရှိလာသည့် အဝတ်အထည်များကိုသာ အားထား၍ သုံးစွဲဝတ်ဆင်ကြပါသည်။ အမရပူရရှိ ရက်ကန်းလုပ်ငန်းများတွင် မစ္စတာဆောင်းဒါးက လွန်းပျံလက်ခတ်ကို အင်္ဂလန်မှ ရယူအသုံးပြုလာနိုင်သဖြင့် ရက်ကန်းလုပ်ငန်းများ တိုးတက်လာပြီး အခြားရက်ကန်းလုပ်ငန်းများသို့လည်း ပျံ့နှံ့ရောက်ရှိခဲ့သဖြင့် အောင်မြင်မှု များစွာရရှိခဲ့သည်။

ဒိုင်အာခီအုပ်ချုပ်ရေးခေတ်တွင် မြန်မာတို့အနေဖြင့် ဘုရင်ခံအုပ်ချုပ်ရေးကောင်စီ၌ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့တွင် ပါဝင်ခွင့် မရခဲ့သော်လည်း (၉၁) ဌာန အုပ်ချုပ်ရေးခေတ်တွင် တိုင်းပြုပြည်ပြုလွှတ်တော်များ ပေါ်ပေါက်လာပြီး အုပ်ချုပ်ရေးတွင် နေရာရယူလာနိုင်ခဲ့ကြောင်း တွေ့ရပါသည်။ ဒေါက်တာဘမော် အစိုးရ( ၁၉၃၇-၁၉၃၉ )၊ ဦးပုအစိုးရ( ၁၉၃၇-၁၉၄၁ )၊ ဦးစောခေါင်းဆောင်သည့် ညွှန့်ပေါင်းအစိုးရ ( ၁၉၄၁-၁၉၄၃ )တို့လက်ထက်တွင် အခွန်တော်ဌာန၊ ပြည်ထဲရေးဌာနနှင့် ပညာရေး၊ စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေး၊ သစ်တော စသည့် ဌာနများသည် ဝန်ကြီးဌာနများအနေဖြင့် ပေါ်ပေါက်လာပြီဖြစ်သော်လည်း စက်မှုလက်မှုနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနအနေဖြင့် ဖွဲ့စည်းမှုကို မတွေ့ရှိရဘဲ ဂျပန်ခေတ် ဒေါက်တာဘမော်အစိုးရ(၁၉၄၃-၁၉၄၅) ကာလ ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ရက်နေ့တွင် ဖက်ဆစ်ဂျပန်က မြန်မာပြည်ကို အတုအယောင် လွတ်လပ်ရေးပေးစဉ် အစိုးရအဖွဲ့ကိုဖွဲ့စည်းပေးရာ၌ ဝန်ကြီးဌာန ၁၄ ခုတွင် ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှု ဝန်ကြီးဌာနဟူ၍ စတင်တွေ့ရှိရပြီး ဟသ်ာတဦးမြ (၁-၈-၁၉၄၃ - ၂၇-၉- ၁၉၄၆) မှာ ဝန်ကြီးဖြစ်လာပါသည်။

### ဘွိုင်လာ၊ လျှပ်စစ်ဌာန၊ အိမ်တွင်းစက်မှုလက်မှုဌာနများမှ စက်မှုဝန်ကြီးဌာန ဖြစ်ပေါ်လာပုံ

စက်မှုဝန်ကြီးဌာန ဖြစ်ပေါ်လာရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည့် ဘွိုင်လာနှင့် လျှပ်စစ်ဌာနများသည် ကိုလိုနီခေတ်ဦးတွင် သန္ဓေတည်ခဲ့ပါသည်။ ရတနာပုံခေတ်တွင် စက်ရုံ၊ အလုပ်ရုံများ၌ ရေနွေးငွေ့ဘွိုင်လာနှင့် လျှပ်စစ်ကို အသုံးပြုမှုများ ရှိခဲ့ပြီး ကိုလိုနီခေတ်တွင်လည်း ဆန်စက်၊ သစ်စက်၊ သကြားစက်၊ ရေနံချက်စက်ရုံများတွင် ဘွိုင်လာနှင့်လျှပ်စစ်ကို အသုံးပြုမှုများ ရှိခဲ့ပါသည်။

ကိုလိုနီဘဝကျရောက်ချိန်တွင် မြန်မာနိုင်ငံမှာ အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုဖြစ်သည့် အားလျော်စွာ အိန္ဒိယနိုင်ငံ၏ ဥပဒေများအတိုင်း လိုက်နာကျင့်သုံးခဲ့ရပြီး ၁၈၈၁ ခုနှစ် စက်မှုလုပ်ငန်းဥပဒေတွင် အလုပ်သမား ၅၀ ဦးထက်မနည်း ပါဝင်လုပ်ကိုင်၍

*စာမျက်နှာ ၁၇ သို့*





ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ ဒလသင်္ဘောကျင်း၌ သင်္ဘောတစ်စင်း ပြုပြင်နေစဉ်။ (အပေါ်ပုံ) သန်လျင်မြို့နယ်ရှိ သန်လျင်ရေနံချက်စက်ရုံ။(ဝဲပုံ)

❖ မြန်မာနိုင်ငံ လွတ်လပ်ရေးရချိန်၌ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများသာမက ကျယ်ပြန့်သော စက်မှုလက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ပေါ်လာစေရန် ရည်သန်၍ စက်မှုလက်မှုဌာနကို ၁၉၄၇ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး အိမ်တွင်းစက်မှုလက်မှုဌာန နှင့် စက်မှုလက်မှုဌာနခွဲဟူ၍ ဌာနခွဲနှစ်ခုဖွဲ့စည်းထားရှိပါသည်။

❖ အိမ်တွင်းစက်မှုလက်မှုဌာနခွဲသည် မူလအတိုင်း အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ကိုင်တွယ်ခဲ့ပြီး စက်မှုလက်မှုဌာနခွဲသည် အလတ်စား၊ အကြီးစား စက်မှုလက်မှုလုပ်ငန်းများနှင့် သက်ဆိုင်သောကိစ္စရပ်များကို ကိုင်တွယ်ပါသည်

*စာမျက်နှာ ၁၆ မှ*

စက်အသုံးပြုရသောလုပ်ငန်းများကို စက်ရုံဟု သတ်မှတ်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။ ဗြိတိသျှ မြန်မာပြည်တွင် ၁၈၈၁ ခုနှစ် စက်ရုံများဥပဒေအရ ဆန်စက် ၄၉ လုံး၊ သစ်စက် ၁၉ လုံး ရှိခဲ့ပါသည်။ စက်မှုလုပ်ငန်းများ၌ လျှပ်စစ်နှင့် ဘွိုင်လာ အသုံးပြုမှုများအရ ၁၉၃၇- ၁၉၃၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဘွိုင်လာအလုံးပေါင်း ၂၅၀၀ ရှိခဲ့ပြီး ဘွိုင်လာစစ်ဆေးရေးမှူးများသည် နိုင်ငံခြားသားများပင် ဖြစ်ကြပါသည်။

စက်မှုလုပ်ငန်း ဥပဒေအရ စက်မှုလုပ်ငန်းများအား ဥပဒေ၊ နည်းဥပဒေများ သတ်မှတ်ပြဋ္ဌာန်း၍ ကြီးကြပ်ကွပ်ကဲခဲ့ပြီး ခေတ်ကာလနှင့်အညီ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်ခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့အစည်းများကိုလည်း ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်ခဲ့ကြောင်း တွေ့ရပါသည်။ စက်မှုဝန်ကြီးဌာနအဖြစ် သန္ဓေတည်လာမည့် ဘွိုင်လာစစ်ဆေးရေးဌာနနှင့် လျှပ်စစ်စစ်ဆေးရေးဌာနများအနေဖြင့် ဘွိုင်လာစစ်ဆေးရေးဌာနသည် ၁၉၃၇ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ စက်မှုလက်မှုနှင့် အလုပ်သမားဝန်ကြီးဌာနအောက်တွင် ဌာနခွဲကြီးတစ်ခုအနေဖြင့်ရှိခဲ့ပြီး လွတ်လပ်ရေးရရှိချိန် ၁၉၄၈ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ စက်မှုလက်မှုနှင့် သတ္တုတွင်း ဝန်ကြီးဌာနအောက်သို့ ရောက်ရှိကာ သီးခြားဌာနတစ်ခု ဖြစ်လာပါသည်။

မြန်မာနိုင်ငံ၌ ၁၈၇၀ ပြည့်ကျော်ကာလကပင် ရန်ကုန်မြို့ရှိ ဥရောပသားပိုင် ဆန်စက်ကြီး အချို့တွင် မီးထွန်းရန် လျှပ်စစ်ဓာတ်အားကိုအသုံးပြုနေပြီ ဖြစ်ပါသည်။ ၁၉၀၅ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားကို အိမ်သုံးအနေဖြင့်လည်းကောင်း၊ ဓာတ်ရထားများ သွားလာရေးအတွက်လည်းကောင်း အသုံးပြုလာကြောင်းတွေ့ရပါသည်။ ၁၉၁၀ ပြည့်နှစ်တွင် အိန္ဒိယ လျှပ်စစ်ဥပဒေနှင့် ၁၉၁၁ ခုနှစ်တွင် ဓာတ်ရထား အက်ဥပဒေတို့ကိုပြဋ္ဌာန်း၍ ၁၉၂၂ ခုနှစ်တွင် လျှပ်စစ်နည်းဥပဒေကို ထုတ်ပြန်ပြီး လျှပ်စစ်နည်းဥပဒေများ (၁၉၃၇) ကို ပြဋ္ဌာန်းခဲ့ပါသည်။

လျှပ်စစ်စစ်ဆေးရေးဌာနသည် ဥပဒေအရ ဆောင်ရွက်ရသည့် ဌာနတစ်ခုဖြစ်သည့် အားလျော်စွာ အစောပိုင်းကာလတွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်တွင်လည်းကောင်း၊ ဒိုင်အာခီအုပ်ချုပ်ရေးကာလတွင် လယ်ယာနှင့် သစ်တောဝန်ကြီးဌာနအောက်သို့လည်းကောင်း၊ (၉၁)ဌာန အုပ်ချုပ်ရေးကာလ မြန်မာပြည်အစိုးရဖြစ်လာချိန်တွင် စက်မှုလုပ်ငန်းနှင့် ပတ်သက်သဖြင့် ပြည်သူ့လမ်းပန်းနှင့် အဆောက်အအုံဝန်ကြီးဌာနအောက်တွင်လည်းကောင်း၊ ၁၉၃၇ ခုနှစ်မှ ဒုတိယကမ္ဘာစစ်ဖြစ်ချိန်အထိ ထားရှိခဲ့ပါသည်။ ၁၉၄၁ ခုနှစ်တွင် ကျန်းမာရေးနှင့် ပြည်သူ့လုပ်ငန်းဌာန၊ ၁၉၄၈ ခုနှစ်တွင် စက်မှုလက်မှုနှင့် သတ္တုတွင်းဝန်ကြီးဌာန၊ ၁၉၅၃ ခုနှစ်တွင် စက်မှုလက်မှုဝန်ကြီးဌာနအောက်သို့ ရောက်ရှိလာကြောင်း တွေ့ရပါသည်။

အဆိုပါ ဌာန/လုပ်ငန်းများသည် ကနဦးကာလတွင် စက်မှုကဏ္ဍကို ဦးစီးပေးဖွဲ့စည်းသည့် ဝန်ကြီးဌာနတစ်ခုအနေဖြင့် မဖွဲ့စည်းသေးမီ ကာလအတွင်း အခြားဝန်ကြီးဌာနတစ်ခုခုနှင့်ပူးတွဲ၍ ဖွဲ့စည်းခဲ့ရသော အခြေအနေမျိုးသာ ရှိခဲ့ပါသည်။

**စက်မှုဝန်ကြီးဌာနပေါ်ပေါက်လာခြင်း**

၁၉၄၈ ခုနှစ်အထိ စက်မှုလက်မှုဝန်ကြီးဌာနသည် သီးသန့်ရပ်တည်နိုင်သည့် ဝန်ကြီးဌာနတစ်ခုအနေဖြင့် မပေါ်ပေါက်သေးဘဲ အခြားဝန်ကြီးဌာနများနှင့် ပူးတွဲကာ စက်မှုလက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုလက်မှုနှင့် အလုပ်သမားဝန်ကြီးဌာန၊ စက်မှုလက်မှုနှင့် သတ္တုတွင်းဝန်ကြီးဌာန အစရှိသဖြင့် တွေ့ရှိရပြီး ဝန်ကြီးတစ်ဦးတည်းက ပူးတွဲကိုင်တွယ်ရသည့် သဘော ဖြစ်ပါသည်။

နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးတွင် အခြေခံအကျဆုံးဖြစ်သည့် အိမ်တွင်းစက်မှုလုပ်ငန်းများသည် အသေးစား၊ အလတ်စား၊ အကြီးစား စက်မှုလုပ်ငန်းများအနေဖြင့် သီးခြားအဓိပ္ပာယ်ဖွင့်ဆိုမှု မရှိသေးဘဲ အိမ်တွင်းစက်မှုလက်မှုဌာနအနေဖြင့် ရှိနေခဲ့ပါသည်။ ၁၉၃၉ ခုနှစ်တွင် ပြဋ္ဌာန်းပြီး ၁၉၄၀ ပြည့်နှစ်တွင် အသက်ဝင်လာသည့် The State Aid to industries Act( Burma Act xx 111 1939 ) အရ အိမ်တွင်းစက်မှုလက်မှုဌာန (Collage industries Department)ကို အိမ်တွင်းစက်မှုလက်မှုကြီးကြပ်ရေးဝန်က ဌာနအကြီးအကဲအဖြစ် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရချိန်၌ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများသာမက ကျယ်ပြန့်သော စက်မှုလက်မှု လုပ်ငန်းများ တိုးတက်ဖြစ်ပေါ်လာစေရန် ရည်သန်၍ စက်မှုလက်မှုဌာနကို ၁၉၄၇ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး အိမ်တွင်းစက်မှုလက်မှုဌာနနှင့် စက်မှုလက်မှုဌာနခွဲဟူ၍ ဌာနခွဲနှစ်ခုဖွဲ့စည်းထားရှိပါသည်။

အိမ်တွင်းစက်မှုလက်မှုဌာနခွဲသည် မူလအတိုင်း အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ကိုင်တွယ်ခဲ့ပြီး စက်မှုလက်မှုဌာနခွဲသည် အလတ်စား၊ အကြီးစားစက်မှုလက်မှုလုပ်ငန်းများနှင့် သက်ဆိုင်သောကိစ္စရပ်များကို ကိုင်တွယ်ပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ၁၉၄၅ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဆင်းမလားမြို့၌ စက္ကူဖြူစီမံကိန်း ရေးဆွဲခဲ့ပြီး ၁၉၄၇ ခုနှစ်တွင် မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲခဲ့ပါသည်။

၁၇-၅-၁၉၄၇ ရက်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အုပ်ချုပ်ရေးမူဝါဒကို ဗြိတိသျှအစိုးရက ထုတ်ပြန်ကြေညာ၍ လွတ်လပ်ပြီး မြန်မာနိုင်ငံတွင် ကျင့်သုံးမည့် စီးပွားရေးမူဝါဒအတွက် ဆိုရန်တိုဗီလာ ညီလာခံကျင်းပလျက် မြန်မာ့စီးပွားရေး ပြန်လည်ထူထောင်ရေးနှင့် တိုးတက်ရေးစီမံကိန်းများကို ရေးဆွဲခဲ့ပါသည်။ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ပြီး ပါလီမန်ဒီမိုကရေစီအစိုးရကာလ ၁၉၄၈ - ၁၉၅၀ အတွင်း ၁၉၄၈ ခုနှစ် မေလတွင် အမျိုးသားစီမံကိန်းဘုတ်အဖွဲ့ ဖွဲ့စည်းခြင်း၊ ၁၉၄၉ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် စက်မှုလုပ်ငန်းမူဝါဒ တင်သွင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရပါသည်။

လွတ်လပ်ရေးရပြီးနောက် စက်မှုလက်မှု လုပ်ငန်းများ တည်ထောင်ရေးကိစ္စရပ်များကို ထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန် ၁၉၄၉ ခုနှစ်တွင် စက်မှုလက်မှုဌာနမှ စက်မှုလက်မှု ညွှန်ကြားရေးဌာန (Directorate of industries) သို့ အဆင့်မြှင့်တင်ပြောင်းလဲဖွဲ့စည်းခဲ့ရာ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဌာနသည် စက်မှုလက်မှု ညွှန်ကြားရေးဌာနတွင် ဌာနခွဲတစ်ခုအနေဖြင့် ရပ်တည်ခဲ့ပါသည်။

၁၉၅၂ ခုနှစ်တွင် စက်မှုလက်မှုလုပ်ငန်းများကို အလေးပေး တိုးချဲ့လုပ်ကိုင်ရန် စက်မှုလက်မှုနှင့် သတ္တုတွင်းဝန်ကြီးဌာနကို စက်မှုလက်မှုဝန်ကြီးဌာန နှင့် သတ္တုတွင်းဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းရာမှ **စက်မှုလက်မှုဝန်ကြီးဌာန**သည် သီးခြားဝန်ကြီးဌာနတစ်ခုအနေဖြင့် ရပ်တည်လာနိုင်ခဲ့ပါသည်။ ၁၉၅၂ ခုနှစ်တွင် စက်မှုလက်မှုညွှန်ကြားရေးဌာနသည် ပုဂ္ဂလိက စက်မှုလုပ်ငန်းတိုးတက်ဖွံ့ဖြိုးရေးအတွက် လွှဲပြောင်းတာဝန်ယူခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် အဆိုပါဌာနကို ပြန်လည်ဖွဲ့စည်းသည့်အခါ အိမ်တွင်းစက်မှုလက်မှုဌာနခွဲကို ဖျက်သိမ်းပြီး ဝန်ထမ်းများအား စက်မှုလက်မှုဌာနအနေဖြင့် သွတ်သွင်း ဖွဲ့စည်းခဲ့ပါသည်။

၁၉၇၂ ခုနှစ် အုပ်ချုပ်ရေးစနစ်သစ်အရ ဗျူရိုကရေစီယန္တရား ဖျက်သိမ်းပြီး ဝန်ကြီးဌာနများ ပြန်လည်ဖွဲ့စည်းရာ စက်မှုလက်မှုဝန်ကြီးဌာနသည် ၁၅-၃-၁၉၇၂ မှစ၍ **စက်မှုဝန်ကြီးဌာန**ဟုအမည်ပြောင်းလဲ၍ ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ စက်မှုလက်မှု ဝန်ကြီးဌာနအောက်တွင် ဦးစီးဌာန၊ လုပ်ငန်းအဖွဲ့နှင့် ကော်ပိုရေးရှင်းရှစ်ခုကို ဖွဲ့စည်းခဲ့ပါသည်။ အကြီးစားစက်မှုလုပ်ငန်းကော်ပိုရေးရှင်းရှိ အိမ်တွင်းစက်မှုလက်မှုဌာနသည် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းကော်ပိုရေးရှင်း အမည်သစ်ဖြင့် သီးခြားဌာနတစ်ခုဖြစ်လာပြီး ၂၁-၂-၁၉၇၄ ရက်တွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ကော်ပိုရေးရှင်းကို **သမဝါယမဝန်ကြီးဌာန**သို့ လွှဲပြောင်းပေးခဲ့ပါသည်။

၁၉၇၅ ခုနှစ်မှစ၍ **အမှတ်(၁)စက်မှုဝန်ကြီးဌာန**နှင့် **အမှတ်(၂)စက်မှုဝန်ကြီးဌာန**ဟူ၍ ဝန်ကြီးဌာနနှစ်ခု ဖြစ်လာပါသည်။ အမှတ်(၁)စက်မှုဝန်ကြီးဌာနကို ဘုတ်ကော်ပိုရေးရှင်း ၁၄ ခုဖြင့် ဖွဲ့စည်းပြီး ဒေသန္တရ စက်မှုလက်မှုကြီးကြပ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေးဦးစီးဌာန၊ စက်မှုစီမံကိန်းဦးစီးဌာနတို့သာ ကျန်ခဲ့ပြီး အမှတ်(၂)စက်မှုဝန်ကြီးဌာနတွင် ဗဟို သုတေသနလုပ်ငန်းအဖွဲ့၊ အကြီးစားစက်မှုလုပ်ငန်း ကော်ပိုရေးရှင်း၊ လျှပ်စစ်ဓာတ်အားပေး ကော်ပိုရေးရှင်းတို့ ပါဝင်ပါသည်။

မြန်မာ့ရေနံကော်ပိုရေးရှင်း၊ ရေနံဓာတုဗေဒနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကော်ပိုရေးရှင်း၊ ရေနံထွက်ပစ္စည်း ဖြန့်ဖြူးရောင်းချရေးကော်ပိုရေးရှင်းတို့ ပါဝင်ပါသည်။ ၁၉၈၅ ခုနှစ်တွင် မြန်မာဖရစ်ဝါနာစက်မှုလုပ်ငန်းလီမီတက် ဖွဲ့စည်းခဲ့ပြီး ၎င်းနှစ်တွင်ပင် အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ **စွမ်းအင်ဝန်ကြီးဌာန**ကို ပြင်ဆင်ဖွဲ့စည်းရာ မြန်မာ့ရေနံကော်ပိုရေးရှင်း၊ ရေနံဓာတုဗေဒနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကော်ပိုရေးရှင်း၊ ရေနံထွက်ပစ္စည်း ဖြန့်ဖြူးရောင်းချရေးကော်ပိုရေးရှင်းတို့မှာ စွမ်းအင်ဝန်ကြီးဌာနသို့ ရောက်ရှိသွားပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မော်တောင်ကုန်သွယ်ရေးစခန်းမှ ငါးမျိုးစုံ၊ ရေထွက်ကုန်နှင့် ကြက်သွန်နီအဓိကတင်ပို့

မော်တောင်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃ ရက်မှ ၇ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၄၀၇၅ သန်း၊ သွင်းကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၂၆၃ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၀ ဒသမ ၄၃၃၈ သန်း ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့သည်။

မော်တောင်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီလ ၃ ရက်မှ ၇ ရက်အထိ အဓိကတင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၁၃၁ တန်၊ ချင်းခရု (အရှင်) ၈ ဒသမ ၄ တန်၊ ရွှံ့ကဏန်း (အရှင်) ၅ ဒသမ ၄ တန်၊ ကဏန်း(အသေ) ၀ ဒသမ ၅ တန်၊ ရေခူဆားနယ် ၁ တန်၊ ရေချိုပုစွန် ၀ ဒသမ ၁ တန်၊ ကျောက်ပုဇွန် (အရှင်) ၁ ဒသမ ၀၄ တန်၊ ပုစွန်ငါးပိ ၅ ဒသမ ၂ တန်၊ ငှက်ပျော သီး ၁၀၀ တန်၊ ငရုတ်သီးစိမ်း ၁၂၉ ဒသမ ၀၇၇ တန်၊ ကြက်သွန်နီ ၆၈ တန်၊ ခနိဖက် ၁၂ တန် တင်ပို့နိုင်ခဲ့ပြီး အဓိကတင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ သစ်သီး ၈၉ ဒသမ ၅ တန်၊ ငါးသေတ္တာဘူးခွံ ၅ တန်နှင့် ကြွေပြား ၈၀၀ စတုရန်းမီတာ၊ တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၀၂ သန်းဖြစ်သည်။

၇-၁-၂၀၂၄ ရက်နေ့ ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၀၁၅ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၉၈ ဒသမ ၅၂ ကျပ်ခန့်ရှိကြောင်း သိရသည်။



## ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုကန်ဒေါ်လာ ငါးသန်းကျော် ဆောင်ရွက်

ကော့သောင်း ကုန်သွယ်ရေးစခန်း အနေဖြင့် ဇန်နဝါရီ ၃ ရက်မှ ၇ ရက် အတွင်း ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၄ ဒသမ ၄၅၂ သန်းနှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၂၇ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုပမာဏ ၅ ဒသမ ၉၇၉ ဒေါ်လာသန်းဖြစ်သည်။

အများဆုံး တင်ပို့သည့် ပို့ကုန် ပစ္စည်း ၁၀ မျိုးမှာ ဆီအုန်း ၂၁၈ တန်၊ တန်ဖိုးအမေရိကန် ဒေါ်လာ ၂၀၀၀၀၀၊ ဆီအုန်းစွန့်ပစ်ရည် ၂၉ တန် ၊တန်ဖိုး အမေရိကန်ဒေါ်လာ ၃၀၀၀၀ ဒသမ ၀၀၊ ငါးခွေးလျှာ ၁၆ ဒသမ ၉၄၀ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၈၉၇၂ ဒသမ ၈၀၊ ပလာလန်းငါး ၁၁၈ ဒသမ ၄၈၀ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၅၄၀၂၄ ဒသမ ၀၀၊ ငါးဝိုင်း ၂၅ ဒသမ ၆၀၀ တန်၊ တန်ဖိုးအမေရိကန် ဒေါ်လာ ၂၂၅၂၈ ဒသမ ၀၀ ၊ စက်ကလပ်ငါး ၁၀ ဒသမ ၅၂၀ တန်၊ တန်ဖိုးအမေရိကန် ဒေါ်လာ ၁၃၀၄၄ ဒသမ ၈၀၊ ပလာတူး ငါး ၂၆ ဒသမ ၄၀၀ တန်၊ တန်ဖိုး အမေ ရိကန်ဒေါ်လာ ၂၅၈၇၂ ဒသမ ၀၀၊ ဘေးဝါငါး ၅၃ ဒသမ ၂၁၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၂၀၃၅ ဒသမ ၉၀၊ ငါးပါကင် ၁၆၇ ဒသမ ၇၄၈ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၀၅၆၈၁ ဒသမ ၂၄ နှင့် ကင်းမွန် ၃၄ ဒသမ ၄၉၅ တန်၊ တန်ဖိုးအမေ ရိကန်ဒေါ်လာ ၈၄၈၅၇ ဒသမ ၇၀ တို့ဖြစ်သည်။

အများဆုံး တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဒီဇယ်ဆီ တန် ၁၂၀၀၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၉၉၇၀၀၀ ဒသမ ၀၀၊ ဓာတ်ဆီ တန် ၁၅၀၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၃၂၀၀၀ ဒသမ ၀၀၊ ကြွေပြားအရေ အတွက် ၁၈၀၆၇ စတုရန်းမီတာ၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၄၄၀၀၀ ဒသမ ၀၀၊ ဓာတုဗေဒပစ္စည်းများ ၁၂၇ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၅၀၀၀ ဒသမ ၀၀၊ ဖိနပ်အရေအတွက် ၁၈၀၀၀၀ ရန်၊ တန်ဖိုးအမေရိကန် ဒေါ်လာ ၂၂၀၀၀ ဒသမ ၀၀၊ ကား တာယာ အရေအတွက် ၁၉၅၅ လုံး၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၇၀၀၀၀ ဒသမ ၀၀၊ စက်နှင့် စက်ပစ္စည်းအရေ အတွက် ၁၀၄ ခု၊ တန်ဖိုးအမေရိကန် ဒေါ်လာ ၂၅၀၀၀ ဒသမ ၀၀ နှင့် ပလတ် စတစ်ရေခဲပုံး ၁၄ တန်၊ တန်ဖိုး အမေ ရိကန်ဒေါ်လာ ၂၉၀၀၀ ဒသမ ၀၀ တို့ဖြစ်သည်။

၈-၁-၂၀၂၄ ရက်နေ့ ပြင်ပငွေလဲ နှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၀၂၀ ဒသမ ၄၁ ဘတ်ဖြစ်ကြောင်း သိရသည်။ **DOT (ကော့သောင်း)**

## ကျောက်ဆည်ခရိုင်အတွင်း ပဲကြီးသီးနှံများ စိုက်ပျိုးလျက်ရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိသည့်အနက် ပဲကြီးသီးနှံကိုလည်း ယာမြေများတွင် အများဆုံးစိုက်ပျိုးလျက်ရှိရာ ခရိုင်အတွင်း ယခုအချိန်အထိ ပဲကြီး စိုက်ဧက ၃၇၉ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ မြို့နယ်အလိုက် ပဲကြီးသီနှံ စိုက်ဧကများအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၁၃၉ ဧကနှင့် မြစ်သားမြို့နယ်တွင် ၂၄၀ ဧက စိုက်ပျိုးထားရှိကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ကျောက်ဆည်မြို့နယ်အတွင်း ပဲကြီးသီးနှံ အများဆုံးစိုက်ပျိုးသော ကျေးရွာများမှာ ရဲကြီးကျေးရွာ၊ အရှေ့သပြေသာရွာ၊ ဆင်ဖြူကျေးရွာနှင့် မြစ်သားမြို့နယ်တွင် ရိုးကန်ရွာ၊ ရစ်ကန်ရွာနှင့် ညောင်ဝန်းကျေးရွာများတွင် အများဆုံး စိုက်ပျိုးကြပြီး အချို့ဒေသများတွင် ပဲကြီးသီးနှံကို ဆောင်းနှမ်းဖြင့်ရော၍ သီးထပ်သီးညှပ်အဖြစ် စိုက်ပျိုးကြကြောင်း၊ ပဲကြီးစိုက်ပျိုးရာတွင် တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ကုန်ကျစရိတ် ကျပ် ၅ သိန်းခန့် ကုန်ကျကြောင်း၊ ပဲကြီးအစိုသီးနှံကို ဖေဖော်ဝါရီလနှင့် မတ်လများတွင် ရိတ်သိမ်းနိုင်မည်ဖြစ်ပြီး ပဲကြီးအခြောက်သီးနှံကို ဧပြီလတွင် ရိတ်သိမ်းနိုင်မည်ဖြစ်ကြောင်း၊ ပဲကြီးသီးနှံ ထွက်ပေါ်ချိန်တွင် ဈေးနှုန်းများကောင်းမွန်ပါက တောင်သူများအကျိုးအမြတ်ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ပဲကြီးစိုက်တောင်သူ တစ်ဦးထံမှ သိရသည်။ **DOCA (မန္တလေး)**

## ပခုက္ကူကုန်စည်ဒိုင်သို့ နှမ်းသီးနှံများဝင်ရောက်၍ ဈေးကောင်းရ

မကွေးတိုင်းဒေသကြီး ပခုက္ကူကုန်စည်ဒိုင်သည် စီးပွားရေးအချက်အချာကျပြီး နယ်ပေါင်းစုံမှ လယ်ယာထွက်ကုန်သီးနှံများ ဝင်ရောက်၍အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်အတွင်းရှိ ကံတော်၊ ကံလှ၊ တွင်းမ၊ ဒဟက်ခြောက်၊ အိုးရင့်ခြောက်တောင်း၊ ကျွဲတဲ၊ ပန်းတိုင်းခြံ



ရွာများနှင့် ဂန့်ဂေါခရိုင်များတွင် နှမ်းသီးနှံများကို သီးထပ်အဖြစ် အဓိက စိုက်ပျိုးကြပြီး စိုက်ပျိုးထွက်ရှိသော နှမ်းအမျိုးအစားများဖြစ်သည့် နှမ်းဝါ၊ နှမ်းနီ၊ နှမ်းနက်၊ နှမ်းညို၊ နှမ်းဖြူနှင့် နှမ်းနက် (စမုံ)များ ပခုက္ကူကုန်စည်ဒိုင်သို့ ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ပထမပတ်တွင် ပခုက္ကူကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော နှမ်းအမျိုးအစားများမှာ နှမ်းနက်စမုံ(ရှယ်)၊ နှမ်းစမုံ (ရိုးရိုး)၊ နှမ်းနက်(ဌ)၊ နှမ်းဝါ၊ နှမ်းညိုများဖြစ်ပြီး ဈေးနှုန်းများအနေဖြင့် နှမ်းနက်စမုံ (ရှယ်) တစ်တင်းလျှင် ငွေကျပ် ၁၂၀၀၀၀၊ နှမ်းနက်စမုံ(ရိုးရိုး) တစ်တင်းလျှင် ငွေကျပ် ၉၀၀၀၀ မှ ၁၁၇၀၀၀၊ နှမ်းနက် (ဌ) တစ်တင်းလျှင် ငွေကျပ် ၁၀၂၀၀၀၊ နှမ်းဖြူတစ်တင်းလျှင် ငွေကျပ် ၁၀၈၀၀၀ နှင့် နှမ်းဝါ(ပြင်) တစ်တင်းလျှင် ငွေကျပ် ၉၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဇန်နဝါရီလ ပထမပတ်အတွင်း နှမ်းအနေဖြင့် အိတ်ရေ ၄၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ပခုက္ကူကုန်စည်ဒိုင်မှ သိရသည်။ **DOCA (မကွေး)**

## လွယ်ဂျယ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

လွယ်ဂျယ်ကုန်သွယ်ရေးစခန်း အနေဖြင့် ဇန်နဝါရီ ၃ ရက်မှ ၇ ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ဆန်ကွဲ ၁၆၂ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၇၁ ဒေါ်လာသန်း၊ တစ်သျှူးငှက်ပျော ၂၉၁၂ ဒသမ ၀၀ တန်၊ တန်ဖိုး ၁ ဒသမ ၀၆၁ ဒေါ်လာသန်း၊ ဖရဲသီး ၂၀၇၉ ဒသမ ၅၀ တန်၊ တန်ဖိုး ၀ ဒသမ ၃၀၀ ဒေါ်လာသန်း၊ သခွားမွှေး ၅၇၆ ဒသမ ၁၄၄ တန်၊ တန်ဖိုး ၀ ဒသမ ၁၂၁ ဒေါ်လာ သန်း၊ ကြံ ၇၃၅ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၂၉ ဒေါ်လာသန်း၊ ရှောက်ကောသီး ၁၂ ဒသမ ၉၅၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၁၁ ဒေါ်လာသန်း၊ ပဲယဉ်း ၁၃၅ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၉၇ ဒေါ်လာသန်း၊ ပဲတီစိမ်း ၁၂၆ ဒသမ ၁၅၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၇၇ ဒေါ်လာသန်း၊ စွန်တာနီ ၂၅ ဒသမ ၀၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၁၅ ဒေါ်လာသန်း၊ သီဟိုဠ်စေ့ ၄၇ ဒသမ ၂၀ တန်၊ တန်ဖိုး ၀ ဒသမ ၂၃၆ ဒေါ်လာသန်း၊ မြေပဲဆန် ၆၆ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၇၃ ဒေါ်လာသန်း၊ နှမ်း ၆၄ ဒသမ ၄၉၉ တန်၊ တန်ဖိုး ၀ ဒသမ ၀၈၉ ဒေါ်လာသန်း၊ ကြက်သွန်နီ ၈၄ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၃၉ ဒေါ်လာသန်း၊ ငရုတ်ဆော့ ၈ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၁၀ ဒေါ်လာသန်း၊ စက္ကူကြမ်း ၁၄ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၀၄ ဒေါ်လာ သန်းနှင့် ကော်ဖီမစ် ၁၇ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၁၇ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်ပိုင်းတွင် ဆေးဝါးပစ္စည်း ၃၃၇၈၁၀ ခု၊ တန်ဖိုး ၀ ဒသမ ၀၄၈ ဒေါ်လာ သန်း၊ စက္ကူလိပ် ၁၉ ဒသမ ၅၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၀၇ ဒေါ်လာသန်း၊ ကော်စေ့ ၃၃ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၃၆ ဒေါ်လာ သန်း၊ ဂျပ်ဖာ ၁၂၈ ဒသမ ၈ တန်၊ တန်ဖိုး ၀ ဒသမ ၀၄၉ ဒေါ်လာသန်း၊ ထွန်စက် ၅ စီး၊ တန်ဖိုး ၀ ဒသမ ၀၄၅ ဒေါ်လာသန်း၊ ပီနံအိတ် ၅၂ ဒသမ ၅၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၄၂ ဒေါ်လာသန်း၊ ဓာတ်ဘူး ၁၄၃၀၀၊ တန်ဖိုး ၀ ဒသမ ၀၁၀ ဒေါ်လာသန်း၊ စောင် ၉၆ ဒသမ ၅၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၅၃ ဒေါ်လာသန်း၊ ပန်ကာ/ Air Con ၇၃၂ ခု၊ တန်ဖိုး ၀ ဒသမ ၀၀၉ ဒေါ်လာသန်း၊ မင်ရည် ၃၃ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၃၃ ဒေါ်လာသန်း၊ သံပိုက်/သံချောင်း ၈၇ ဒသမ ၀၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၆၀ ဒေါ်လာသန်း၊ ပလတ်စတစ်လိပ် ၁၇ ဒသမ ၅၀ တန်၊ တန်ဖိုး ၀ ဒသမ ၀၁၆ ဒေါ်လာသန်း၊ ကုန်စုံ ၄၉၇ ဒသမ ၇၀ တန်၊ ၇၁၃၉၃ ခု၊ ၈၀၃၂ ရုံ၊ တန်ဖိုး ၀ ဒသမ ၅၈၂ ဒေါ်လာသန်း တင်သွင်းနိုင်ခဲ့သည်။

လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် ၇-၁-၂၀၂၄ ရက်နေ့တွင် တစ်ယွမ်လျှင် ၄၆၅ ကျပ်ဖြစ်ကြောင်း သိရသည်။ **DOT (လွယ်ဂျယ်)**

## ပခုက္ကူကြက်သွန်နီကုန်စည်ဒိုင်တွင် မိုးစိုက်(ဥစိုက်) ကြက်သွန်နီများ အများအပြား ဝင်ရောက်

မကွေးတိုင်းဒေသကြီး ပခုက္ကူကုန်စည်ဒိုင်သည် စီးပွားရေးအချက်အချာကျပြီး နယ်ပေါင်းစုံမှ လယ်ယာထွက်ကုန်သီးနှံများ ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ပခုက္ကူခရိုင်အတွင်းရှိ ကြက်သွန်နီ စိုက်ပျိုးရာဒေသများဖြစ်ကြသော ပေါက်၊ ဆိပ်ဖြူ၊ ရေပြာ၊ ကမ္မ၊ ရေစကြို နှင့် ပခုက္ကူကျွန်းများအပြင် အခြားဒေသများဖြစ်သော ပုလဲ၊ တောင်သာ၊ ညောင်ဦးနှင့် မြင်းခြံနယ်များနှင့် ယောနယ်ဒေသများမှလည်း မိုးစိုက် (ဥစိုက်) ကြက်သွန်နီများ ပခုက္ကူကြက်သွန်နီ ကုန်စည်ဒိုင်သို့ ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ပထမပတ်တွင် ပခုက္ကူ ကြက်သွန်နီ ကုန်စည်ဒိုင်၌ ကြက်သွန်နီ ဒိုင်ပြတ်ဈေးနှုန်းများအနေဖြင့် ကြက်သွန်နီ ထိပ်စ တစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀၊ အလတ်စ တစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀၊ အနိမ့်စတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဖြင့် ကုန်ချိန် ၁၅၀၀၀၀ မှ ၂၀၀၀၀၀ အထိ နေ့စဉ်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ရန်ကုန်ရှိ ဘုရင့်နောင်ကုန်စည်ဒိုင်၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံများသို့လည်းတင်ပို့နေကြောင်း ကုန်သည်များထံမှ သိရသည်။ **DOCA (မကွေး)**

## ပတ်စ်ပို့ပျောက်

ကျွန်မ မခင်နှင်းဝေ ၇/သနပ(နိုင်) ၁၀၃၇၁၅၏ပတ်စ်ပို့ နံပါတ်(မ မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၈၂၀၀၆၈၃**

## ပျောက်ဆုံးကြောင်း

ကျွန်မ မနီလာအောင် ၇/ဝမန(နိုင်)၁၅၆၅၆၂၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၁၇၆၀၆၆**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အမှတ်(၈)၊ အထက Grade-3မှ မသန္တာ၏ ဖခင်အမည်မှန်မှာ ဦးဂျူဒိုဆာမိ ၁၀/ မလမ(နိုင်) ၂၉၉၀၉၀ ဖြစ်ပါကြောင်း။

**ဦးဂျူဒိုဆာမိ**

## မိဘအမည်မှန်

ဝိုင်းမော်မြို့၊ အထက(၂)၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် နဝမတန်းကို ခုံအမှတ် (နဘ-၃၀၇)ဖြင့် ဖြေဆိုအောင်မြင်ခဲ့သော မလုပန်၏ မိဘအမည်မှန်မှာ ဦးဒွမ်ဖျာနော်မိုင် ၁/ ဝမန(နိုင်)၀၆၀၅၇၁ နှင့် ဒေါ်ကောင်ဒူဂျာအောင် ၁/ဝမန(နိုင်) ၀၆၆၅၂၈ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

**(EDU နိုင်ငံတကာအဆင့်မီကိုယ်ပိုင်ကျောင်း)**

အထက်ပါ EDU International School( EDU နိုင်ငံတကာအဆင့်မီကိုယ်ပိုင်ကျောင်း) အမည်နှင့် အမှတ်တံဆိပ်အား မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွက်ပြင်(၃)၊ ချယ်ရီလမ်းဟောင်းနေ ဒေါ်ကျန်ဒီ ၁/မကန(ဧည့်) ၀၀၁၁၁၉ မှ ပြင်ဦးလွင်မြို့နယ် မှတ်ပုံတင်စာချုပ်စာတမ်းရုံးတွင် ကိုယ်ပိုင်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်ပြုလုပ်ချုပ်ဆိုမည်ဖြစ်ပါ၍ အထက်ပါ Logo ဒီဇိုင်း၊ အမည်နှင့်ပတ်သက်၍ကန့်ကွက်လိုပါက ကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားမူရင်းများပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာ အပ်ပါသည်။

**ဒေါ်ကျန်ဒီ**
**၁/မကန(ဧည့်)၀၀၁၁၁၉**
**ကွက်ပြင်(၃)၊ ချယ်ရီလမ်းဟောင်း၊ ရပ်ကွက်ကြီး(၆)**
**ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉- ၄၀၈၃၈၈၃၈၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5N/2879, Toyota Townace KM 70, Pick Up ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဆွေ ၆/မအရ(နိုင်)၀၀၇၅၃၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၉၆၈၅၂, Honda Wave 100 M/Cယာဉ်လက်ဝယ်ရှိသူ ဒေါ်အိသက်ထွေး ၆/ထဝန(နိုင်)၁၃၆၁၂၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး ဦးစီးမှူးရုံး(ထားဝယ်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၃)၊ (၅-လွှာ)(ခြေရင်းခန်း)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်း ကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီတာမြင့်စိုး ၁၀/ပမန(နိုင်) ၁၅၄၁၀၀ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဒေါ်မေသဥ္ဇာဝင်း ၁၂/ဒလန(နိုင်) ၀၈၅၅၈၃၊ ဒေါ်မေဝင်းသူ ၁၂/ဒလန(နိုင်) ၀၈၅၅၈၄တို့က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက် ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့် ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတား မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အနော်မာ အရှေ့ (၂၀)လမ်း၊ အမှတ် ၃၈၊ (၅-လွှာ/A)၊ (ခေါင်းရင်း)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝေဝေအောင် ၁၂/သကတ(နိုင်) ၁၅၂၀၁၉ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဖွေးသဥ္ဇာလင်း ၁၂/ဒဂမ(နိုင်)၀၂၆၄၅၂ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက် မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၃၂၈၆)** |

**တိုက် (၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၇၃၀၂၆၁၉၉၊ ၀၉- ၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ မြေဧရိယာ ၀ ဒသမ ၂၂၉ဧက၊ မြေကွက်အမှတ်(ဥ–၅၅၅၂)ရှိ ဦးဝင်းအောင် (ဘ)ဦးစိုးတင့် ၁၂/ကမရ(နိုင်)၀၀၈၂၂၀ အမည်ပေါက်ပါမစ်မြေကွက်ကို ဦးစိုးတင့် ၁၂/ကမရ(နိုင်)၀၀၈၂၂၀ အမည်ပေါက်ပါမစ်မြေကွက်ကို ဦးဟန်ဝင်းအောင် (ဘ)ဦးဆွေငြိမ်း ၉/မထလ(နိုင်)၁၇၆၇၇၅ မှရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၁၉၆/၂၀၁၉ (၂–၁–၂၀၁၉)တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ အမှတ်(၂၆/အေ)၊ နဝဒေးလမ်းနေ ဦးဇေယျာမိုး၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇေယျာမိုး ၁၂/ဒဂန(နိုင်)၀၃၁၀၁၂နှင့် ဒေါ်ဝတ်ရည်ဦး ၁၂/လမတ(နိုင်) ၀၃၅၁၈၂ တို့သည် လွန်ခဲ့သော ၁၅–၁၂–၂၀၁၅ခုနှစ်မှစ၍ လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြရာ သား(၁)ဦး ထွန်းကားခဲ့ပါသည်။ ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့သည့်အပြင် ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်တော့ပါသဖြင့် ၅–၁–၂၀၂၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တရားရုံးတော်၌ တရားဝင်ကွာရှင်း ပြတ်စဲခဲ့ကြပြီး ဖြစ်ပါသည်။

ထို့ကြောင့် ဦးဇေယျာမိုးနှင့် ဒေါ်ဝတ်ရည်ဦးတို့သည် တစ်ဦးနှင့်တစ်ဦး ဆက်စပ်ပတ်သက်ခြင်း လုံးဝမရှိတော့ပါကြောင်းနှင့် တရားဝင်ကွာရှင်းပြတ်စဲပြီး ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇေယျာမိုး၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇင်မာဝေ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၂၈၁)**
**အမှတ် (၄၉၂)၊ မင်းရဲကျော်စွာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉ ၄၂၀၀၄၂၂၈၃**

## အမည်ပြောင်း

ဦးဇော်မင်းလှိုင် ၁၄/ပသန(နိုင်) ၃၁၀၂၉၁၏သမီး ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ အမှတ်(၁၈)၊ စည်သူလမ်းနှင့် ပုလဲကန်သာလမ်းထောင့်(၆၅)ရပ်ကွက် ရွှေပြည်စိုး ကိုယ်ပိုင်အထက်တန်းကျောင်း G–10 မှ မပေရယ်လှိုင်အား မပေရယ်ကိုကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မပေရယ်ကိုကို**

## ဖခင်အမည်မှန်

ဟသ်ာတမြို့နယ်၊ အမှတ်(၄)၊ အထက Grade–8 မှ ကျောင်းဝင်အမှတ် (၀၅၅)၊ မောင်မင်းခန့်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးဖြိုးကြည်သူ ၁၃/တယန(နိုင်)၀၄၂၁၀၂ ဖြစ်ပါသည်။

**ဦးဖြိုးကြည်သူ**

## အမည်ပြောင်း

ဟသ်ာတမြို့နယ်၊ ဒူးယားအထက Grade–11 မှ ဦးကျော်စိုးလင်း–ဒေါ်ယဉ်ယဉ်အေးတို့၏သမီး မသိမ့်အား မခြူးရတနာအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မခြူးရတနာအောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/7354 Canda 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်မင်း ၉/လဝန(နိုင်)၂၄၈၀၇၈ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ပြင်ဆင်ဖတ်ရှုပါရန်

၁–၁၂–၂၀၂၃ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၆) ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)၏ ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် 3H/9514 အစား ယာဉ်အမှတ် 3H/9541 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဦးဇော်ရဲနိုင် (ခ) Harry (ဘ) ဦးကျော်မြင့် ၁၂/လမတ(နိုင်)၀၃၄၁၀၁နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း၊ Delta Plaza၊ အမှတ် (၆၀၅)တွင် နေထိုင်သူ ဦးဘုန်းမြင့်ဇော် ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

၁။ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ခေမာသီရိရပ်ကွက်၊ ခေမာလမ်း၊ အမှတ် (၄၁)တွင် နေထိုင်သူ (ဘ) ဦးကျော်မြင့် ၏သား ဦးဇော်ရဲနိုင်(ခ)Harry နှင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဘုန်းမြင့်ဇော်တို့သည် လွန်ခဲ့သော (၁၀)နှစ်ကတည်းကပင် ခင်မင်ရင်းနှီးကြသည့် မိတ်ဆွေသူငယ်ချင်းများဖြစ်ပါသည်။

၂။ ထိုသို့ရင်းနှီးကြသည့် မိတ်ဆွေသူငယ်ချင်းများဖြစ်ကြသည့်အတွက် ဦးဇော်ရဲနိုင်(ခ)Harry က ၎င်း၏စီးပွားရေးလုပ်ငန်းတွင် ငွေလိုအပ်ကြောင်း၊ (၂)လသာ အသုံးပြုမည်ဖြစ်ကြောင်းဖြင့် ကျွန်ုပ်မိတ်ဆွေထံ အကူအညီတောင်းခံရာ ကျွန်ုပ်မိတ်ဆွေကလည်း ခင်မင်ရင်းနှီးသူ သူငယ်ချင်းများဖြစ်၍ ၈–၁၂–၂၀၂၂ရက်တွင် ဦးဇော်ရဲနိုင်(ခ) Harry အကူအညီတောင်းခံသောငွေကျပ် (၁၆၀၂၆၅၀၀၀၀/)ကို နှစ်ဖက်သူငယ်ချင်းအပေါင်းအသင်းများ ရှေ့မှောက်တွင် ကူညီပေးခဲ့ကြောင်း သိရှိရပါသည်။

၃။ ကျွန်ုပ်၏မိတ်ဆွေက ဦးဇော်ရဲနိုင်(ခ)Harryလိုအပ်သော အထက်ပါ ငွေကိုကူညီပေးခဲ့ရာတွင် ခင်မင်ရင်းနှီးသူများဖြစ်ကြသည့်အတွက် မည်သည့်အကျိုးအမြတ်တစ်စုံတစ်ရာကိုမျှ ရယူခြင်းမရှိဘဲ ကူညီခဲ့ခြင်း ဖြစ်သည့်အပြင် ကျွန်ုပ်၏မိတ်ဆွေက ယုံကြည်သည့်အတွက် ကူညီပေးခဲ့သည့်ငွေအပေါ် စာချုပ်စာတမ်းချုပ်ဆိုခဲ့ခြင်းမပြုဘဲ လူသက်သေများရှေ့တွင် ပေးအပ်ခဲ့သည်ကို ဦးဇော်ရဲနိုင်အနေဖြင့် သိရှိထားပြီးဖြစ်ပါသည်။

၄။ ကျွန်ုပ်မိတ်ဆွေထံမှရယူခဲ့သည့် အထက်ဖော်ပြပါငွေကို ပြန်လည်ပေးအပ်ရန် ဦးဇော်ရဲနိုင်(ခ)Harryကိုယ်တိုင်ကတိပြုထားသည့် (၂)လပြည့်မြောက်သည့်ကာလတွင် ကျွန်ုပ်၏မိတ်ဆွေက ကူညီပေးအပ်ငွေကို ဦးဇော်ရဲနိုင်(ခ) Harry ထံမှ ပြန်လည်တောင်းခံခဲ့ရာ ၎င်းအနေဖြင့် အခက်အခဲများရှိနေ၍ ပြန်လည်မပေးနိုင်သေးကြောင်း၊ ၎င်းရယူထားသည့် ငွေကြေးအပေါ် အထောက်အထားတစ်ရပ် ပြုလုပ်ပေးမည်ဖြစ်ကြောင်း ယုံကြည်အောင်ပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေကလည်းလူမှုရေးအား ငဲ့ညှာသဖြင့် ထပ်မံစောင့်ဆိုင်းပေးခဲ့ပါသည်။ ထို့ကြောင့်ကျွန်ုပ်၏မိတ်ဆွေက ဦးဇော်ရဲနိုင်(ခ)Harry ပြောဆိုခဲ့သည့်အတိုင်း ၎င်းရယူခဲ့သည့်ငွေအပေါ် အထောက်အထားတစ်ရပ် ပြုလုပ်ပေးရန် တောင်းဆိုခဲ့ရာ ဦးဇော်ရဲနိုင်(ခ)Harry က ၎င်းမှာခရီးလွန်နေကြောင်း အကြောင်းပြချက်ဖြင့် ၈–၅–၂၀၂၃ရက်တွင် စာရွက်၌ ၎င်းရယူခဲ့သည့်ငွေကျပ် (၁၆၀၂၆၅၀၀၀၀/–)ကို ၈–၁၂–၂၀၂၃ရက်တွင် ပြန်လည်ပေးအပ်ပါမည်ဟု ဦးဇော်ရဲနိုင်(ခ)Harry ကိုယ်တိုင်ရေးသားလက်မှတ်ထိုးကာ ဝန်ခံကတိပြုကြောင်းစာအား ဦးဇော်ရဲနိုင်(ခ)Harry၏ Viberမှတစ်ဆင့် ကျွန်ုပ်မိတ်ဆွေ၏ Viber ထံသို့ ပေးပို့လာခဲ့ပါသည်။

၅။ ဦးဇော်ရဲနိုင်(ခ)Harry က ၈–၁၂–၂၀၂၃ ရက်တွင် ပြန်လည်ပေးအပ်ပါမည်ဟူသော ဝန်ခံကတိပြုချက်ကို ကျွန်ုပ်မိတ်ဆွေက ယုံကြည်ခဲ့၍စောင့်ဆိုင်းခဲ့သော်လည်း ၈–၁၂–၂၀၂၃ရက်မတိုင်မီကာလမှစ၍ ကျွန်ုပ်၏ မိတ်ဆွေက ဦးဇော်ရဲနိုင် (ခ)Harryထံ အမျိုးမျိုးဆက်သွယ်ခဲ့သော်လည်း ဦးဇော်ရဲနိုင်(ခ)Harryက ထိုအချိန်မှစ၍ တိမ်းရှောင်နေခဲ့ပါသည်။

၆။ သို့ပါ၍ ကျွန်ုပ်မိတ်ဆွေပိုင်ငွေကျပ် ၁၆၀၂၆၅၀၀၀၀/ကို ဦးဇော်ရဲနိုင်(ခ)Harryက ၎င်း၏စီးပွားရေးလုပ်ငန်းတွင် အသုံးပြုရန်နှင့် ယင်းငွေကို ၁၈–၁၂–၂၀၂၃ ရက်တွင် ပြန်လည်ပေးဆပ်မည်ဖြစ်ကြောင်း ယုံကြည်အောင်စည်းရုံးပြောဆို၍ လိမ်လည်ရယူခဲ့ပြီး ၈–၁၂–၂၀၂၃ ရက်တွင် ပြန်လည်ပေးဆပ်ခြင်းမရှိဘဲ တိမ်းရှောင်နေသောကြောင့် ဦးဇော်ရဲနိုင်(ခ)Harryအနေဖြင့် ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဘုန်းမြင့်ဇော် ထံသို့ ယင်းငွေကို ပြန်လည်ပေးဆပ်ပါရန်နှင့် ပျက်ကွက်ပြင်းဆိုပါက တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ အရေးယူဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း ဦးဇော်ရဲနိုင်(ခ)Harry နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမိုးမင်းဆွေ(LL.B, D.B.L) (စဉ်–၁၄၄၀၄)** **ဒေါ်ခင်မာနွယ် (LL.B, D.B.L) (စဉ်–၁၄၂၆၂)** **ဒေါ်နန်းစုမြတ်နိုးထွဋ်(LL.B)(စဉ်–၁၇၅၉၀)**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ချောရှုပါဝင်း (LL.B)(စဉ်–၅၂၅၉၃)** **ဒေါ်အေးမြတ်သွေး(LL.B)(စဉ်–၄၇၉၅၈)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၄၈)၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၄၅၇၇၅၆၈၂၁၊ ၀၉–၄၃၁၆၇၂၉၆၊ ၀၉–၄၂၁၀၂၂၁၁၂**

## IN THE MATTER OF INSOLVENCY LAW
## "PK MATERIALS & SUPPLIES COMPANY LIMITED"
## (In Members' Voluntary Winding Up)

According to the Special Resolution at the General Meeting held on (6–12–2023) and it was resolved that:

(1) **"PK MATERIALS & SUPPLIES COMPANY LIMITED"** be wound up voluntarily by the members with effect from(6–12–2023).

(2) Be appointed U YE NOOS (Supreme Court Advocate) of YE NOOS & ASSOCIATES (Law Firm) at No.176(First Floor), Botahtaung Pagoda Road, Miba Yeik Mon Condo, Pazundaung Township, Yangon Region as liquidator of the Company for the purpose of winding-up.

(3) The creditors of **"PK MATERIALS & SUPPLIES COMPANY LIMITED"** are, therefore, requested to submit their claims together with supporting legal documents to the liquidator at the address given above latest by 5–1–2024.

U TIN AUNG
Director
PK MATERIALS & SUPPLIES COMPANY LIMITED

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9E/9970 Toyota Townace KM75 pickup (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းတင် ၃/ကတရ(နိုင်)၀၁၈၆၅၈ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ ၁ နှင့် ၅ )
## မြစ်ကြီးနားခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၂၀

ဒေါ်ခေါင်ညွယ် **နှင့်** ၁။ ဒေါ်ခေါန်ဂျာ
၂။ ဒေါ်အာရ်ဂျုံးနော
၃။ ဦးတင်ထွေး
**တရားလို** **တရားပြိုင်များ**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ အေးမြသာယာ၊ မြို့သစ်ကြီးရပ်ကွက်၊ (၃)တရားပြိုင် ဦးတင်ထွေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ခေါင်ညွယ်က ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုစုမာ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မြစ်ကြီးနားခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၂၄၂၈)၊ ဧရိယာ၀ ဒသမ ၀၈၂ဧကရှိ ဦးဝိုင်းမောင်အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်နီလာညွန့် (ဘ)ဦးသိန်းညွန့် ၅/ရဘန(နိုင်)၀၁၉၄၁၆ မှ မြေပေးမိန့်၊အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့်သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၂၄၂၆)၊ ဧရိယာ၀ ဒသမ ၀၈၂ဧကရှိ ဦးညွန့်လှိုင်အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်နီလာညွန့် (ဘ)ဦးသိန်းညွန့် ၅/ရဘန(နိုင်)၀၁၉၄၁၆ မှ မြေပေးမိန့်၊အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 73W/73162 New Zhineng–110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်မာဝင်း ၈/မဘန(နိုင်)၀၉၈၅၆၉ က ကမ–၃ ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၁၁၂၈)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧကရှိ ဒေါ်မြသွေး အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်မြမြသော် (ဘ)ဦးတင်မောင်ဦး ၁၂/ဗဟန(နိုင်)၀၀၁၀၀၂ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/ဒက္ခိဏသီရိ အနောက်ရပ်၊ မြေကွက်အမှတ်(ဒ–၃၂၈၂၉)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ ဒေါ်နီလာမွန် (ဘ)ဦးတင်စိန် ၇/ပခန(နိုင်)၀၀၁၂၁၁ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်နီလာမွန် ထံမှ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၃၀၁၇/၂၀၂၃ (၂၅–၈–၂၀၂၃) ရရှိထားသူ ဦးရှင်းသန့်လင်း (ဘ)ဦးကျော်ကျော်လတ် ၉/လဝန(နိုင်)၂၄၉၇၂၅ မှ ဦးအောင်ကိုကိုကျော် (ဘ)ဦးကျော်မြင့်၀ေ၇/ကပက(နိုင်)၀၈၃၉၂၀နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ နွယ်သာကီ (၃)လမ်းနေ ဦးထွန်းအောင်ကျော်၏သား မောင်ထက်အောင်ခန့်၏ မွေးသက္ကရာဇ်အမှန်သည် ၂၅–၅–၂၀၀၇ ခုနှစ် ဖြစ်ပါကြောင်း။

**မောင်ထက်အောင်ခန့်**
**၂၅–၅–၂၀၀၇**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
## မိုးညှင်းခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၀

**ကွယ်လွန်သူ ဒေါ်မနှင်း(ခ)ဒေါ်လင်း၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်း၍ သေတမ်းစာအတည်ပြုလက်မှတ်ရလိုကြောင်း လျှောက်ထားမှု**

ဦးဇော်ရိန် **လျှောက်ထားသူ**

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ယခင် အိမ်အမှတ်–၁၅၈၊ အရှေ့အရပ်၊ နမ္မတီးကျေးရွာ (ယခု ၂/မမ–၂၁၉)မြို့မရပ်ကွက်၊ နမ္မတီးမြို့၊ မိုးကောင်းမြို့နယ်၌ နေထိုင်ခဲ့သော ကွယ်လွန်သူဒေါ်မနှင်း(ခ)ဒေါ်လင်း၏ သေတမ်းစာအတည်ပြုသည့် လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးဇော်ရိန်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ရက်(၁၃၈၅ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်မနှင်း(ခ)ဒေါ်လင်း၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ရက်(၁၃၈၅ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော် လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာ အတည်ပြုချက်လက်မှတ် မထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးဇော်ရိန်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်မင်းဦး)**
**ဒုတိယခရိုင်တရားသူကြီး**
**မိုးညှင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဦးသန်းစိုး ၁၂/လမန(နိုင်) ၁၁၃၃၆၈ (ဘ) ဦးချစ်မောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက် အမှတ် (ပ–၂၁၉၉၂) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၈၅၈/၂၀၂၁ (၈–၆–၂၀၂၁) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးဝင်းမင်းထွန်း ၁၂/ဥကမ(နိုင်) ၁၅၆၅၆၄ (ဘ) ဦးစိန်ထွန်းမှ ဒေါ်ယဉ်ယဉ်အေး ၁/မညန(နိုင်)၁၀၄၉၀၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမွေစားအမွေခံသားအဖြစ်မွေးစားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်နေ ဦးဇော်လင်း ၁၄/မမန(နိုင်)၁၄၈၈၁၆နှင့် ဒေါ်စိန်စိန်ဌေး ၁၂/ကမန(နိုင်)၁၂၅၉၁၅တို့မှ မွေးဖွားသော သားယောကျ်ားလေးအား မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ငွေးပင်ရွာနေ ကျွန်တော် ဦးနိုင်လင်း ၅/တမန(နိုင်)၀၅၉၁၉၉နှင့် ကျွန်မဒေါ်သန္တာလင်း ၈/ခမန(နိုင်)၁၁၅၁၉၆တို့မှ မိဘများ၏ သဘောတူခွင့်ပြုချက်ဖြင့် အဆိုပါ သားယောကျ်ားလေးအား ၁၃–၁၀–၂၀၂၃ရက်တွင် အမွေစားအမွေခံသားအဖြစ် အသိသက်သေများရှေ့မှောက်၌ စာချုပ်ချုပ်ဆို၍ မွေးစားပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးနိုင်လင်း–ဒေါ်သန္တာလင်း**

## အမည်မှန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ နွယ်သာကီ (၁)လမ်းနေ ဦးမြင့်သိန်း၏သမီး ဒေါ်အိအိဝင်း၏ အမည်မှန်မှာ ဒေါ်အေးစန္ဒာ ၁၂/ဥကမ(နိုင်)၁၄၇၆၃၅ ဖြစ်ပါကြောင်း။

**ဒေါ်အေးစန္ဒာ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 55W/79834 TVS Rock 2 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝေဇင် ၁၄/ကကထ(နိုင်)၁၇၇၆၁၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိ မြောက်ရပ်၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧက၊ မြေကွက်အမှတ်(ဥ–၇၃၆၆) ဒေါ်သိင်္ဂီဖြိုး ၁၁/ရသတ(နိုင်)၀၇၇၇၀၃ (ဘ) ဦးထွန်းထွန်းဝင်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးဇော်မြတ်ကို ၅/ရဘန(နိုင်)၀၀၂၄၁၀(ဘ) ဦးတင်ဦးမှ နေပြည်တော်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၄၂၁/၂၀၂၂ (၁၄–၉–၂၀၂၂)တင်ပြ၍ ဒေါ်မေသူမျိုးညွန့် ၈/ပခက(နိုင်)၀၀၉၄၉၅ (ဘ) ဦးအောင်ရွှေအမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ ဆင်ခေါင်းကျေးရွာအုပ်စု၊ တယ်တပ်ကျေးရွာနေ (ဘ)ဦးစိုးမင်းခိုင်၏သား ကျွန်တော်မောင်မျိုးမင်းဦး ၈/မဘန(နိုင်)၁၉၇၉၈၀၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ်(MH–980503)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၉၈၀၂၇၈၂၂၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ မြေဧရိယာ ၀ ဒသမ ၂၂၉ဧကရှိ ပေ(၁၀၀x၁၀၀) မြေကွက်အမှတ်(ဥ–၅၄၁၂–စီ)၏ မြေကွက်နေရာ(ယာယီ) ချထားပေးသည့် လက်မှတ်မူရင်း ပျောက်ဆုံးသွားပါသဖြင့်၊ မြေကွက်အမည်ပေါက် ဒုတိယဗိုလ်မှူးကြီးသက်အောင်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးလှထွန်း (ဘ) ဦးပန်းညို ၁၃/ကမန(နိုင်)၀၂၉၀၆၇မှ မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းအား ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိသဖြင့် မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်မိတ္တူမှန်အား ထုတ်ပေးမည်ဖြစ်၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏ ၁၈–၂–၂၀၁၁ရက်စွဲဖြင့် ထုတ်ပေးခဲ့သည့် ဒုတိယဗိုလ်မှူးကြီးသက်အောင် အမည်ပေါက် မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ်(မူရင်း)ကို ဤဌာနအနေဖြင့် ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အထက (မောင်းဒီး)ကျောင်း၊ Grade–10မှ မသဇင်မိုး၏ ဖခင်အမည်မှန်မှာ စဆန်နီ ၁၄/ဝခမ(နိုင်)၁၂၅၇၂၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အထက (မောင်းဒီး)ကျောင်း၊ Grade–10မှ မအေးနှင်းဖြူ၏ ဖခင်အမည်မှန်မှာ ဦးစိုးမင်းဆွေ ၁၄/ဝခမ(နိုင်)၁၆၄၈၅၃ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(က/၄၂၀)ဟုခေါ်တွင်သော အလျား ၁၀ပေxအနံ ပေ၄၀ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်၊လူနေအိမ်တစ်လုံးနှင့် လျှပ်စစ်မီတာ၊ ရေအပါအဝင်အကျိုးခံစားခွင့်များအရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်မူရင်းများနှင့်တကွ ရောင်းချစီမံပိုင်ခွင့်ရှိသူ ဦးသန်းလှိုင် ၁၂/လမန(နိုင်) ၁၀၈၀၈၇ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသဖြင့် ထိုအိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသည့် အထောက်အထားစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်ဝေဝင်းမောင် ၉/မထလ(နိုင်)၂၃၇၉၃၀၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်သိမ့်သန္တာအောင်** | **ဒေါ်သင်းသင်းဟန်** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ် – ၄၈၂၉/၂၀၁၆)** | **(စဉ် – ၁၁၉၈၆/၂၀၁၇)** |

**စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း–၀၉–၄၂၁၁၀၃၄၅၄**

## (၂၆)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒုတိယဗိုလ်ချုပ်ကြီး စိန်အောင်(ငြိမ်း)

တုနှိုင်းမမှီသော အနန္တကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်ခဲ့တာ ယနေ့ (၉-၁-၂၀၂၄)ရက်မှာ (၂၆)နှစ်တိတိ ပြည့်ခဲ့ပါပြီ။ ကြီးမားလှသော ဖေဖေရဲ့ ကျေးဇူးတရားများကို ယနေ့ထက်တိုင် တစ်နေ့မှမမေ့မရပါ။ ပေးဆပ်၍ မကုန်နိုင်တဲ့ ဖေဖေရဲ့ အေးမြလှသော မေတ္တာတရား ကျေးဇူးများကို ရည်စူးပြီး နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြုလုပ်ခဲ့သည့် အလှူဒါနများ၊ ယနေ့ (၂၆)နှစ်ပြည့်မှာ နှင်းဆီကုန်းဘိုးဘွားရိပ်သာနှင့် သဃ်္ဃန်းကျွန်း ရတနာပုံ ရိပ်ငြိမ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ပြုလုပ်သည့် အလှူဒါန၊ ကောင်းမှုကုသိုလ်အစုစုများကို ဖေဖေ့အား အမျှပေးဝေပါသည်။

မြင့်မြတ်အေးချမ်းလှသော ဘုံဘဝမှာ သာစုခေါ်ပါ ဖေဖေ....

**ချစ်ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်သိန်း နှင့်**
**ချစ်သားသမီး၊ မြေးတစ်စု**

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တသုဇန
### (မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)
### ဦးစီးပဓာန နာယကဆရာတော် သာသနာ့ဇောတိက စာသင်တိုက်
### သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၅၂)ဝါ

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ မြို့တွင်းကြီး ဓမ္မာယာဉ်ရပ်ကွက်၊ သာသနာ့ဇောတိကစာသင်တိုက် ဦးစီးပဓာနာ နာယက ဆရာတော်ဖြစ်တော်မူသော (မဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်) ဘဒ္ဒန္တသုဇန မဟာထေရ်ဆရာတော်ဘုရားကြီးသည်(၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်) ၆-၁-၂၀၂၄ရက် (စနေနေ့) နံနက် ၄:၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်) ၂၁-၁-၂၀၂၄ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ကျောင်းတိုက်မှ ဆင်ဖြူကွင်းသုသာန်သို့ ပင့်ဆောင်၍ သီးခြားလောင်တိုက်တော်ဖြင့် အန္တိမအဂ္ဂိဈာပန သာခုကီဠပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ရဟန်းသံဃာ၊ ဒါယကာ၊ ဒါယိကာမများဆွေတော်မျိုးတော်အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ဈာပနကော်မတီ၊ သာသနာ့ဇောတိကစာသင်တိုက်**
**ပဲခူးမြို့**

---

## ဦးတင့်ဆွေ(ခ)ဦးဘိုးထောင်
## အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ရန်ငြိမ်းလမ်းသွယ်(၂)၊ တိုက်အမှတ်(၂၄၂)၊ အခန်း(၁၆)နေ (ဦးစန်းမောင်-ဒေါ်စောညွန့်)တို့၏ သား၊ (ဦးထွေး-ဒေါ်မေမေလှ)တို့၏ သားသမက်၊ ဒေါ်စန်းစန်းနွယ်၏ခင်ပွန်း၊ ဦးမောင်မောင်တင့်ဆွေ-ဒေါ်ခင်မေထွန်း၊ ဒေါ်မီမီတင့်ဆွေ-(ဦးအောင်ကြည်)၊ ဦးညီညီတင့်ဆွေ-ဒေါ်အေးအေးသန့်၊ (ဦးရာဇာတင့်ဆွေ)-ဒေါ်အိစန္ဒာစိုးတို့၏ ဖခင်၊ မြေးကိုးယောက်တို့၏အဘိုး၊မြစ်တစ်ယောက်၏ဘိုးဘိုးကြီးသည် ၇-၁-၂၀၂၄ရက် (တနင်္ဂနွေနေ့) ည ၁၁:၀၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသောကြောင့် ၉-၁-၂၀၂၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက် ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၁-၂၀၂၄ရက်(စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင် သင်တန်း၊ မြန်မာစာ (အထူးပြု) ၂၀၂၃၊ ၄မ-၁၁(၀၂၃) ဖြင့်ဖြေဆိုအောင်မြင်ထားသော မအောင်စုမေ၏ ဖခင် ဦးဇော်မြင့် (ခ)ဦးဇော်မြင့်နိုင် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

### ပတ်စ်ပို့ပျောက်

မင်းဘူး(စကု)မြို့နယ်၊ ကြီးပင်ကန်(၁) ကျေးရွာနေ(ဘ)ဦးခင်ဇော်၏သား ကျွန်တော်မောင်သက်ပိုင်ဦး ၈/မဘန(နိုင်)၁၂၃၇၃၁ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၄၈၀၀၁၈၂**

---

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ ၂၀)
### တောင်ကြီးမြို့နယ်တရားရုံး
### ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၀

လီဆူနှစ်ခြင်းခရစ်ယာန်အသင်းတော် **နှင့်** ဦးကျော်စိုး(ခ)
(၎င်း၏တာဝန်ပေးအပ်ခြင်းခံရသူ ဒုတိယဗိုလ်မှူးကြီးကျော်စိုး
ဦးဖျာဆီး)
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်(၁၆/၁၇၇)နေ တရားပြိုင် ဦးကျော်စိုး(ခ) ဒုတိယဗိုလ်မှူးကြီးကျော်စိုး(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော လီဆူနှစ်ခြင်းခရစ်ယာန်အသင်းတော် (၎င်း၏ တာဝန်ပေးအပ်ခြင်းခံရသူ ဦးဖျာဆီး)က ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတည်းတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ရက် (၁၃၈၅ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်၌ သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(စိုင်းခမ်းလိတ်)**

**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ်၊၁/ ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ(၀.၂၂၉)ဧက၊ မြေကွက်အမှတ် (ဥ-၅၁၇၁)၊ ဒေါ်ခိုင်သက်မွန် (ဘ)ဦးစိန်မောင် ၁/မညန(နိုင်)၁၁၁၇၅၅ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးရဲပိုင်အောင် (ဘ)ဦးထွန်းအောင်ကြည် ၇/ ပခန(နိုင်)၂၅၀၇၇၈မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မှုရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဟံသာဝတီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၂၂၈)၊ ဧရိယာ(၂၄၀၀)စ/ပေ၊ အကျယ်ပေ(၄၀x၆၀)ရှိ မြေကွက်ပေါ်တွင်တည်ဆောက်ထားသော (၆)ထပ်ခွဲတိုက်၏ အပေါ်ဆုံး Penth House (အကျယ် ၂၉ပေ x အရှည် ၃၂ပေ x အမြင့် ၉ပေ) တိုက်ခန်းနှင့်ပတ်သက်၍ အရပ်ရပ်ကိစ္စအကျိုးခံစားခွင့်အားလုံးကို ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဦးဟန်လှိုင်ဦး ၁၂/ဥကတ(နိုင်) ၀၀၀၁၁၀မှ အရှုပ်အရှင်း မရှိဟုဝန်ခံသဖြင့် ၎င်းထံမှကျွန်ုပ် မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး ပိုင်ရေး/ပိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်ကိုအောင်(LL.B,LL.M)၊ အထက်တန်းရှေ့နေ(စဉ်-၄၄၄၁၆/၂၀၁၄)**
**အမှတ်(၃၂၆)၊ အောင်မေတ္တာလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၆၄၅၅၅၁၁၊ ၀၉-၉၅၈၃၇၁၈၉၇**

---

## ဖခင်အမည်မှန်

ပန်းတောင်းမြို့နယ်၊ အထက(ခွဲ)ကပစ-၃၊ Grade-5 မှ မဆုမြတ်သဒ္ဒါ၏ ဖခင်အမည်မှန်မှာ ဦးဝေမင်းထွန်း ၇/ ကပက(နိုင်) ၀၉၁၅၁၂ ဖြစ်ပါကြောင်း။

**ဦးဝေမင်းထွန်း**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ ကြာနီကန်ကျေးရွာအုပ်စု၊ ပျဉ်ကြီးကျေးရွာနေ မောင်ကောင်းထက်ကျော် ၇/ပတတ(နိုင်) ၁၄၀၄၃၇၏ဖခင်မှာ ဦးဟံရှိန်(ခ) ဦးဟန်ရှိန် ၇/ ပတတ(နိုင်)၀၆၉၀၅၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဟံရှိန်(ခ)ဦးဟန်ရှိန်**

---

## ပတ်စ်ပို့ပျောက်

လဲချားမြို့၊ ရပ်ကွက်(၃)နေ ဦးစိုင်းလူ၏သား စိုင်းဆိုင်ဟတ်စက်(မွေးစာရင်း)၏ နိုင်ငံကူးလက်မှတ် အမှတ်(MD -551906) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၄၈၄၅၃၉၁**

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ ရာဇသူရလမ်း၊ မြေကွက်အမှတ်(၁၁၀၇) မြေပေအကျယ်(၄၀x၆၀) ပေရှိမြေပေါ်တွင်ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၈)ထပ်(Lift ၁ စီးပါ) RC အဆောက်အအုံမှ ကန်ထရိုက်တာအကျိုးခံစားခွင့်ရှိသည့် ခြေရင်းခြမ်းရှိ စတုတ္ထထပ်(၅-လွှာ)၊ အခန်းအကျယ်အဝန်း(၁၇x၅၄)ပေ၊ အမြင့်(၁၀)ပေရှိ တိုက်ခန်းတစ်ခန်းကို ကန်ထရိုက်တာထံမှ ဦးဇော်သက်လွင် (၁၂/ပဘတ(နိုင်)၀၂၅၇၀၄) က ဝယ်ယူထားပြီးနောက် မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိမှ ပြန်လည်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက်ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ထူးထူးလှိုင် ၁၂/မဂတ(နိုင်)၀၆၉၈၆၈ကေ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၇၈၆/က၊ မြေကွက်တည်နေရာအမှတ်(၇၈၆/က)၊ ရာဇာဓိရာဇ်(၂၂)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးသန်းညွန့် (S/OKA-000287)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပါက် ဦးသန့်ညွှန့်(ဖခင်)နှင့်ဒေါ်စောတင်(မိခင်) တို့ကွယ်လွန်သဖြင့် ဒေါ်ဆွေဆွေဦး ၉/မရမ(နိုင်) ၀၃၀၆၉၅၊ ဒေါ်မြသန်းနွယ် ၁၂/ဥကတ(နိုင်) ၀၁၈၄၄၁၊ ဒေါ်ခင်ဆွေဝင်း ၁၂/ဥကတ(နိုင်) ၀၈၈၉၁၀တို့မှ သား/သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်/ဂရန်/နိုင်ကတ်များ/သေစာရင်းများ/အိမ်ထောင်စုစာရင်းများ/GPစာချုပ်/ပါဝါကျမ်းကျိန်/ဝန်ဆောင်ခတို့တင်ပြ၍ ၎င်းတို့ထံမှ GPရရှိသူ ဦးဘိုဘိုသန်းထွန်း ၁၂/မဂဒ(နိုင်) ၁၀၉၅၃၆မှ(ပိုင်ဆိုင်+အရောင်း)မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာ အပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရွှေတောင်မြို့နယ်၊ ဝါးတောအုပ်စု၊ ကွမ်းရုံကျေးရွာနေ ဦးအောင်မောင်း-ဒေါ်ခင်ရီတို့၏သား မောင်ပြည့်ဖြိုးအောင် ၇/ရတန(နိုင်)၁၂၂၁၈၂ သည်မိဘတို့၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသောကြောင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော စီးပွားရေး၊ လူမှုရေး၊ ငွေကြေး အရှုပ်အရှင်းများကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မောင်း-ဒေါ်ခင်ရီ**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃၊ (ကမာရွတ်)၊ ၂၆၊ ၂၈(သမိုင်း)၊ မြေကွက်အမှတ် ၁၀၃၊ ပါရမီလမ်းပေါ်တွင် တည်ရှိသည့် Parami Valley Residenceစီမံကိန်း၏C1 & C2အခန်း(၈)ခန်းတွဲ (၁၁)ထပ်အဆောက်အအုံ ၏(၁၀)ထပ်တွင်တည်ရှိသည့် အခန်းအမှတ်(C2-1002)တိုက်ခန်းအကျယ်အဝန်းမှာ ၁၂၅၉ စတုရန်းပေ အကျယ်ရှိသော ကွန်ဒိုတိုက်ခန်းအား ယခုရောင်းချသူဖြစ်သည့် ဒေါ်ဖွေးဖွေး ၁၃/တကန(နိုင်)၂၃၈၆၈၃ သည် အဆိုပါ ကွန်ဒိုတိုက်ခန်းအား မိမိမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ အခြားသူများသို့ ထပ်ဆင့်ရောင်းချခြင်း၊ လွှဲပြောင်းထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ အာမခံထားခြင်းစသည့် မည်သည့်အရှုပ်အထွေးများမရှိကြောင်း ဝန်ခံပြောဆိုပြီး ကာလတန်ဖိုးဖြင့် ယခုရောင်းချရန် ကမ်းလှမ်းပြောဆိုလာရာ ဝယ်ယူသူများဖြစ်ကြသည့် ဦးခင် မောင်ဝါ ၁၃/ တခလ(နိုင်) ၀၀၂၃၀၄ နှင့် ဒေါ်နန်းအောင် ၁၃/ တခလ(နိုင်) ၀၀၂၅၄၀ က ကျေနပ်လက်ခံသဘောတူသဖြင့် ရောင်းဖိုးငွေအနက်တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါရောင်းချသည့် ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်သည့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက ယခုအရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှန်းလဲ့ဇော်(LL.B,D.B.L,D.I.L)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၈၄)**
**တိုက် (၃၇၉)၊ ဓမ္မာရုံလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉- ၄၄၉၄၆၄၅၉၂၊ ၀၉- ၉၅၅၆၄၁၄၄၉**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၃၃၄(က)၊ ကွေ့ကြီးအရှေ့(မြောက်)၊ ဦးပိုင်အမှတ်(၉ လမ်း-၁၈(က))၊ ဧရိယာ(၀ဒသမ ၀၇၄) ဧကရှိမြေအား ဒေါ်ခင်စန်းဝင်းမှ မြေငှားစာချုပ်(အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မုံရွာခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၇၃၊ ထန်းတော)၊ ဦးပိုင်အမှတ်(ယခင် F-51/187၊ ယခု ၃၃၈)၊ ဧရိယာ(၀ဒသမ၀၆၄)ဧက ရှိမြေအား အမှုတွဲအမှတ် ၁၃V၂၀၁၂ အရ(၅-၁-၁၉၉၄) မှ (၄-၁-၂၀၂၄)ထိ ဒေါ်မို့မို့ကျော် အမည်ဖြင့် နှစ်(၃၀)မြေငှားစာချုပ် ရရှိထားသောဝင်းမြေအား ဒေါ်မို့မို့ကျော် အမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြ ချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီမြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ၊ မုံရွာခရိုင်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/4334, Nissan AD VY12,Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည် ၃/လဘန(နိုင်) ၀၀၄၉၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/31395, Honda Dream-125 , M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောကျော်ခင်ဝင်း ၃/ဘအန(နိုင်)၂၂၂၅၁၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံမြို့)**

❖ **စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲလျက်ရှိခြင်းကြောင့် နိုင်ငံ၏စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိကြောင်း...**

❖ **မြေအသုံးချမှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားမှု ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ငွေကြေးအရင်းအနှီး လိုအပ်နေသော ဆီစက်ပိုင်ရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုအဖွဲ့သည် ပြည်တွင်းရှိ ဆီစက်များသို့ အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လုပ်ငန်းသုံး ရင်းနှီးလည်ပတ်ငွေလိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထူထောင်ထားသည့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေရန်ပုံငွေမှ အတိုးနှုန်းသက်သာမှုရှိသော ချေးငွေများကို ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေကို အောက်ပါအချက်များနှင့် ညီညွတ်ပါက လျှောက်ထားနိုင်ပါသည် –

(က) လက်ရှိလုပ်ငန်းလည်ပတ်လုပ်ကိုင်နေသော ဆီစက်ဖြစ်ရမည်၊

(ခ) လုပ်ငန်းအမည်ပေါက် လိုင်စင် (သက်တမ်းရှိ) ရရှိရမည်၊

(ဂ) ချေးငွေအတွက် အာမခံအဖြစ် အမည်ပေါက်ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇) ပေးအပ်နိုင်ရမည်၊

(ဃ) နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များတွင် လက်ရှိချေးငွေရယူထားသူများအနေဖြင့် ဆီစက်ဖွံ့ဖြိုးရေးချေးငွေရယူလိုပါက **သီးခြားအာမခံ** တင်သွင်းနိုင်မှသာ လျှောက်ထားနိုင်ပါသည်၊

(င) FDA လက်မှတ်ရရှိပြီးသူ၊ အသေးစားစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်ရရှိပြီးသူ၊ သက်ဆိုင်ရာဒေသရှိ ဆီစက်ပိုင်ရှင်များအသင်း၊ ဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်းဝင် ဆီစက်လုပ်ငန်းရှင်များအား ဦးစားပေးစဉ်းစားမည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❖

## မြန်မာ MMA ဖိုက်တာ ဂျိုရှုအာဗန်နှင့် ဘရာဇီးဖိုက်တာ ထိုးသတ်မည်



**ရန်ကုန် ဇန်နဝါရီ ၈**

နာမည်ကြီးတိုက်ခိုက်ရေး အဖွဲ့အစည်းဖြစ်သော UFC နှင့်လက်တွဲထားသည့် မြန်မာ MMA ဖိုက်တာ ဂျိုရှုအာဗန်သည် ဘရာဇီးနိုင်ငံသား ဖိလစ်ပီဘူနက်စ်နှင့် ထိုးသတ်မည်ဖြစ်သည်။

ဇန်နဝါရီ ၁၃ ရက် (မြန်မာစံတော်ချိန် ဇန်နဝါရီ ၁၄ ရက် နံနက်အစောပိုင်း)တွင် ကျင်းပမည့် UFC Fight Night ပြိုင်ပွဲတွင် ဂျိုရှုအာဗန်၏ ပွဲစဉ်ပါဝင်လာမည်ဖြစ်သည်။ ဖိလစ်ပီဘူနက်စ်သည်

*စာမျက်နှာ ၁၂ ကော်လံ ၁* ❂



## အခွင့်အရေးအသုံးမချနိုင်မှုကြောင့် လီဗာပူးကို ဂိုးပြတ်ရှုံးပြီး အက်ဖ်အေဖလားပြိုင်ပွဲမှ အာဆင်နယ် ထွက်ခဲ့ရ

အက်ဖ်အေဖလား တတိယအဆင့်မှ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် အာဆင်နယ်နှင့် လီဗာပူးအသင်း ပွဲစဉ်တွင် လီဗာပူးအသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုးပြတ် အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ အဆိုပါပွဲစဉ်ကို ဇန်နဝါရီ ၇ ရက် ည ၁၁ နာရီက အမ်းမရိတ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၅၈၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။

နောက်တစ်ဆင့် တက်လှမ်းနိုင်ရေးအတွက် အိမ်ရှင် အာဆင်နယ်အသင်းရော ဧည့်သည် လီဗာပူးအသင်းပါ အဓိက ကစားသမားအများစုဖြင့် ပွဲထွက်လာသည့်အတွက် ပွဲမှာ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။ ပွဲချိန်အများစုကို အာဆင်နယ်အသင်းက ထိန်းချုပ်ကစားနိုင်ခဲ့ပြီး လီဗာပူးအသင်းက နောက်ပိုင်းပွဲချိန်များမှသာ

*စာမျက်နှာ ၁၂ ကော်လံ ၃* ❍

**ယနေ့ သတင်းအညွှန်း**

**ဇမ်ဘီယာနိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားမှု သေဆုံးသူ ၂၂၂ ဦးအထိ တိုးလာ**

နိုင်ငံတကာသတင်း စာ ၁၃

.....................................

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ**

ပြည်တွင်းသတင်း စာ ၁၅